MYANMAR
# ICT JOURNAL
WEEKLY JOURNAL OF INFORMATION AND COMMUNICATIONS TECHNOLOGY.
အိုင်စီတီ ဂျာနယ် | VOLUME 2, ISSUE 16 THE WEEK OF MAY 6 - 12, 2013
WWW.ICT.COM.MM



## Adobe ANZ ၏ Creative Cover ဆုအား မြန်မာလူမျိုး ငြိမ်းအောင် ရရှိ

## Facebook Account လုံခြုံမှု ရှိစေရန် အသုံးပြုသူများ မှတ်သားဖွယ်

## ဆက်သွယ်ရေး ဒုတိယဝန်ကြီးနှင့် USAID ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံခြင်း

## 2013 ခုနှစ်ရဲ့ အသက်အငယ်ဆုံး ဘီလီယံနာများ

## IIHSမှ ချီးမြှင့်သော အသက်ကာယ်စနစ်ဆိုင်ရာဆုအား TOYOTA RIV4 ရရှိ

## Mobile Phone တို့ရဲ့ဖခင်ကြီး Martin Cooper



**Volkswagen**
Jetta 2012



**Olympus**
Evolt E-3 Digital SLR Camera



**Samsung**
Galaxy S4



**ASUS** Taichi 31

IMPROVED **SHOP** WEEKLY INCLUDED

Official Technology Partner of 27th SEA GAMES MYANMAR 2013
www.mmseagames2013.com

REDLINK COMMUNICATIONS

Certificate No. TH 10/5319

Sales Office & Service Center
* Pearl Condo : (+95 9) 73031684 ~ 85
* BAK (IT Mall) : (+95 9) 43170015
* Junction Square : (+95 9) 43170016
* Chaw Twin Gone : (+95 1) 660304, 664282
* Junction Maw Tin: (+95 9) 431 38326

ဖုန်းလိုင်းရှိရန်မလို
ချက်ချင်းဝယ် ချက်ချင်းသုံး

Broadband WiMAX Service



Model: Pinky ko, Makeup: ဩလေး, Photography: သိန်းဇော်ဝင်း (Photo Magic)

အိုင်စီတီ ဂျာနယ်
Volume 2, Issue 16
MYANMAR ICT JOURNAL


# EAST® UPS

Uninterruptible Power Supplies

**အထူး သတိပြုရန်**

Star Universe Co., Ltd. မှ 1 year sticker ပါမှသာ company ပစ္စည်း အစစ်အမှန်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ဒီဇိုင်းဆန်းလို့ ဒီလိုမထင်လိုက်နဲ့နော်

ပုံစံဆန်းဆန်းလေးနဲ့ သင့်ကိုစိတ်ကျေနပ်မှုပေးမဲ့ EAST UPS လေးပါ




ဝယ်ယူရရှိနိုင်သောဆိုင်များ

| | | | | |
|---|---|---|---|---|
| SMART (Seikkanthar) Contact Phone: 01 253 105 | Marvel Tech Contact Phone: 01 245 896 | ICE Contact Phone: 01 215 353 | Net Com Contact Phone: 01 381 513 | ITS Contact Phone: 01 371 336 |
| Chan Mon Contact Phone: 01 243 133 | Citicom (Bar Street) Contact Phone: 01 376 564 | Citicom (Seikkanthar) Contact Phone: 01 382 977 | EASTERN Contact Phone: 01 398 224 | Chan Myae Contact Phone: 01 382 277 |
| Classic Contact Phone: 01 249 042 | Lin Thu Zar Contact Phone: 01 377 373 | Centrino Contact Phone: 09 7321 4087 | KING EMPIRE COMPUTER SALES & SERVICES CENTRE Contact Phone: 01 386 925 | technoland Contact Phone: 09 4200 38410 |

# I.C.E

## Special Promotion



~~1,13,000K~~

1,04,000K

Epson L110 Printer — Limited Stock



~~1,74000K~~

1,67,000K

Epson L350 Printer (Multi function) — Limited Stock



~~2,67,000K~~

2,57,000K

Epson L800 Printer (Photo) — Limited Stock

အမှတ် (၄၁၊ ၄၃၊ ၄၄၊ ၄၅)၊ လမ်းမတော် လှည်းတန်းလမ်း ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
(၁၀လမ်းနှင့်၁၁လမ်းကြား၊ အလယ်ဘလောက်)

218202, 216484, 214808

# လာမည့် ၂၀၁၅ ခုနှစ်တွင် နိုင်ငံခြား ခရီးသည် ၃ သန်းလာရောက်ရန် မျှော်မှန်း

မင်းခန့်

မြန်မာနိုင်ငံအနေဖြင့် ယခုအခါ နိုင်ငံခြား ခရီးသွား လာရောက် လည်ပတ်သည့်နှုန်း တစ်စထက် တစ်စ တိုးတက်လာသည့် အတွက်ကြောင့် အစိုးရအနေဖြင့် လာမည့် ၂၀၁၅ ခုနှစ်အတွင်း ကမ္ဘာလှည့် ခရီးသည် ဝင်ရောက်မှု အရေအတွက်အား ၃ သန်းကျော်အထိ ဝင်ရောက်လိမ့်မည်ဟု မျှော်မှန်းထားကြောင်း သိရပါတယ်။ အဆိုပါ ပြောကြားချက်မှာ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဌေးအောင် နှင့် နော်ဝေနိုင်ငံ သံအမတ် ဖြစ်သူ Mr.Katja Nordgaardတို့ နေပြည်တော်တွင် ပြီးခဲ့တဲ့ အင်္ဂါနေ့ တွေ့ဆုံပွဲအပြီး ပြောကြားချက် ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ခရီးသွားလာ လည်ပတ်ရေးဆိုင်ရာ အစီအစဉ်များအား Asia Development Bankနှင့် နော်ဝေ အစိုးရတို့ ပူးပေါင်း ဆောင်ရွက်လျက်ရှိနေပြီး အသေးစိတ် အချက်အလက်များအား လာမည့် ဇွန်လ အစောပိုင်း နေပြည်တော်တွင် ပြုလုပ်မည့် World Economic Forumတွင် တင်ပြသွားမည် ဖြစ်ကြောင်း သိရပါတယ်။

ဖေဖော်ဝါရီလအတွင်း ရန်ကုန်တွင် ပြုလုပ်ခဲ့သည့် ခရီးသွားလာရေး ဆိုင်ရာ အစည်းအဝေးတွင် "ခရီးသွားလာရေးလုပ်ငန်း အောင်မြင် တိုးတက်ရေးအတွက် အခက်အခဲတွေ အများကြီး ရှိနေပါတယ်၊ ပို့ဆောင်ရေး အပိုင်း၊ လူ့စွမ်းအား အရင်းအမြစ်၊ ခေတ်မီ အဆောက်အဦး တည်ဆောက်ထားရှိနိုင်မှု၊ လေ့လာ လည်ပတ်စရာ နေရာများအား ဖော်ထုတ်ထားရှိနိုင်မှုတွေ လိုအပ် နေပါသေးတယ် "ဟု ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီး ဦးဌေးအောင်မှ ပြောပါသည်။ နောက် ဆုံး သတင်းများအရ အစိုးရဟာ ခရီးသွားလာရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူပေါင်းဆောင်ရွက်မှုများ ပြုလုပ်နေပြီး ရန်ကုန် အခြေစိုက် Journey Nature and Culture Exploration နှင့် PEAK International Travel၊ TUI AGတို့နှင့် ယခုသီတင်းပတ် အစောပိုင်းက ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရပါတယ်။



Image Credit: www.grasser-photography.com

# New York Timesမှ Google Glass Applicationအား ထုတ်လုပ်

ဒေဝီ

New York Times မှ နေ၍ Google Glass application ထုတ်လုပ်မှုအား လွန်ခဲ့သည့် တစ်ပတ်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။ သတင်းများအရ အဆိုပါ Google Glass applicationမှာ Google Glass ပိုင်ဆိုင်သူများအတွက် ရည်ရွယ် ထုတ်လုပ်ထားခြင်းဖြစ်ပြီး ၎င်းမှာ Glass ပိုင်ဆိုင်သူများအတွက် ပြင်ပကုမ္ပဏီမှ ပထမဆုံးထုတ်လုပ်သော Application တစ်ခုလည်း ဖြစ်သည်။ အဆိုပါ Applicationတွင် အသစ်ထွက်ရှိသော နိုင်ငံတကာ သတင်းများ၊ အချိန်နှင့် တပြေးညီ ပြောင်းလဲနေသော သတင်းများကို ဖတ်ရှုသွားနိုင် မည်ဖြစ်ပြီး ဖတ်ရှုလိုသော စာများကိုလည်း ရှာဖွေ ဖတ်ရှုသွားနိုင်ကြောင်း သိရသည်။ Googleနှင့် New York Times တို့မှာ ယခု application ထုတ်လုပ်မှုနှင့် ပတ်သက်၍ သုံးသပ်မှုများ မရှိသေးကြောင်း CNET သတင်း ဌာနနှင့် ဖော်ပြထားသော်လည်း Google Glass application အား Google Playတွင် download ပြုလုပ်နိုင်ပြီ ဖြစ်ကြောင်း သိရသည်။ အဆိုပါ application မှာ အခမဲ့ဖြစ်ပြီး နိုင်ငံတကာမှ သတင်းများအပြင် New York Timesမှ သတင်းများကိုလည်း ဖတ်ရှုနိုင်ပြီး အဆင့်မြင့် စမတ်ဖုန်းများ အားလုံးတွင် အသုံးပြုနိုင်ပြီ ဖြစ်သည်။

GSMနှင့် CDMA 800 အသုံးပြုနိုင်သည့် AOTO တံဆိပ် ဖုန်းတစ်မျိုး ဝင်ရောက် ယခုလက်ရှိ အသစ်ထွက်ပေါ်လာသော ၁၅ဝဝ တန်ဖုန်း လိုင်းကဒ်များနှင့် သင့်တော်သည့် AOTO အမှတ်တံဆိပ်ပါ ဖုန်းဟန်းဆက်တစ်မျိုး ပြည်တွင်းဈေးကွက် အတွင်းသို့ ဝင်ရောက်လာကြောင်း သိရှိရသည်။ အဆိုပါ စမတ်ဖုန်းသည် GSM SIM Card နှင့် CDMA 800 SIM Card နှစ်ခုလုံး ထည့်သွင်း အသုံးပြုနိုင်ကြောင်း သိရှိရသည်။ ထိုဖုန်း၏ မော်ဒယ်နံပါတ်မှာ C-125 ဖြစ်ပြီး Android ဖုန်း အမျိုးအစားဖြစ်ကြောင်း သိရှိရသည်။ အဆိုပါ Android အမျိုးအစားမှာ 2.3.6 အသုံးပြုထားပြီး လေးလက်မရှိတဲ့ Display လည်း ပါဝင်ကြောင်း သိရှိရသည်။ အဆိုပါဖုန်းကို အဖြူရောင်၊ အနက်ရောင်များအဖြစ် ရရှိနိုင်ပြီး၊ ဈေးနှုန်းကတော့ တစ်သိန်းကျပ်ဝန်းကျင် ဝယ်ယူရရှိနိုင်ပါတယ်။ ခုထွက်ရှိလာသော ၁၅ဝဝ တန် ဖုန်းများအတွက် အထူးသင့်လျော်သည့် ဖုန်းတစ်လုံးဖြစ်ပြီး ထိုင်ဝမ်နိုင်ငံထုတ် ဖုန်းတစ်လုံးဖြစ်ပါသည်။ ဝယ်ယူလိုပါက AOTO ဖုန်း အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိပါသည်။


Image Credit: www.haverzine.com

# Apple Storeမှ Downloadပေါင်း သန်းထောင်ပေါင်း ၅ဝဝဝကျော်တော့မည်

မင်းခန့်

Appleမှ လွှင့်တင်ထားသော Application ဆိုင်ရာ Website ဖြစ်သော Apple Store မှ Application များအား User များမှ Download လုပ်ယူသည့် အကြိမ်ရေပေါင်း သန်း ၅ဝဝဝ အထိရှိလာရန် မျှော်မှန်းထားကြောင်း Apple မှ ထုတ်ပြန်ခဲ့ပါတယ်။ အဆိုပါ Websiteအား Apple မှ ၂ဝဝ၈ ခုနှစ်အတွင်း စတင်လွှင့်တင်ခဲ့ခြင်း ဖြစ်ပြီး၊ ယခင်နှစ်များက Download လုပ်ယူသူ နည်းပါးပြီး၊ ယခုနှစ်အတွင်းမှသာ Download လုပ်သူ အများအပြား တိုးတက်လာခြင်းဖြစ်ပြီး၊ အကြိမ်အရေအတွက်ပေါင်း ၇၉၃ သန်းခန့် ရှိခဲ့ကြောင့်လည်း သိရပါတယ်။

ကုမ္ပဏီ အနေဖြင့် သန်း ၅ဝဝဝ မြောက် Download လုပ်သူအား ဒေါ်လာ ၁ဝဝဝဝတန်ကြေးရှိ App Store Gift Card ကို လက်ဆောင်ပေးသွားရန် စီစဉ်ထားကြောင်းနှင့် အခြားသော သုံးစွဲသူ အယောက် ၅ဝ အားလည်း ဒေါ်လာ ၅ဝဝ တန်ကြေးရှိ Gift Cardများ ပေးအပ်သွားမှာဖြစ်ကြောင်း သိရပါတယ်။ လွန်ခဲ့သော မတ်လအတွင်း နောက်ဆုံး အကြိမ်အဖြစ် မှတ်တမ်းစစ်ဆေးမှုများအရ Download အကြိမ်ရေ သန်းထောင်ပေါင်း ၂၅ ကျော်သွားပြီးလို့ ဆိုပါတယ်။ အဲဒီ အချိန်ကလည်း Apple မှ အထက်ပါနည်းတူ လက်ဆောင်ကဒ်များ ပေးအပ်ခဲ့ဖူးပြီး တရုတ်နိုင်ငံမှ Chunli Fuဆိုသူက ဒေါ်လာ ၁ဝဝဝဝ တန် လက်ဆောင်ကဒ်ကို ရရှိခဲ့ပါတယ်။ Website လွှင့်တင် ပြီး၊ (၅)နှစ်ကာလအတွင်း ရောက်ရှိပြီးမှသာ Apple Application Store ရဲ့ အမြင့်ဆုံးအောင်မြင်မှုကို ရရှိခဲ့ခြင်းဖြစ်ပါတယ်။

လွန်ခဲ့သော နှစ်များနှင့် နှိုင်းယှဉ်ချက်များအရ သုံးစွဲသူများဟာ ၁၅ ရက်အတွင်း သန်း ၇ဝဝ ခန့်သော Appများအား Downloadလုပ်ခဲ့ကြောင်းနှင့် iOS ပစ္စည်းများကြောင့် ယခုလို တိုးတက်များပြားလာဖြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ Download လုပ်သူအများစုမှာ iOS ပစ္စည်း အသုံးပြုသူများဖြစ်ပြီး၊ iOS ဆိုင်ရာ Application အများစုကို Download လုပ်ကြကြောင်း သိရပါတယ်။

ယခုနှစ် ဇန်နဝါရီလ မှတ်တမ်းများအရ iOS ပစ္စည်းပေါင်း သန်း ၅ဝဝကျော် ရောင်းချခဲ့ရပြီး ယခင်နှစ်ကုန်ပိုင်းအထိ ရောင်းချရမှုထက် အရေအတွက်ပေါင်း ၃၆၅သန်း တိုးတက်လာတယ်လို့ သိရပါတယ်။

Ref: www.cnet.com


Image Credit: www.cnet.com

# ရန်ကုန်လေဆိပ် ပြုပြင်ထိန်းသိမ်းရေး Singaporean လျှောက်ထား

လင်းထက်

Yongnamအခြေပြု Singaporean ဆောက်လုပ်ရေး လုပ်ငန်းဟာ လက်ရှိအချိန်မှာ တိုကျို အခြေစိုက် JEC Corporation နှင့် ပူးပေါင်း၍ Changi Airport Planners and Engineers တို့ကို ဦးဆောင်စေ၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အား နှစ်သုံးဆယ် ကာလအတွင်း ဒီဇိုင်းရေးဆွဲခြင်း၊ ဆောက်လုပ်ခြင်း၊ လုပ်ငန်းလည်ပတ် လုပ်ဆောင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများအား ဆောင်ရွက်ခွင့် ရရှိရန် လျှောက်ထားလျက်ရှိကြောင်း သိရပါတယ်။ ပြီးခဲ့တဲ့ တနင်္လာနေ့က ဖော်ပြချက်များအရ Singapore အခြေစိုက် အဖွဲ့ဟာ စဦး လျှောက်ထားမှုအဖြစ် ဖေဖော်ဝါရီလအတွင်းက မြန်မာ မြို့ပြလေကြောင်းဌာနသို့ တင်ပြခဲ့သေးကြောင်းလည်း သိရပါတယ်။ Yongnamရဲ့ ထောက်ပြချက်များအရ ကုမ္ပဏီဟာ စင်ကာပူ ပြည်တွင်း၌တွင်သာမကပဲ ပြည်ပနိုင်ငံများတွင်ပါ အောင်မြင်မှုများ ရရှိခဲ့ကြောင်း သိရပါတယ်။

လေဆိပ် ဆောက်လုပ်ရေး အပိုင်းများတွင် စင်ကာပူနိုင်ငံရှိ Changi Airport, Suvarnabhumi International Airport(Bangkok), Brunei International Airport, Kuala Lumpur International Airport, New Delhi International Airportနှင့် Mumbai Intrenational Airportများအား Yongnamမှ တာဝန် ယူ ဆောက်လုပ်ခဲ့ဖူးကြောင်းလည်း သိရပါတယ်။



Image Credit: www. businesstimes.com.sg

အိုင်စီတီ ဂျာနယ်
Volume 2, Issue 16
MYANMAR ICT JOURNAL

## WHO WE ARE

### MYANMAR ICT JOURNAL

| | |
|---|---|
| Telephone | (01) 430-897, (01) 553-918 |
| Email (Ad) | advertising@myanmarict.com |
| Email (News) | newsroom@myanmarict.com |
| Email (Classified) | classified@myanmarict.com |
| SubscribeICT | circulation@myanmarict.com |
| Website | www.ict.com.mm |
| | www.facebook.com/myanmarict |
| Head Office | 58B, Myanma Gon Yaung Housing, Than Thu Mar Road, Tamwe Township, 11211, Yangon, Myanmar. |

### EDITORIAL TEAM

| | |
|---|---|
| CEO / Editor in Chief | Phyo Min Min |
| Editor | Than Htay |
| Feature Editor | Win-win, Dr. PTS, Ma Ma Zee Kwet, Ma Naw Phyu Lay |
| | APT, TZO, Nay Aung Latt, iGeek, Key |
| Translator | Min Khant |
| Reporter | Daiwe, Jet Sin, Myo Zin, Thant Zin Oo |
| Proof Editor | Thandar Su Htwe, Kyawt Kyawt Paing |
| Accountant | Wai Wai Tun |
| Illustration | Ko Ko Aung, Lin Kyal Thi Ha |
| Photographer | Thein Zaw Win (Photo Magic) |
| Art Director | Media Lane, The Creative Agency |
| Film | Eagle Press Colour Separation |
| Printing | Seik Ku Cho Cho |

### ADVERTISING

| | |
|---|---|
| Snr. Marketing | Thwe Thwe Aye |
| Coordinator | May Thu Kyaw, Ei Hnin Phyo, Si Thu Soe Paing, Moe Thidar Hlaing, |

### CIRCULATION/ DISTRIBUTION

| | |
|---|---|
| Manager | U Aung Than Htun |
| Coordinator | Nyi Min Htike, Thein Linn |

မြန်မာအိုင်စီတီဂျာနယ်ကို ယာယီမှတ်ပုံတင်အမှတ် ၁၅၂၁ဖြင့် ထုတ်ဝေပါသည်။

# Appleမှ ထုတ်ကုန်သစ်များ ထုတ်လုပ်သွားမည် ဖြစ်ကြောင်း CEOမှ ပြောကြား

Apple ၏ CEO ဖြစ်သူ Tim Cook မှ ကုမ္ပဏီအနေဖြင့် ၂၀၁၃ ခုနှစ် အတွင်း ထုတ်ကုန်ပစ္စည်းအသစ်များ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့ သည်။ Tim Cook မှ ၎င်းတို့အနေဖြင့် ထုတ်ကုန်ပစ္စည်းသစ်များ ထုတ်လုပ်ရန် အတွက် Hardware Software နှင့် ဝန်ဆောင်မှုများကို ပြင်ဆင်ထားရှိပြီးဖြစ် ကြောင်း၊ အဆိုပါ ပစ္စည်းသစ်များကို ၂၀၁၃ နှင့် ၂၀၁၄ အစဦးပိုင်း ကာလများ တွင် ထုတ်လုပ်သွားရန်ကိုလည်း အာမခံနိုင်ကြောင်း လွန်ခဲ့သော တစ်ပတ်က ကျင်းပခဲ့သည့် ကုမ္ပဏီ၏ အမြတ်ငွေ ရှင်းတမ်းပွဲတွင် ပြောကြားခဲ့သည်။ ထို့နောက် သတင်းဌာနများမှ မည်သို့သော ပစ္စည်းများ ထုတ်လုပ်မည်ဟု မေးမြန်းခြင်းအပေါ် Tim Cook မှ ၎င်းအနေဖြင့် ထုတ်လုပ်မည့် ပစ္စည်းအတိအကျကိုယခုအချိန်တွင် ပြောကြားနိုင်ကြောင်း မရှိသေးကြောင်းနှင့် လူ အများအား အံ့အားသင့်ရန် ရည်ရွယ်ထားကြောင်း ပြန်လည်ဖြေကြားခဲ့သည်။ Cook အနေဖြင့် ဆက်လက်၍ ကုမ္ပဏီမှ မထုတ်လုပ်သေးဘူးသော ထုတ်ကုန် များကိုလည်း ထုတ်လုပ်သွားရန် အစီအစဉ်ရှိကြောင်းပြောကြားခဲ့သည်။ Appleမှာ လက်ရှိအချိန်တွင်ကမ္ဘာ့အိုင်တီဈေးကွက်၌ ငြိမ်သက်လျက်ရှိပြီး နောက်ဆုံး ထုတ်လုပ်မှုမှာ ယခင်နှစ် အောက်တိုဘာလတွင် ပြုလုပ်ခဲ့သည့် iPad Mini ထုတ်လုပ်ခြင်းပင် ဖြစ်သည်။ နောက်ဆုံး သတင်းများအရ ကုမ္ပဏီမှာ ကုန်ပစ္စည်းသစ် ထုတ်လုပ်ခြင်း မရှိသည်မှာ ကြာမြင့်နေပြီ ဖြစ် သောကြောင့် ရှယ်ယာဈေးနှုန်းမှာ ၄၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း သိရသည်။ အဆိုပါဖုန်းသည် အခြားစမတ်ဖုန်းများ နည်းတူ အသုံးပြုနိုင်ပြီး 2.0 Megapixels ရှိတဲ့ ကင်မရာ ပါဝင်ကြောင်း သိရှိရသည်။ AOTO C-125 ဖုန်းက Internet Memory 1GB ပါဝင်ပြီး Internet အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ အဆိုပါဖုန်းကို အဖြူရောင်၊ အနက်ရောင်များအဖြစ် ရရှိနိုင်ပြီး ဈေးနှုန်းကတော့ တစ်သိန်းကျပ်ဝန်းကျင် ဝယ်ယူရရှိနိုင်ပါတယ်။ ခုထွက်ရှိ လာသော ၁၅၀၀ တန် ဖုန်းများအတွက် အထူးသင့်လျော်သည့် ဖုန်းတစ်လုံး ဖြစ်ပြီး ထိုင်ဝမ်နိုင်ငံထုတ် ဖုန်းတစ်လုံးဖြစ်ပါသည်။ ဝယ်ယူလိုပါက AOTO ဖုန်း အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိပါသည်။

# မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ မိုဘိုင်းဖုန်း ဆက်သွယ်ရေး ကွန်ရက် တိုးတက်ဖွံ့ဖြိုးရေးအတွက် ဈေးပြိုင် တင်ဒါခေါ်ယူ

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနမှ ယခုလက်ရှိ အသုံးပြုလျက် ရှိသော GSM, UMTS မိုဘိုင်း ဆက်သွယ်ရေးကွန်ရက် တိုးတက်ဖွံ့ဖြိုးရေး (Line Expansion and Swap) လုပ်ငန်းအတွက် လုပ်ငန်းဆောင်ရွက်လိုသည့် အဖွဲ့အစည်းများထံမှ ဈေးပြိုင် တင်ဒါများကို ခေါ်ယူလျက် ရှိကြောင်း သိရသည်။ တင်ဒါတင်သွင်း လိုသည့် အဖွဲ့အစည်းများ အနေဖြင့် လိုအပ်သည့် အသေးစိတ် အချက် အလက်များနှင့် တင်ဒါ ပုံစံများကို ရုံးအမှတ် (၂) ဆက်သွယ်ရေးနှင့် သတင်း အချက်အလက် နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း နေပြည်တော်တွင် ပုံစံ တစ်စောင်လျှင် (၁၀၀,၀၀၀) ကျပ်နှုန်းဖြင့် ၂၀၁၃ခုနှစ် ဧပြီလ ၂၂ ရက်နေ့မှ စတင်၍ ဝယ်ယူနိုင်ပြီ ဖြစ်ကြောင်း သိရသည်။ ၂၀၁၃ ခုနှစ် မေလ ၆ရက်နေ့ ညနေ ၄နာရီခွဲ မတိုင်မီ နောက်ဆုံးထား တင်သွင်း လျှောက်ထားရမည် ဖြစ်ကြောင်း သိရသည်။

ဈေးပြိုင် တင်ဒါ တင်သွင်းမှု စည်းမျဉ်းများအတိုင်း လူကိုယ်တိုင် လာရောက် တင်သွင်းရမည် ဖြစ်ကြောင်း သိရသည်။ မိုဘိုင်း ဆက်သွယ်ရေးကွန်ရက် တိုးတက်ဖွံ့ဖြိုးရေး စီမံကိန်းအတွက် ကုန်ကျစရိတ်များကို မြန်မာ့ဆက်သွယ် ရေးလုပ်ငန်းမှ ကျခံမည် ဖြစ်ကြောင်း သိရသည်။ ဈေးပြိုင်တင်ဒါများကို ၂၀၁၃ ခုနှစ် မေလ ၂၀ရက်နေ့ နံနက် ၁၀ နာရီတွင် ဖွင့်ဖောက် စစ်ဆေးမည် ဖြစ်ပြီး တင်ဒါ တင်သွင်းသူများ အနေဖြင့် အဆိုပါနေ့တွင် မြန်မာ့ဆက်သွယ် ရေး လုပ်ငန်းသို့ တက်ရောက်ရန် လိုအပ်ကြောင်း သိရသည်။

# Korea Education Fair In Myanmar 2013

တောင်ကိုရီးယားနိုင်ငံရှိ အဆင့်မြင့် ထိပ်တန်းပုဂ္ဂလိက တက္ကသိုလ်ကြီးများ၊ အစိုးရတက္ကသိုလ်ကြီးများမှ လာရောက်၍ Korean Universityများဆိုင်ရာ Education Fairကို မြန်မာပြည်တွင်းမှ စိတ်ဝင်စားသော ကျောင်းသားလူငယ် များအတွက် လာရောက်ပြုလုပ်မည် ဖြစ်သည်။ အဆိုပါပွဲတွင် သက်ဆိုင်ရာ တက္ကသိုလ် အသီးသီးမှ တာဝန်ရှိသူများက ကိုရီးယား တက္ကသိုလ်ပညာရေး စနစ်များ၊ နိုင်ငံခြားကျောင်းသားတိုင်း ရရှိမည့် ကျောင်းတိုင်းမှပေးသော အကောင်းဆုံး ဝန်ဆောင်မှု အခွင့်အရေးများ၊ Scholarship အစီအစဉ်များ တို့ကို ရှင်းလင်းပြောကြားမည် ဖြစ်သည်။ ထို့ပြင် အခြားအာရှနိုင်ငံများမှ တက္ကသိုလ်များနှင့်ယှဉ်လျှင် သင်ကြားစရိတ် သက်သာပြီး ကျောင်းသားများ အတွက် အထူးရွေးချယ်စရာ များပြားကောင်းမွန်သော Internationalအဆင့် သင်ရိုးညွှန်းတမ်း Majorများကို Seminarဖြင့်လည်း ရှင်းလင်းပြောကြားပေး သွားမည် ဖြစ်သည်။ လာရောက်ဆွေးနွေးသော ကျောင်းသားများကိုလည်း ကိုရီးယားသို့ ပညာသွားရောက် သင်ကြားမည်ဆိုပါက လိုအပ်သော အချက် အလက်များကို တစ်ဦးချင်းစီ ကျောင်းမှ တာဝန်ရှိသူများ ကိုယ်တိုင် ဆွေးနွေး တိုင်ပင် အကြံဉာဏ်ပေးမည် ဖြစ်သည်။ ထို့ပြင် ပျော်ရွှင်စရာ Lucky Draw အစီအစဉ်ကိုလည်း ပြုလုပ်မည်ဖြစ်ပြီး လာရောက်သူများအတွက် လက်ဆောင် ပေးခြင်း အစီအစဉ်လည်း ပါဝင်မည်ဖြစ်သည်။ အဆိုပါ Education Fairကို World Korea Companyမှ ကြီးမှူးကျင်းပသွားမည်ဖြစ်ပြီး မေလ ၁၄၊ ၁၅ နှစ်ရက်ဆက်တိုက် မနက် ၁၀နာရီခွဲမှ ညနေ ၆နာရီခွဲအထိ ရန်ကုန်မြို့၊ ကျွန်းတောလမ်းရှိ Junction Square Indoor Hall၌ ပြုလုပ်မည် ဖြစ်သည်။ အသေးစိတ် သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ဆက်သွယ်စုံစမ်းမေးမြန်း နိုင်ပါသည်။ ကြိုတင်စာရင်းပေးသွင်းရန် မလိုဘဲ မည်သူမဆို အခမဲ့လာ ရောက် နားထောင် တိုင်ပင်ဆွေးနွေးနိုင်ပါသည်။ အသေးစိတ် သိရှိလိုပါက World Korea Co.,Ltd.၊ ဖုန်း- ၀၁-၂၃၀-၄၃၇၈၊ ၀၉-၄၀၂-၇၀၄-၀၈၇၊ အမှတ် (၁၅/၁၇) အခန်းအမှတ် (၃-ဘီ) Second Floor MTP ကွန်ဒို၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ ဆက်သွယ်နိုင်ပါသည်။

# နေ့စဉ် သတင်းစာအသစ် ၁၀စောင် ထပ်မံ ခွင့်ပြု

ပြီးခဲ့တဲ့ အင်္ဂါနေ့က ပြန်ကြားရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ချက်များအရ ထုတ်ဝေခွင့် ထပ်မံရရှိသော နေ့စဉ်သတင်းစာ ၁၀ စောင် ရှိကြောင်း သိရပါ တယ်။ ဒါကြောင့် နိုင်ငံတွင်း နေ့စဉ် သတင်းစာပေါင်း ၂၆ စောင်အထိ ရှိလာ မှာဖြစ်ကြောင်း သိရပြီး အဲဒီထဲမှ နှစ်ခုဟာ အင်္ဂလိပ်ဘာသာနှင့် ထုတ်ဝေမည် ဖြစ်ကာ The Myanmar Freedom Dailyနှင့် International Herald Tribune တို့ ဖြစ်ပါတယ်။ မေလ ၁ ရက်နေ့မှ စတင်၍ New Light Of Myanmarနှင့် အခြားသော နေ့စဉ်သတင်းစာ ၁၀ စောင်တို့ ယာယီခွင့်ပြုချက်ဖြင့် စတင် ထုတ်ဝေခဲ့ကြပါတယ်။ အခုအခါ နောက်ထပ် နေ့စဉ်သတင်းစာ ၁၀ စောင် အား ထပ်မံခွင့်ပြုခဲ့ပြီး အဆိုပါ သတင်းစာများမှာ

National Time Daily (လျှောက်ထားသူ - ဒေါက်တာ စံပယ်တင်)၊ Daily Eleven News (လျှောက်ထားသူ - ဒေါ်ယဉ်မော်ဦး)၊ Myanmar Freedom Maily(လျှောက်ထားသူ - ဦးသီဟ သီဟစော)၊ The Nagani Daily(လျှောက် ထားသူ -ဦးသိန်းထွန်း)၊ Dana Business Daily (လျှောက်ထားသူ - ဦးမောင်မောင်စိန်)၊ Warazein Daily(လျှောက်ထားသူ - ဦးမောင်မောင်စိန်)၊ Newswatch Daily(လျှောက်ထားသူ -ဦးချစ်မောင်)၊ The Pyi Myanmar Daily (လျှောက်ထားသူ - ဒေါက်တာ ခင်မိုးမိုး)၊ Myanmar Post Daily(လျှောက်ထားသူ -ဦးဝင်းအောင်)နှင့် International Herald Tribune (လျှောက်ထားသူ- ဦးမျိုးအောင်)တို့ ဖြစ်ပါတယ်။



# Facebook Account လုံခြုံမှု ရှိစေရန်အသုံးပြုသူများ မှတ်သားဖွယ်

Facebook၊ Social Networkingကို ကွန်ပျူတာ အသုံးပြုသူ လူတိုင်းနီးပါး သုံးနေကြပြီး ဖြစ်သောကြောင့် Facebook ပေါ်ရှိ လုပ်ငန်းနဲ့ ပတ်သက်သော အချက်အလက်များ၊ အမှတ်တရ ဓာတ်ပုံများ၊ အကြောင်းအရာများ တင်ကြပြီး အပြန်အလှန် Sharingတွေ လုပ်ကြသည့်အတွက် အသုံးပြုကြသည့်အခါ မိမိတို့၏ အချက်အလက်တွေကို အလွဲသုံးစား ပြုလုပ်ခြင်း မခံရရန်အတွက် သိသင့်သိထိုက်သော နည်းပညာပိုင်းဆိုင်ရာ လုံခြုံမှုတွေရှိဖို့ လိုအပ်သောကြောင့် ဆောင်ရန် ရှောင်ရန်များကို ဖော်ပြလိုက်ပါသည်။ ပထမဆုံး Setting ထဲက Securityကို သွားပြီး Security Question ကို နှိပ်၍ နှစ်သက်ရာ မေးခွန်းတစ်ခုကို ရွေး၊ အဖြေတစ်ခု ပေးလိုက်ပြီး အမေးနဲ့အဖြေကို အမြဲတမ်းအတွက် မှတ်ထားဖို့ လိုတယ်။ Facebook Account လုပ်တဲ့အခါ Email တောင်းတာကို သတိထားမိကြသည့်အတိုင်း မိမိပေးလိုက်သည့် Emailသည် အမှတ်တမဲ့ ထားထားသော Emailမျိုး မဖြစ်စေဘဲ Facebook ဆိုက်ကို ဝင်တော့မည်ဆိုပါက https://ကို သုံးပြီး Secure Browsingကို Onပေးဖို့ လိုပါတယ်။ မိမိ Accountကို တခြားသူ တစ်ဦးဦး အသုံးပြုသည့်အခါ သိလိုလျှင် Login Notificationsကို On ထားပါက Emailနဲ့ အကြောင်းကြားပါလိမ့်မည် ဖြစ်သည်။ တတ်နိုင်သမျှ Account သုံးသည့်အခါ Computer, (သို့) Phone များကို Save လုပ်ထားပြီး Login Approval လုပ်ထားနိုင်ပါသည်။ Network တစ်ခုတည်းတွင် အသုံးပြုမည် ဆိုပါက မိမိ Accountထဲသို့ ဝင်အသုံးပြုနိုင်သည့် Software များစွာ ရှိသည့်အတွက် Free Wifiရှိသည့် နေရာများတွင် မသုံးသင့်ပါ။ Account Passwordကို ! , @ , # , $ , % ,& ,* , ` , စကားလုံးများဖြင့် ထည့်သွင်းပေးသည်။ Add friendများမှာလည်း Accountတိုင်းကို လက်မခံဘဲ မိမိနှင့် သိမသိ ဆန်းစစ်သင့်ပါတယ်။ မိမိသုံးနေကျ စက်မဟုတ်ဘဲ တခြားစက် (သို့) အင်တာနက်ဆိုင်များတွင် Facebook သုံးပြီးဆိုပါက Username နဲ့ Password ကို အဆိုပါစက်တွင် Keep Login Boxကို အမှန်ခြစ်ကလေးကို ဖြုတ်ရမည်။ မဖြုတ်ခဲ့ပါက ယင်းစက်တွင် မိမိ Account ကျန်နေခဲ့သည့်အတွက် အသုံးပြုခဲ့သည့် အချက်အလက်များကို နောက်လူမှ အလွယ်တကူ ဝင်ရောက် ကြည့်နိုင်သည်ကို သတိထားသင့်ပါသည်။ "ကျွန်တော် အင်တာနက်ဆိုင်မှာ Facebook သုံးပြီး အိမ်ပြန်တော့ သူငယ်ချင်းတွေက ဖုန်းဆက်တယ်။ ဘယ်အချိန်လာရမလဲ။ ဘယ်နေရာလဲဆိုပြီး မေးတယ်။ ကျွန်တော်လဲ အူကြောင်ကြောင်နဲ့ ပြန်မေးတော့ ကျွန်တော့် မွေးနေ့အတွက် ကျွန်တော်က ညစာကျွေးဖို့ သူတို့ကို Facebook Chatကနေ ပြောထားလို့တဲ့။ သူ့အတွေ့အကြုံကို ရှင်းပြပါတယ်။ အင်တာနက်ဆိုင်တွေမှာ အသုံးပြုခဲ့မယ်ဆိုရင် သုံးခဲ့တဲ့ Historyတွေကို ရှင်းခဲ့သင့်တယ်။ Ctrl +Shift + Hကိုနှိပ်ပြီး ကိုယ်သုံးခဲ့တဲ့ Dataတွေကို ရှင်းနိုင်ပါတယ်"ဟု Internet အသုံးပြုသူ တစ်ဦးက ပြောပါသည်။ Facebook လုံခြုံရေးနဲ့ ပတ်သက်ပြီး Techster Service Providerမှ မန်နေဂျင်း ဒါရိုက်တာ ဒေါ်ဖြူနွဲ့ရည်သိန်းက "Facebookမှာ လုံခြုံမှုရှိဖို့ဆိုတာ စီးပွားရေးသမားမှတင် မဟုတ်ပါဘူး။ သာမန်လူတွေလည်း Save ဖြစ်ဖို့ လိုပါတယ်။ ကိုယ့်သူငယ်ချင်းတွေ ကိုယ့် Profileနဲ့ Statusတွေကို တစ်စစီဖြစ်အောင် ပြုလုပ်သွားရင် မခက်ပေဘူးလား။ ဘယ်သူကမှ တစ်စုံတစ်ယောက် လုပ်ထားတယ်လို့ ထင်မှာ မဟုတ်ဘူးလေ။


Image Credit: www. wikihow.com

ကိုယ်လုပ်တယ်လို့ပဲ ထင်မှာ။ ကိုယ့် Accountကိုတောင် နိုးယူသုံးတဲ့သူဆိုတော့ ဘယ်လိုနည်းနဲ့မှ ကောင်းရာ ကောင်းကြောင်း လုပ်မှာ မဟုတ်ဘူးလေ။ သတိထား သုံးကြတာတော့ အကောင်းဆုံးပါပဲ"ဟု ပြောသည်။

# Telenorမှ မြန်မာ့ဆက်သွယ်ရေး ရည်မှန်းချက်များကို ထူးခြားသော အစီအစဉ်များဖြင့် ထောက်ပံ့ပေးသွားမည်ဟုဆို

မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာများကို ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းများအား အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဒေသကြီး ၂၄ခု စီမံကိန်း ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများနှင့် အခြားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများနှင့် ဆက်သွယ်ရေးလုပ်ငန်းများကို ဖော်ဆောင်လျက်ရှိသည်ဟု ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ ဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။ မြန်မာနိုင်ငံရှိ Mobileအသုံးပြုသူ ဦးရေ ၇၅ ရာခိုင်နှုန်းနှင့် ဖုန်းနှင့် အင်တာနက် အသုံးပြုနိုင်သည့် ဝန်ဆောင်မှု ၅၀ရာခိုင်နှုန်းအထိ သုံးစွဲနိုင်ရန် မြန်မာ့ဆက်သွယ်ရေးမှ ရည်မှန်းထားကြောင်း သိရသည်။ အဆိုပါ ရည်မှန်းချက်များနှင့် လုပ်ကိုင်မှုများ စတင် ဆောင်ရွက်နေရာတွင် တင်ဒါခေါ်ယူမှုများ ပြုလုပ်ရန် ရှိနေသည်။

Mobile လုပ်ငန်းများကို ၁၆နှစ်ကျော် လုပ်ကိုင်ခဲ့သော Telenor Groupမှ မြန်မာပြည်သူများ၏ Mobileနှင့် ပြည်သူများအကြား ကိုက်ညီလိုအပ်သော ခေတ်မီဆက်သွယ်ရေးအတွက် ထောက်အပံ့ရေး လုပ်ငန်းများကို ထူထောင်လျက်ရှိကြောင်း သိရသည်။ "ဥပမာ တစ်ခုပေးရမည်ဆိုလျှင် ကျွန်တော်တို့မှ ဖွံ့ဖြိုးရေး ဈေးကွက်များမှ Mobile Operatorများကို စတင်လုပ်ဆောင်နိုင်တဲ့ စွမ်းရည်များ ရှိပါတယ်။ Telenorသာ ဆက်သွယ်ရေး လုပ်ငန်းလိုင်စင်တင်ဒါ အောင်မည်ဆိုပါက ကျွန်တော်တို့ရဲ့ အသိပညာနှင့် အတွေ့အကြုံများကို အသုံးချပြီး မြန်မာပြည်သူတွေရဲ့ လိုအပ်တဲ့ ဈေးနှုန်းသင့်လျော်ပြီး အရည်အသွေးမြင့်မားသော Mobile ဆက်သွယ်ရေးကို မြန်မာပြည်သူတွေ လက်ထဲကို ထည့်ပေးနိုင်မှာ ဖြစ်တယ်"ဟု အာရှဒေသလုပ်ငန်းများဆိုင်ရာ အကြီးအကဲ Mr. Sigve Brekkeမှ ပြောကြားခဲ့သည်။


Image Credit: www.ndtv.com

# နိုင်ငံတော် သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု၊ နိုင်ငံ့စွမ်းဆောင်ရည် ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ထူးဆောင်လက်မှတ်များ ချီးမြှင့်

စီးပွားရေးစွမ်းဆောင်ရှင်များ၊ လူမှုရေး စွမ်းဆောင်ရှင်များ တိုးပွားပေါ်ထွန်းလာစေရန်နှင့် ဈေးကွက်စီးပွားရေး စနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲတိုးတက် ဖွံ့ဖြိုးရေးအားပေးမြှင့်တင် ဆောင်ရွက်ရန် ရည်ရွယ်လျက် နိုင်ငံတော် သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည် ချီးမြှင့်ပွဲအခမ်းအနားကို ဧပြီလ ၃၀ရက် ညနေ ၅နာရီက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ (MICC) ခန်းမတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် နိုင်ငံတော် သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု အနေဖြင့် စိုက်ပျိုးရေးဆိုင်ရာ နှစ်ဆု၊ မွေးမြူရေးဆိုင်ရာ သုံးဆု၊ လူမှုရေးဆိုင်ရာ တစ်ဆု၊ အားကစားဆိုင်ရာ တစ်ဆု၊ စီးပွားရေးဆိုင်ရာ ၅ဆု၊ စုစုပေါင်း ၁၂ဆုဖြစ်ပြီး၊ လူပုဂ္ဂိုလ် ၁၂ဦးအား ချီးမြှင့်ပေးခဲ့ပါသည်။ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည် ဂုဏ်ပြုလက်မှတ်အနေဖြင့် အားကစား အဖွဲ့ချုပ်နှစ်ခုနှင့် လူပုဂ္ဂိုလ် ၂၂ဦးကို ချီးမြှင့်ပေးခဲ့ပါသည်။

ထို့အပြင် အထူးအစီအစဉ်အနေဖြင့် ရဟန်းသံဃာနစ်ပါး၊ ဘာသာရေးအဖွဲ့တစ်ဖွဲ့နှင့် ကျောင်းနှစ်ကျောင်းတို့ကိုလည်း နိုင်ငံတော် သမ္မတ၏ ဂုဏ်ထူးဆောင် လက်မှတ်ချီးမြှင့်ပေးခဲ့ကြောင်းလည်း သိရသည်။

အထက်ပါ နိုင်ငံတော် သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ခြင်းခံရသော ပုဂ္ဂိုလ် ၁၂ဦးအတွက် အခြား အခွင့်အရေးများအနေနှင့် သံတမန်နိုင်ငံကူးလက်မှတ် (Diplomatic Passport)နှင့် ပို့ကုန်၊ သွင်းကုန် အခွင့်အရေး (Green Channel)တို့ကို ချီးမြှင့်သွားမှာ ဖြစ်ကြောင်းနှင့် နိုင်ငံတော် သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည် ဂုဏ်ပြုလက်မှတ် ရရှိသော အားကစား အဖွဲ့ချုပ်နှစ်ခုနှင့် လူပုဂ္ဂိုလ် ၂၂ဦးကိုလည်း Green Channel ချီးမြှင့်ပေးသွားမည် ဖြစ်ကြောင်းသိရသည်။

ယခုကဲ့သို့ ဆုချီးမြှင့်ရသည့် ရည်ရွယ်ချက်သည် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ်စုံ ဖွံ့ဖြိုးရန်အတွက် စွမ်းဆောင်ရည်ရှိသော ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ ပေါ်ထွန်းလာစေရန် ဖြစ်သည့်အတွက် နောက်ထပ် အလားတူ စွမ်းဆောင်ရည် ရှိသော ပုဂ္ဂိုလ်များ အဖွဲ့အစည်းများ ထပ်မံပေါ်ထွန်းလာစေရန် တွန်းအားတစ်ရပ် ဖြစ်ပါသည်။ ထိုသို့ စွမ်းဆောင်ရည်ရှိသော ပုဂ္ဂိုလ်များ အထူးသဖြင့် ပြည်သူထဲမှ ပြည်သူများ နှင့် အဖွဲ့အစည်းများများ ပေါ်ထွက်လာမှသာလျှင် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူများ၏ ဘဝဘက်စုံ ဖွံ့ဖြိုးရန် ကိစ္စများကို ဤသို့ ထူးချွန်သည့် ပုဂ္ဂိုလ်များများနှင့် မြန်မြန်ဆောင်ရွက်နိုင်မှသာ နိုင်ငံတော်ကြီး တိုးတက်လာမှာ ဖြစ်ပါသည်။

# ကိုယ်ပိုင် စီးပွားရေး လုပ်ကိုင် လိုသူများအတွက် Creative Enterpreneurship

မြန်မာနိုင်ငံရှိ စွန့်ဦး တီထွင်လိုသူ လူငယ်အများစုမှာ ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းရှင်များအဖြစ် ရပ်တည်ရန် ပေါ်ထွက်လာကြသည့်အတွက် လူငယ်လုပ်ငန်းရှင်များအသင်း (MYEA)နှင့် STRATEGY FIRST INSTITUTEတို့မှ ပူးပေါင်း ဖွင့်လှစ်တော့မည် ဖြစ်ကြောင်း သိရသည်။

ကိုယ်ပိုင်စီးပွားရေး တည်ထောင်လုပ်ကိုင်လိုသော လူငယ်များအတွက် အဆိုပါ စွန့်ဦးတီထွင် လုပ်ငန်းရှင် သင်တန်း Creative Enterpreneurship Development Program (1/2013)ကို ၁၂ရက် အချိန်ပြည့် လက်တွေ့ စာတွေ့ အလုပ်ရုံဆွေးနွေးပွဲ ပုံစံဖြင့် ပို့ချပေးသွားမည် ဖြစ်ကြောင်းသိရသည်။ စီးပွားရေး လောကတွင် အောင်မြင်နေသော လုပ်ငန်းရှင်ကြီးများနှင့်လည်း ဟောပြော ဆွေးနွေးပေးသွားမည်ဟု သိရသည်။

သင်တန်းသားများကို အသက်အရွယ်အားဖြင့် ၁၅နှစ်ပြည့်ပြီးသူ မည်သူမဆို တက်ရောက်နိုင်ပြီး သင်တန်းကြေးမှာ ၁၂၀,၀၀၀ကျပ်ဖြင့် မေလ ၉ရက်နေ့မှ ၂၄ရက်နေ့အထိ မနက် ၉နာရီမှ ၄နာရီခွဲ အထိ ဖြစ်သည်။ မေလ ၆ရက်နေ့ နောက်ဆုံးထားပြီး Emailဖြင့် ပေးပို့ရပါမည်။ သင်တန်းတက်ရောက်သူများအတွက် ပညာသင်ဆု ၁၀ဆုကို ချီးမြှင့်ပေးသွားမည် ဖြစ်သည်။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ဖုန်း - 230-1573၊ 539-135၊ 539-132 Email လိပ်စာမှာ - myeaofficestaff@gmail.com, info.strategyfirst@gmail.com တို့ကို မေးမြန်းပေးပို့ လျှောက်ထားနိုင်ပါသည်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 16
MYANMAR ICT JOURNAL

# Adobe ANZ ၏ Creative Coverဆုအား မြန်မာလူမျိုး ငြိမ်းအောင်ရရှိ

ယင်းခန့်

Adobeမှ ကျင်းပသော Creative Cover ပြိုင်ပွဲတွင် Major Price Winner ဆုအား ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယား ပြည်နယ်မှာ နေထိုင်တဲ့ မြန်မာလူမျိုး ငြိမ်းအောင်မှ ရရှိခဲ့ကြောင်း သိရပါတယ်။ သူပါဝင် ယှဉ်ပြိုင်ခဲ့တဲ့ ခေါင်းစဉ်မှာ "Create at our full Potential"ဖြစ်ကြောင်း သိရပါတယ်။ ဒီဇိုင်းမှာ လူငယ်များရဲ့ ဆက်သွယ်ရေးဆိုင်ရာ များနဲ့ သက်ဆိုင်တဲ့ ခိုင်မာတဲ့ ဆုံးဖြတ်ချက်များနှင့် ပျော်ရွှင်ဖွယ်ရာများ အစုံစုံကို တွေ့ကြုံခံစားရပုံများကို အနှစ်ချုပ် ဖော်ပြထားပါတယ်။ ပုံရိပ် ရေးဆွဲမှုနဲ့ စိတ်ကူး ဒီဇိုင်း တွေးခေါ်မှု အပိုင်းများတွင်ငြိမ်းအောင်ရဲ့ အတွေးအခေါ်များမှာအထူးကောင်းမွန်ကြောင်း မှတ်ချက်များ ရရှိနေပါတယ်။ အကဲဖြတ်များရဲ့ အဆိုအရ အမှတ်ပေးမှုတွင် လူသားတွေနဲ့သာ သက်ဆိုင်တဲ့ တနည်းဆိုရလျှင် လူသားပုံရိပ်များသာ ပါဝင်တဲ့ ဒီဇိုင်းတွေကိုသာ အဓိက အမှတ်ပေးခဲ့ပြီး နည်းပညာပိုင်း ဆန်းသစ်တွေးခေါ်မှုနှင့် ခေါင်းစဉ်နှင့် ပုံရိပ်ကိုက်ညီမှုများအား အလေးပေး ရွေးချယ် စိစစ်ခဲ့ကြောင်း သိရပါတယ်။ အကဲဖြတ် အဖွဲ့မှ ဆုရရှိသူ ငြိမ်းအောင်နှင့် Runner Upရရှိခဲ့သူ Jannyတို့ အပါအဝင် ပြိုင်ပွဲဝင်သူအားလုံးနှင့် ပါဝင်ခဲ့သူများအားလုံးကို ကျေးဇူးတင်ကြောင်း ဆိုခဲ့ပါတယ်။



Image Credit: www.facebook.com

# KMD၏ HTC CONCEPT STOREကို မန္တလေးမြို့တွင် ဖွင့်လှစ်




မြန်မာနိုင်ငံ၏ နည်းပညာလုပ်ငန်းတစ်ခုဖြစ်သော KMD Computer Group နှင့် HTC Corporationတို့ပူးပေါင်း၍ HTC Concept Storeကို မန္တလေးမြို့၊ ၇၇လမ်း (၂၇လမ်း နှင့် ၂၈လမ်းကြား) ချမ်းမြေ့သာစံမြို့ နယ်ရှိ KMD IT Mall အတွင်းတွင် ဖွင့်လှစ်ခဲ့ကြောင်း သိရပါတယ်။ HTC ၏ CEO ဖြစ်သော Mr. Peter Chou ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ခဲ့ပြီး KMD IT Mall ၏ ၃ လွှာတွင် တည်ရှိမှာ ဖြစ်ပါတယ်။

"HTC ရဲ့ Main Partner အဖြစ်နဲ့ HTC Smartphoneတွေကို မြန်မာနိုင်ငံမှာ ဖြန့်ချိခွင့်ရတဲ့အတွက် ကျွန်မတို့အနေနဲ့ အရမ်းကို စိတ်လှုပ်ရှားမိပါတယ်။ ကျွန်မတို့က Smartphoneတွေ သက်သက်ကိုပဲ ရောင်းနေတာ မဟုတ်ပါဘူး။ မြန်မာလူထုကို အကျိုးဖြစ်ထွန်းစေမယ့် ဂေဟာစနစ်နဲ့ ဖောက်သည်အခြေပြု ဖြေရှင်းဆောင်ရွက်မှုတွေကိုပါ ပံ့ပိုးဆောင်ရွက် ပေးနေတာပါ။ ကျွန်မတို့အနေနဲ့ HTC Service Centerတွေ ဖွင့်လှစ်မှုအပါအဝင် ဖောက်သည် ဝန်ဆောင်မှုလုပ်ငန်းမှာ ကြီးမားတဲ့ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ထားပါတယ်။ အဲဒါကြောင့်လည်း ဖောက်သည်တွေအနေနဲ့ ပိုမိုကောင်းမွန်တဲ့ အတွေ့အကြုံအသစ်တွေ ခံစားရရှိ လာမှာပါ" ဟု KMD Computer Group ၏ President ဖြစ်သူ ဒေါ်တင်တင်အေးက ပြောကြားခဲ့ပါသည်။

HTC ကုမ္ပဏီထုတ် ဖုန်းမျိုးစုံနှင့် အခြားသော Brand မျိုးစုံတို့အား တင်သွင်း ရောင်းချသွားမှာဖြစ်ကြောင်း သိရပါတယ်။ ရရှိနိုင်မည့် ဖုန်းများမှာ HTC ထုတ် Butterfly, One X+, Desire X, Desire VCနှင့် Desire C တို့ကို ရရှိနိုင်မှာ ဖြစ်ပါတယ်။

# စုပေါင်းရုံးအား ၂ နှစ်အတွင်း ကြယ်ငါးပွင့် ဟိုတယ်အဖြစ် တည်ဆောက်ရန်ရှိ

ဒေဝီ

မြန်မာနိုင်ငံရဲ့ ရှေးဟောင်း အဆောက်အဦး တစ်ခုဖြစ်တဲ့ ရန်ကုန်တိုင်း စုပေါင်းရုံးကို နိုင်ငံတကာ အဆင့်ရှိ ကြယ်ငါးပွင့် ဟိုတယ်ကြီး The State House အမည်နဲ့ ၂ နှစ်အတွင်း အပြီး တည်ဆောက်သွားမည်ဟု ဧပြီလ ၃၀ ရက်နေ့က Park Royal Hotelမှာ ကျင်းပ ပြုလုပ်ခဲ့သည့် ရန်ကုန်တိုင်း စုပေါင်းရုံး အဆောက်အဦးနှင့် ပတ်သက်သော အများပြည်သူများသို့ တင်ပြခြင်း အခမ်းအနားမှ သိရပါသည်။ ရန်ကုန်တိုင်း စုပေါင်းရုံး အဆောက်အဦးကြီးကို နိုင်ငံတကာ အဆင့်မီ ကြယ်ငါးပွင့် ဟိုတယ်အဖြစ် တည်ဆောက်ရာတွင် ရှေးမူလက်ရာ မပျက်ပြင်ဆင် ဆောက်လုပ်သွားမည်ဟု သိရသည်။ ရန်ကုန်တိုင်း စုပေါင်းရုံး အဆောက်အဦးကြီးအား ၁၉၂၇ ခုနှစ်မှ တည်ဆောက်ခဲ့ပြီး ၁၉၃၁ ခုနှစ်တွင် တည်ဆောက် ပြီးစီးခဲ့ပြီး ကိုလိုနီခေတ် အဆောက်အဦးကြီး တစ်ခုလည်း ဖြစ်သည်။ မြန်မာ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုချက်နှင့် Flying Tiger Engineering Co.Ltd.မှ The State House အမည်ရှိ ကြယ်ငါးပွင့် ဟိုတယ်ကြီး အဖြစ် ရှေးမူမပျက် ပြင်ဆင်သွားမည် ဖြစ်ပြီး ရှေးမူမပျက် ပြင်ဆင်သွားနိုင်ရန် အတွက် စင်္ကာပူနိုင်ငံမှ ဗိသုကာ ပညာရှင်နှင့် ဒီဇိုင်း ရေးဆွဲ ဆောင်ရွက် ထားကြောင်း သိရသည်။ The State House ဟိုတယ်ကြီးတွင် အခန်း ၂၃၉ ခန်း၊ ရေကူးကန်၊ Spa ၊ Car Parkingကိုလည်း ထည့်သွင်း တည်ဆောက်သွားမည် ဖြစ်သည့်အပြင် ဝန်ဆောင်မှုများကိုလည်း ကြယ်ငါးပွင့် အဆင့်မီသော ဝန်ဆောင်မှုမျိုး ပုံစံဖြင့် ဝန်ဆောင်မှု ပေးသွားမည် ဖြစ်ကြောင်း သိရပါသည်။ ဟိုတယ်အဖြစ် ပြင်ဆင် ဆောင်ရွက်မှုအတွက် ကုန်ကျငွေမှာ အမေရိကန်ဒေါ်လာသန်း ၅၀ခန့် ရှိကြောင်း သိရသည်။

# ဆက်သွယ်ရေး ဒုတိယဝန်ကြီးနှင့် USAID ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံခြင်း

ဒေဝီ

ဆက်သွယ်ရေး သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်နှင့် USAIDမှ ကိုယ်စားလှယ်အဖွဲ့တို့ ဧပြီ ၁၈ရက်နေ့က အမေရိကန်သံရုံး၌ တွေ့ဆုံဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် e Governmentစနစ်တွင် မည်သို့ ပါဝင်ပူးပေါင်းရမည်၊ အစိုးရ၏ သတင်းအချက်အလက် ဖြန့်ဝေခြင်း နည်းပညာ၊ ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်သည့် နည်းပညာများ ကူညီသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။USAIDက Estoniaနိုင်ငံကို စံနမူနာထားရာ ပြောကြားခဲ့ပြီး Estoniaနိုင်ငံတွင် အစိုးရဌာနဆိုင်ရာလုပ်ငန်းများကို အွန်လိုင်းမှတစ်ဆင့် ပြုလုပ်ဆောင်ရွက်နိုင်ခြင်း ကမ္ဘာ့ဘဏ်နှင့် ချိတ်ဆက်လုပ်ကိုင်နိုင်ခြင်းများ ပြုလုပ်နိုင်ခဲ့သည်ဟုအမေရိကန်နိုင်ငံ၏နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အေဂျင်စီ (USAID)မှ ပြောပါသည်။ အဆိုပါ ကိုယ်စားလှယ်အဖွဲ့တွင် Darrell Owens, Chris Jurgens, Joe Duncan နှင့် Sait Mboobတို့ ပါဝင်တက်ရောက်ခဲ့ပါသည်။

Ref: http://www.facebook.com/usembassy.rangoon

# Warren Buffettရဲ့ Twitterအား သုံးနာရီအတွင်း Followလုပ်သူ ၁၄၀၀၀၀ရှိ

မင်းခန့်

Warren Buffettရဲ့ Twitterကို ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း လွှင့်တင်ခဲ့ပြီး Account စတင်လွှင့်တင်ပြီး ဆယ်မိနစ်အကြာမှာပဲ Follow လုပ်သူ ၁၀၀၀၀ ကျော် ရှိခဲ့ပြီး သုံးနာရီ အကြာတွင် Followလုပ်သူပေါင်း ၁၄၀၀၀၀ ရှိခဲ့တယ်လို့ သိရပါတယ်။ သူ၏ Twitterနာမည်မှာ @WarrenBuffettဖြစ်ပြီး ပထမဆုံး Web Pageအဖြစ် Warren is in the houseကို လွှင့်တင်ခဲ့ခြင်း ဖြစ်ပါတယ်။ Mr.Warren Buffettမှာ Berkshire Hathwayရဲ့ ဥက္ကဋ္ဌနှင့် တာဝန်ခံ အုပ်ချုပ်ရေးမှူးဖြစ်ပြီး နေစွမ်းအင်သုံး စနစ်ကို တီထွင်နိုင်ခဲ့သောကြောင့် နာမည်ကျော်ကြားသူ တစ်ယောက်ဖြစ်ပါတယ်။ Warrenရဲ့ အဆိုအရ သူရဲ့ Twitterကို Followလုပ်ဖို့အတွက် Seekingလုပ်ဆောင်ချက်အား မလုပ်ကိုင်ခဲ့ရပဲ၊ အလိုအလျောက် Follow လုပ်လာရခြင်း ဖြစ်ကြောင်း သိရပါတယ်။ Berkshire Hathwayမှာ ကုမ္ပဏီပေါင်း ၈၀ခန့် ပေါင်းစည်းထားသော လုပ်ငန်းကြီး တစ်ခုဖြစ်ပြီး အဓိက လုပ်ငန်းများမှာ ရထားပို့ဆောင်ရေး၊ အဝတ်အထည်လုပ်ငန်း၊ ပရိဘောဂနှင့် ကျောက်မျက်ရတနာ လုပ်ငန်းများ ဖြစ်ပါတယ်။ ထို့အပြင် Coca-Cola, Wells Fargoနဲ့ IBMတို့မှာလည်း ရင်းနှီးမြှုပ်နှံထားသေးကြောင်း သိရပါတယ်။ Mr.Warren ဟာ Ohamaမှာ ပြုလုပ်နေတဲ့ နှစ်ပတ်လည် ရှယ်ယာရှင်များ အစည်းအဝေးကို တက်ရောက်လျက်ရှိပြီး အစည်းအဝေးသို့ ရှယ်ယာရှင် ၃၅၀၀၀ခန့် တက်ရောက်လျက်ရှိပါတယ်။

Ref: www.bbc.co.uk

# Facebook၏ အကြီးမားဆုံး Data Center စတင်တည်ဆောက်

ဒေဝီ

Facebook အနေဖြင့် ယခုအခါတွင် ဒေါ်လာ (၁.၅) ဘီလျံတန် Data Center တစ်ခုကို တည်ဆောက်ရန် စီစဉ်နေခြင်းကြောင့် အင်တာနက်ကွန်ရက်တစ်ခုလုံးကို လွှမ်းမိုးမည့် ၎င်းတို့၏ မဟာဗျူဟာခြေလှမ်းကို နောက်တစ်ဆင့် စတင်မည့် သဘောမျိုး ဖြစ်လာခဲ့သည်။ ကမ္ဘာပေါ်တွင် လူသုံးအများဆုံး၊ အအောင်မြင်ဆုံး လူမှုကွန်ရက် ဝက်ဘ်ဆိုက်ကြီးသည် အမေရိကန်တွင် ကြီးမားသော Data Center တစ်ခုကို တည်ထောင်သွားမည် ဖြစ်ပြီး လုပ်ငန်းခွင်ကို အိုင်အိုဝါတွင် စတင်နေပြီဟု သိရှိရသည်။

ထို့အပြင် အဆိုပါ Data Centerသည် ကမ္ဘာပေါ်တွင် နည်းပညာပိုင်းအရ ခေတ်ရှေ့အပြေးဆုံး အချက်အလက် စင်တာ ဖြစ်လာမည်ဟုလည်း အမေရိကန် မီဒီယာများက ညွှန်းဆိုလျက် ရှိသည်။ အိုင်အိုဝါရှိ လူပေါင်း (၁၅၀၀၀) မျှသာ နေထိုင်သော အလာတွန်းနားမြို့လေးတွင် လွန်ခဲ့သည့် (၁)နှစ် ကတည်းက စတင်ခဲ့သော လုပ်ငန်းခွင်သည် ပဟေဠိတစ်ခုသဖွယ် ရှိနေခဲ့သည်။ ထိုနေရာသည် စတုရန်းမီတာ (၁၃၀၀၀၀) ကျော် ကျယ်ဝန်းပြီး Project Catapultဟု အမည်ပေးထားကြောင်း သတင်းများက ဆိုသည်။

အဓိက အဆောက်အအုံကြီး (၃)ခု ပါဝင်မည့် Data Centerကို အဆင့် (၂)ဆင့်ခွဲကာ အပြီးသတ် တည်ဆောက်ဖွယ် ရှိနေပြီး အဆောက်အအုံ (၁)ခုချင်းစီအတွက် ခန့်မှန်း ကုန်ကျစရိတ်မှာ ဒေါ်လာ သန်း (၅၀၀)မျှစီ ဖြစ်နိုင်ကြောင်း သိရှိရသည်။ Facebookသည် ယခင်ကလည်း Data Center (၃)ခုကို တည်ဆောက်ခဲ့ပြီး ဖြစ်သည်။ အော်ရီဂွန်ရှိ ပရင်နီဗီးလ်တွင် ဒေါ်လာသန်း(၂၁၀)တန်၊ မြောက်ကာရိုလိုင်းနားရှိ ဖောရက်စ်စီးတီးတွင် ဒေါ်လာသန်း (၄၅၀)တန်နှင့် ဆွီဒင်နိုင်ငံရှိ လူလီအာတွင် ဒေါ်လာ သန်း (၇၆၀)တန် Data Centerများကို Facebookက တည်ထောင်ထားသည်။

သို့သော်လည်း အလာတွန်းနားမြို့တွင် တည်ဆောက်မည့် Data Centerမှာ အကြီးမားဆုံးဖြစ်ပြီး ရှေ့(၃)ခု၏ ပေါင်းစည်းမှု တန်ဖိုးမျှ ရှိနိုင်မည်ဟု သိရသည်။ Facebook၏ Catapult စီမံကိန်းသည် အဆိုပါ ဒေသတွင်းတွင် Google၊ Microsoftတို့၏ ခြေကုပ်ယူထားသော နည်းပညာရင်းမြစ်စင်တာများနှင့် အပြိုင်ဖြစ်လာဖွယ် ရှိနေသည်။ အလာတွန်းနားအနီးတွင် မြန်နှုန်း အလွန်မြင့်မားသည့် Fiber Optic Cable စနစ်ကို အဝေးပြေး ကားလမ်းနှင့်အပြိုင် သွယ်တန်း ထားသလို ဓာတ်အားထောက်ပံ့ရေးစနစ် လုံလောက် ကောင်းမွန်ခြင်းက Facebookအတွက် မျက်စိကျစရာ ဖြစ်ခဲ့သည်။ ထို့အပြင် အလာတွန်းနားမြို့သည် ပထဝီအနေအထားအရ အဓိက အဝေးပြေးလမ်းမကြီး (၃)ခုနှင့် ဆက်နွယ်တည်ရှိခြင်းကလည်း မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှု တစ်ခုအတွက် အဆင်ပြေစေကြောင်း သတင်းများက သုံးသပ် ရေးသားခဲ့ကြသည်။

## Camera

# Olympus / Evolt E-3 Digital SLR Camera

မင်းခန့်

၂၀၁၃ ခုနှစ်အတွင်း လူကြိုက်အများဆုံးနဲ့ အကောင်းဆုံး ကင်မရာ စာရင်းမှာ နံပါတ်နှစ်နေရာကို ရရှိထားတဲ့ Olympus Evolt E-3 Digital SLR Cameraဟာ နည်းပညာပိုင်းသာလွန်မှုတွေကြောင့် ဈေးကွက်မှာ အခိုင်အမာ ရပ်တည်နေတာကို တွေ့ရပါတယ်။




### Image

Olympus Evolt E-3မှာ Total pixelပေါင်း ၁.၈ သန်းအထိ ရှိမှာဖြစ်ပြီး Effective pixelကတော့ ၁၀.၁ သန်းရှိမှာဖြစ်လို့ ပုံရိပ်ဖမ်းယူနိုင်မှုမှာ အကောင်းဆုံးနဲ့ အရောင်တွေ အစုံဆုံး ဖမ်းယူနိုင်မှာဖြစ်ပြီး ရုပ်ပုံတွေကို ပြန်လည် ထုတ်ပေးနိုင်မှုမှာလည်း ကောင်းမွန်တယ်လို့ ဆိုနိုင်ပါတယ်။ ထုတ်ပေးနိုင်မယ့် File Formatတွေက JPGနဲ့ RAW အမျိုးအစားတွေ ဖြစ်ပါတယ်။ RAWအနေနဲ့ ၁၉ ပုံရိုက်ကူးနိုင်မှာဖြစ်ပြီး JPGအမျိုးအစားကိုတော့ SD Card ဆံ့သလောက် ရိုက်ကူးနိုင်မှာပါ။

### Body

ကိုယ်ထည်ကို မဂ္ဂနီဆီယမ် ဦးစားပေး တည်ဆောက်ထားတာ တွေ့ရပြီး အကောင်းဆုံး မဟုတ်ပေမယ့် ရေစိုလည်း ခံနိုင်ရည် ရှိပါလိမ့်မယ်။ ၅၀ မီလီမီတာ Lens တပ်ဆင်ပေးထားပြီး Lensရဲ့ စွမ်းရည်က 10.1 Megapixel တောင်ရှိမှာ ဖြစ်ကာ Dioptre Adjustmentကို -၃ ကနေ +၁ အထိ လုပ်ဆောင်နိုင်မှာပါ။ Eyepiece shutterကို ထည့်သွင်း တည်ဆောက်ထားပြီး Mirror အမျိုးအစားက Quick Return Mirror ဖြစ်ပါလိမ့်မယ်။ အလေးချိန်က ၁.၈ ပေါင်ပဲရှိလို့ သယ်ယူရ လွယ်ကူမယ့် ကင်မရာ အမျိုးအစား ဖြစ်ပါတယ်။ ကိုယ်ထည်ပိုင်းမှာ အကျယ် ၅.၆ လက်မ၊ အမြင့် ၄.၆ လက်မနဲ့ အထူ ၂.၉ လက်မ ရှိမှာပါ။

### Operating System and Monitor

Processor အမျိုးအစားမှာ TruePicIIIကို တပ်ဆင် အသုံးပြုထားပါတယ်။ Shutter Speedက 1/8000 စက္ကန့်ဖြစ်လို့ Delay Timeနဲ့ Wave Strikingကို အကောင်းဆုံး ကာကွယ်ပေးနိုင်ပါလိမ့်မယ်။ Hyper Crystal TFT အမျိုးအစား LCD Screen Displayစနစ်ဖြစ်ပြီး အကျယ်က ၂.၅ လက်မ ရှိပါတယ်။ Vari-angleအဖြစ် Swingနဲ့ Tiltတွေကိုလည်း သုံးစွဲနိုင်ပါလိမ့်မယ်။ Pixel စုစုပေါင်း ၂၃၀,၀၀၀ ပါရှိမှာဖြစ်ပြီး ရာနှုန်းပြည့် Coverage လုပ်ပေးနိုင်မှာလည်း ဖြစ်ပါတယ်။

### Connectivity and Price

USB 2.0 (Hi-speed) အဝင်ပေါက် တစ်ခု၊ NTSCနဲ့ PAL စနစ်နှစ်မျိုး ထုတ်ပေးနိုင်မယ့် Video အထွက်ပေါက် တစ်ခု၊ IR Remote Control တစ်ခု၊ လျှပ်စစ် အားသွင်းဖို့နဲ့ တိုက်ရိုက်ချိတ်ဆက် သုံးစွဲနိုင်မယ့် DC-In အပေါက် တစ်ခုနဲ့ PC Sync အပေါက်တစ်ခုတို့ ပါဝင်မှာပါ။ ဈေးနှုန်းက ၈၉၀ ဒေါ်လာ ဖြစ်တာကြောင့် Digital Camera အမျိုးအစားတွေထဲမှာ ဈေးနှုန်း သင့်တင့်တဲ့ ကင်မရာကောင်း တစ်လုံး ဖြစ်ပါတယ်။

Ref: www.dpreview.com

## Ultrabook

# ASUS / Taichi 31

လင်းထက်

Asusဟာ TaiChi Seriesကို ထုတ်လုပ်အောင်မြင်နေပြီး နောက်ဆုံးထုတ်ခဲ့တဲ့ TaiChi 21ရဲ့ နောက်ဆက်တွဲ TaiChi 31ကို မကြာခင် ဈေးကွက်တင်တော့မှာ ဖြစ်ပါတယ်။ ထူးခြားတဲ့ ဒီဇိုင်းနဲ့ Sysတွေ ပြောင်းလဲထားမှုတွေကြောင့် TaiChi 31ကို စိတ်ဝင်စားသူတွေ များနေကြပါတယ်။ ဒါကြောင့် TaiChi 31အကြောင်းကို ရေးသားပေးလိုက်ပါတယ်။




### Display

13.3 လက်မရှိတဲ့ Screen တပ်ဆင်ထားပြီး နှစ်ဖက်မြင် Displayစနစ် ဖြစ်ပါတယ်။ Ultrabookတွေရဲ့ သဘောတရားအတိုင်း Screen ဒီဇိုင်းကို အကောင်းဆုံး ဆန်းသစ်ထားတာ တွေ့နိုင်ပါတယ်။ ဒါကြောင့် User နှစ်ယောက် အနေနဲ့ Data Process တွေကို တစ်ပြိုင်နက်တည်း မသုံးနိုင်ပေမယ့် အကောင်းဆုံး မျှဝေခံစားမှုကိုတော့ ပေးစွမ်းနိုင်မှာပါ။ Tabletပုံစံ ဒီဇိုင်း ထုတ်ထားတာဖြစ်ပြီး အပြင်ဘက် Screen ပြသနိုင်မှုကလည်း ပါဝါပိတ်လိုက်တာနဲ့ အလိုအလျောက် ပိတ်သွားမှာ ဖြစ်ပါတယ်။ Userက အသုံးမပြုချင်လို့ ပိတ်ထားမယ်ဆိုရင်လည်း အပြင်ဘက် Screenကို ပိတ်ထားပြီး သုံးစွဲနိုင်ပါတယ်။

Resolutionက 1080 Pixelရှိမှာ ဖြစ်လို့ ထူးခြားတယ်လို့ မဆိုနိုင်ပါဘူး။ အပြင်ဘက် Displayအလွှာမှာ Covering Sys အတွက် ရည်ရွယ်ပြီးတော့ Scratch-Resistant အလွှာကို ထည့်ပေးထားတာ တွေ့နိုင်ပါတယ်။

ဒါကြောင့် အပြင်ဘက် Screenနဲ့ ပတ်သက်ပြီး၊ Damage အတွက် စိုးရိမ်စရာ မရှိလှပါဘူး။

### Battery Life

Dual-Display စနစ်ကို အသုံးပြုတဲ့ စက်ပစ္စည်းတွေရဲ့ အားနည်းချက်အတိုင်း Battery Lifeတော့ အနည်းငယ် တိုတောင်းတာ တွေ့နိုင်ပါတယ်။ Battery Capacityက 53 Wh ဖြစ်ပြီး Battery Lifeကို ၇ နာရီ အသုံးပြုနိုင်အောင် ဖန်တီးပေးထားလို့ TaiChi 31ဟာ အားနည်းချက်ကို ဖျောက်ပစ်နိုင်ခဲ့တယ်လို့ ဆိုရမှာပါ။

### Operating Sys

Window 8 စနစ်ကို သုံးထားပြီး Processorမှာ Intel Core i5/ i7 Ivy Bridgeကို အသုံးပြုထားတာ တွေ့ရပါတယ်။ CPUရဲ့ အမြန်နှုန်းက 1700 MHzရှိမှာ ဖြစ်ပြီး၊ Ultrabookတွေထဲမှာတော့ မြန်နှုန်းမြင့် စနစ်နဲ့ စွမ်းဆောင်ပေးနိုင်မယ့် Model အသစ်ဖြစ်ပါတယ်။ Graphic အပိုင်းမှာတော့ Intel HD 4000ကို သုံးထားတာကြောင့် Gammerတွေအတွက် အဆင်ပြေမှာဖြစ်ပြီး၊ Warcraftလို Gameမျိုးကိုတောင်း လွယ်ကူစွာ ထည့်သွင်း ကစားနိုင်ပါလိမ့်မယ်။ RAM အပိုင်းမှာ 4 GB ပါရှိမှာ ဖြစ်ပြီးတော့ SSDကို 128 GB ဒါမှမဟုတ် 256 GBအထိ တိုးမြှင့် သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။

### Price

တိကျတဲ့ ဈေးနှုန်း ကြေညာခြင်း မရှိသေးပေမယ့် TaiChi 21 ထက်တော့ ဈေးပိုမှာ ဖြစ်ပြီး၊ လတ်တလော ကြေညာထားတဲ့ ဈေးနှုန်းက ဒေါ်လာ ၁၃၀၀ ဖြစ်ပါတယ်။ အနိမ့်ဆုံး ဖြစ်နိုင်ချေရှိတဲ့ ဈေးနှုန်းက ၁၀၉၉ ဒေါ်လာလို့ ခန့်မှန်းနေသူတွေလည်း ရှိပါတယ်။ အကြောင်းကတော့ TaiChi 21ထက် အလေးချိန် ပိုမိုမှာ ဖြစ်တာကြောင့် ဈေးနှုန်း လျော့ကျဖို့ ရှိနေပါတယ်။

### Wireless Interface

Bluetooth 4.0ကို အကောင်းဆုံး အသုံးပြုနိုင်မှာ ဖြစ်ပေမယ့် 3G Cellualr ကဲ့သို့သော Wireless WANကိုတော့ သုံးစွဲနိုင်မှာ မဟုတ်ပါဘူး။ LAN အပိုင်းမှာတော့ 802.11 b/g/nကို အသုံးပြုနိုင်မှာ ဖြစ်လို့ LAN သုံးစွဲမှု အပိုင်းမှာ အဆင်ပြေ ချောမွေ့ပါလိမ့်မယ်။

### Connectivity

Power Input Port တစ်ခု၊ USB Port နှစ်ခုနဲ့ MicroPhone/ HeadJack Portတွေနဲ့ Power On/Off ခလုတ်တွေကို Ultrabookရဲ့ ညာဖက်ခြမ်းမှာ တပ်ဆင်ပေးထားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် USB Portနဲ့ ပတ်သက်ပြီး USB 3.0 Port အမျိုးအစား ဖြစ်နိုင်ကြောင်းနဲ့ တခြား အသုံးပြုနိုင်မှု လွယ်ကူမယ့် Portတွေကိုလည်း တပ်ဆင်သွားဖို့ ရှိကြောင်း သိရပါတယ်။

### Other Feature

Screen အမျိုးအစားက LED-Backlit LCD ဖြစ်ပြီး Multi-touch စနစ်ကို အကောင်းဆုံး သုံးစွဲနိုင်ပါလိမ့်မယ်။ အလေးချိန်ကိုတော့ ၃.၄ ပေါင် ရှိမှာဖြစ်လို့ အလေးချိန် ၂.၇ ပေါင်ပဲရှိတဲ့ TaiChi 21နဲ့ စာရင်တော့ ပိုလေးနေတာ တွေ့ရပါတယ်။ ကင်မရာ အပိုင်းမှာတော့ ထူးခြားတဲ့ ပြောင်းလဲမှု မရှိပဲ TaiChi 21မှာ တပ်ဆင်ထားတဲ့ ကင်မရာ အတိုင်းသာ ပါဝင်ပါလိမ့်မယ်။

Ref; www.liliputing.com

အိုင်စီတီ ဂျာနယ်
Volume 2, Issue 16
MYANMAR ICT JOURNAL

## Laptop **Toshiba** Qosmio X875




လင်းထက်

Toshibaရဲ့ နောက်ဆုံးထုတ် Qosmio X875-Q7390က 3D Display စနစ်နဲ့ ဆက်စပ်ပြပေးနိုင်မှုနဲ့ Connection အပိုင်း ကောင်းမွန်အောင် ဖန်တီးထားမှုတွေကြောင့် လူကြိုက်များနေတာ တွေ့ရပါတယ်။ ဒ့ါအပြင် Storage Capacityက 2 TBတောင်ရှိလို့ Notebook တစ်လုံးနဲ့ မလိုက်အောင် စွမ်းဆောင်နိုင်နေတာ တွေ့ရပါတယ်။ Connection အပိုင်းမှာ USB 3.0 Port သုံးခုပါတာ တစ်ခုတည်းနဲ့တင် အားသာချက် တစ်ခု ဖြစ်နေပါပြီ။ Battery Life တိုတောင်းမှု၊ အာမခံ သက်တမ်း တိုတောင်းမှုနဲ့ Media Playingတွေမှာ Quality အနည်းငယ် လျော့နည်းတာတွေက အားနည်းချက်တွေ ဖြစ်ပါတယ်။ Blu-ray Burner ပါဝင်နေလို့ အခွေတွေကို အမြန်ဆုံးနဲ့ အကောင်းဆုံး ကူးယူ ဖတ်ရှုနိုင်ပါလိမ့်မယ်။

Processor အမျိုးအစားက intel Core i7-3630 QMကို အသုံးပြုထားပြီး အမြန်နှုန်းက 2.4 GHz တောင် ရှိမှာ ဖြစ်ပါတယ်။ Graphicအတွက် Nvidia GeForce GTX670M သုံးထားပြီး 3GB ရှိမှာ ဖြစ်လို့ Gammerတွေ သဘောကျ နှစ်မြို့က်လိမ့်မယ် ထင်ပါတယ်။ ဒါပေမယ့် ဆိုခဲ့သလိုပဲ Battery Lifeက အရမ်းတိုတောင်းတာ တွေ့ရပြီး ၅၁ မိနစ် အကြာပဲ သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ Connection အပိုင်းမှာ USB 3.0 Port အပြင်၊ Ethernet Port တစ်ခု၊ Audio Jack တစ်ခု၊ Memory Card Reader တစ်ခုနဲ့ VGA, HDMI Out Portတွေ ပါဝင်ပါလိမ့်မယ်။ မြင်ကွင်းအကျယ်က ၁၇.၃ လက်မရှိမှာ ဖြစ်ပြီး 1920×1080 Pixel အပြည့် ပြသပေးနိုင်မှာပါ။ အလေးချိန်က ၇.၆ ပေါင်ပဲ ရှိမှာ ဖြစ်လို့ အနေတော်လောက် ဖြစ်ပြီး ဈေးနှုန်းက ၁၉၄၉.၉၉ ဒေါ်လာ ဖြစ်ပါတယ်။

Ref: www.pcmag.com

## Tablet **Lenovo** IdeaPad™ S400



မင်းခန့်

Lenovoရဲ့ ထုတ်ကုန်သစ် IdeaPadTM S400ကို အခု ကျွန်တော်တို့ဆီမှာ ဝယ်ယူနိုင်ပြီ ဖြစ်ပါတယ်။ ပါးလွှာပြီး ၁၄ လက်မ အကျယ်ရှိမယ့် Screen ပါရှိမှာ ဖြစ်ပြီး ဝ.၉၁ လက်မ အထုပဲ ရှိပါလိမ့်မယ်။ Resolutionက ၁၃၆၆× ၇၆၈ Pixelပဲ ရှိမှာ ဖြစ်တဲ့အတွက် ရုပ်ထွက်ပိုင်း အနည်းငယ် အားနည်းချက် ရှိပါလိမ့်မယ်။ TN LED အမျိုးအစားကို သုံးစွဲထားတာဖြစ်လို့ စွမ်းအင် အသုံးချမှုကိုတော့ အနည်းငယ်များပါလိမ့်မယ်။ Processor အမျိုးအစားက Intel Pentium 997 တပ်ဆင်ထားပြီး အမြန်နှုန်းက 1.60 GHz ရှိပါလိမ့်မယ်။ RAM အပိုင်းမှာ 2 GB ပါရှိမှာ ဖြစ်ပြီးတော့ SATA HDDကို 320 GB ထိအောင် တိုးမြှင့် သုံးစွဲနိုင်ပါလိမ့်မယ်။

Wireless Connection အဖြစ် LANနဲ့ Lenovo b/g/nတွေ သုံးစွဲနိုင်မှာ ဖြစ်ပြီးတော့ Port အပိုင်းမှာ HDMI Port တစ်ခု၊ USB 3.0 Port တစ်ခုတို့ ပါဝင်ပါလိမ့်မယ်။ တပ်ဆင်ပေးထားတဲ့ Speaker အမျိုးအစားက Standard ဖြစ်လို့ Stereo အသံတွေကို အကောင်းဆုံး ထုတ်ပေးနိုင်ပါလိမ့်မယ်။ Bluetooth V3.0ကိုလည်း သုံးစွဲနိုင်ဦးမှာ ဖြစ်ပါတယ်။ Batteryကိုတော့ 4 Cell Li-ionတပ်ဆင်ထားတာကြောင့် အားနည်းမှု ရှိပါတယ်။ အာမခံကိုတော့ Lenovoက တစ်နှစ်ပေးထားပြီး၊ Lenovoက S400အတွက် External Hardisk ကို တပါတည်း ဈေးကွက် တင်ထားတာတွေ့ရပါတယ်။ ဈေးနှုန်းက ၃၉၉ ဒေါ်လာ ဖြစ်တာကြောင့် တန်ဖိုးနည်း Notebook တစ်လုံးဖြစ်ကာ 09-830 1037မှ တစ်ဆင့် ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။

## Tablet **Google** Nexus 7




လင်းထက်

Google Nexus 7ရဲ့ အားသာချက်က တောက်ပတဲ့ Screen တပ်ဆင်ပေးထားမှု ဖြစ်ပါတယ်။ အဲဒါကြောင့် အမှောင်ခန်းများတဲ့ Media Playingတွေကို အကောင်းဆုံး ကြည့်ရှုနိုင်ပါလိမ့်မယ်။ ဒ့ါအပြင် သယ်ယူရ လွယ်ကူ အဆင်ပြေစေမယ့် ဒီဇိုင်းပုံစံနဲ့ ထုတ်လုပ်ပေးထားပြီး Battery Lifeလည်း ကောင်းမွန်တာ တွေ့ရပါတယ်။ Android 4.2 စနစ်ကို အသုံးပြုထားပြီး သုံးစွဲမှု အလွယ်ကူဆုံး ဖြစ်စေပါလိမ့်မယ်။ အားနည်းချက်မှာတော့ Android စနစ်သုံး ဖြစ်ပေမယ့် Tabletနဲ့ လျော်ညီအောင် အတွက်တော့ ပိုများတဲ့ Appတွေ Install လုပ်ဖို့ လိုအပ်နေသေးတာကြောင့် Add ထပ်လုပ်ဖို့ လိုပါလိမ့်မယ်။ အသစ်ထွက်တဲ့ Gameတွေအတွက် Frame Rate ဆိုင်ရာ ကန့်သတ်ချက် တချို့ ပါရှိနေခြင်းနဲ့ HSPA+ မြန်နှုန်းဟာ Fileရဲ့ တည်နေရာ အပေါ် မူတည်နေတာတွေက အားနည်းချက် တချို့ အဖြစ်တော့ ရှိနေပါလိမ့်တယ်။

ဈေးနှုန်းက အသက်သာဆုံး တန်ဖိုးနည်း Tablet တစ်လုံးဖြစ်ပါတယ်။ 16 GB ရှိမယ့် မော်ဒယ်သစ်အတွက် ဈေးနှုန်းက ၁၉၉ ဒေါ်လာဖြစ်ပြီး 32 GBအတွက် ၂၄၉ ဒေါ်လာနဲ့ HSPA+ ကို ထည့်သွင်း အသုံးပြုချင်ရင် 32GB မော်ဒယ်မှာ ထည့်သွင်း အသုံးပြုနိုင်မှာ ဖြစ်သလို ကုန်ကျစရိတ်က ၂၉၉ ဒေါ်လာ ဖြစ်သွားပါလိမ့်မယ်။ Sim Card Slotက ပုံစံ အသစ်နဲ့ တည်ဆောက်ထားပြီး အလေးချိန် နည်းနည်းပိုတာ တွေ့ရပါတယ်။ HSPA+ ပါဝင်တဲ့ စနစ်တွေမှာ Wi-Fi စနစ်ကို နဂိုအတိုင်း သုံးစွဲနိုင်မှာပါ။ အလေးချိန် စုစုပေါင်း ဝ.၇၆ ပေါင် ရှိမှာ ဖြစ်ပြီး အကျယ်က ၇.၈ လက်မနဲ့ အမြင့်က ၄.၇ လက်မ ရှိမှာဖြစ်ကာ ထုထည်ကတော့ ဝ.၄ လက်မပဲ ရှိပါလိမ့်မယ်။

Ref: www.cnet.com

## Tablet **Asus** Fone Pad




မင်းခန့်

Asus Fone Padကို Tabletအဖြစ်နဲ့ရော Phablet, Doohickeyအဖြစ်တွေနဲ့ပါ လူသိများပါတယ်။ Samsung Galaxy Note 2 နဲ့ ဆင်တူပြီး ကြီးမားကျယ်ပြန့်တဲ့ မျက်နှာပြင် ပါရှိပြီး အကျယ် ၇ လက်မတောင် ရှိပါလိမ့်မယ်။ ဒါပေမဲ့ Asus FonePadက ဈေးကွက်မှာ အပြိုင်ဖြစ်နေတဲ့ Nexus 7ထက်စာရင် မျက်နှာပြင် အနည်းငယ် သေးတာကြောင့် Handset တစ်ခုအဖြစ်နဲ့ပါ သယ်ဆောင်ရ လွယ်ကူမှာဖြစ်လို့ Media Playing အပိုင်းတွေရော၊ Network အသုံးချမှုတွေနဲ့ Phone သဘောမျိုး လုပ်ဆောင် သုံးစွဲနိုင်မှုတွေမှာပါ Asus Fone Padက သာလွန်တယ်လို့ ဆိုနိုင်ပါတယ်။

အလေးချိန်မှာ ဝ.၇ဝ ပေါင်ပဲ ရှိမှာ ဖြစ်လို့ Nexus 7ထက် ပိုမို ပေါ့ပါးတာ တွေ့နိုင်ပါတယ်။ မျက်နှာပြင်အကျယ်က ၇.၇ လက်မရှိမှာ ဖြစ်သလို အမြင့်က ၄.၇ လက်မနဲ့ အထူက ဝ.၄ လက်မပဲ ရှိပါလိမ့်မယ်။ ကိုယ်ထည်ပိုင်းက အလေးချိန် အနည်းငယ် လျော့နည်းပြီး Metal ဦးစားပေးနဲ့ တည်ဆောက်ထားတာမို့ ခိုင်ခံ့မှုလည်း ကောင်းပါတယ်။ Powerနဲ့ အသံထိန်းချုပ် ခလုတ်တွေကို Tabletရဲ့ ဘယ်ဘက်ခြမ်းမှာ ထည့်သွင်းထားပါတယ်။ Micro-USB Port၊ HeadPhone Jackနဲ့ MicroPhone PinHoleတွေ ပါဝင်ပါလိမ့်မယ်။ 3 Mega Pixelရှိမယ့် Camera ပါဝင်မှာ ဖြစ်ပြီး နောက်ဖက်ခြမ်း အဖုံးကို သေချာအောင် ပိတ်ထားလို့ အဖြုတ်၊ အတပ်တော့ အခက်အခဲ အနည်းငယ် ရှိပါတယ်။ Android 4.1.2(Jelly Bean)ကို အသုံးပြုထားပြီး GSM စနစ်မှာ သုံးစွဲနိုင်မှာ ဖြစ်ပြီး HSPA + မြန်နှုန်း3.5 ရှိပါလိမ့်မယ်။

Ref: www.cnet.com

Mobile

# Samsung / Galaxy Y I509 (CDMA)

မင်းခန့်

Samsungရဲ့ CDMA ဟန်းဆက် နောက်တစ်မျိုးနဲ့ မိတ်ဆက်ပေးချင်ပါတယ်။ အရင်တစ်ပတ်က မိတ်ဆက်ပေးခဲ့တဲ့ ဟန်းဆက်ရဲ့ မော်ဒယ်နဲ့ သိပ်မကွာလှပေမယ့် လုပ်ဆောင်နိုင်မှုတွေမှာတော့ ကွာဟမှုတွေ ရှိတာကြောင့် စိတ်ကြိုက် ဖြစ်မယ့် ဟန်းဆက်ကို ရွေးချယ်နိုင် လေ့လာနိုင်အောင် တင်ပြပေးလိုက်ပါတယ်။




## Operating System

Operating Systemက Andoid v2.3ကို အသုံးပြုထားတာ တွေ့ရပါတယ်။ CPUရဲ့ မြန်နှုန်းက 830 MHzရှိမှာ ဖြစ်တာကြောင့် မော်ဒယ်မြင့် ဟန်းဆက်တွေလောက်တော့ လျှင်မြန်အောင် စွမ်းဆောင်ပေးနိုင်မှာ မဟုတ်ပါဘူး။ ဒါပေမယ့် ဈေးကွက်မှာ အဝင်နည်းတဲ့ CDMA ဟန်းဆက်တွေထဲမှာ တော့ မြန်နှုန်းမြင့် ဟန်းဆက်တစ်ခုအဖြစ် ရပ်တည် နေနိုင်တာ တွေ့ရပါတယ်။ RAM အပိုင်းမှာ 290 MB ပါရှိမှာဖြစ်လို့ Appတွေကို စိတ်ကြိုက်ထည့်သွင်း အသုံးပြု နိုင်ပါလိမ့်မယ်။

## Network Type

CDMA စနစ်သုံး ဟန်းဆက်ဖြစ်ပြီး Sim Card ထည့်သွင်းဖို့ နေရာက တစ်နေရာပဲ ပါဝင်မှာ ဖြစ်လို့ အားနည်းချက် သဘောမျိုး ဖြစ်နေစေပါတယ်။ ထည့်သွင်း အသုံးပြုနိုင်မယ့် Sim အမျိုးအစားက Normal Sim ဖြစ်ပါတယ်။

## Display

Touch Screen စနစ်သုံး ဟန်းဆက်ဖြစ်ပြီး Screen အကျယ်က ၃ လက်မ အပြည့် ရှိပါလိမ့်မယ်။ ပြသပေးနိုင်မယ့် Pixel ပမာဏက 240×320 Pixel ဖြစ်တာမို့ ရုပ်ထွက်ပိုင်းမှာ လိုအပ်ချက် အနည်းငယ် ရှိမှာပါ။ ဒါပေမယ့် အရည်အသွေးမြင့် ဟန်းဆက် မဟုတ်သလို တန်ဖိုးမြင့် ဟန်းဆက် မဟုတ်တာကြောင့် ပစ်ချက်ရယ်လို့တော့ မဆိုနိုင်ပါဘူး။

Screen အမျိုးအစားက TFT Capacitive Touch-Screen စနစ်ကို အသုံးပြုထားတာကြောင့် သုံးစွဲချိန် ကြာမြင့်လို့ အပူချိန် တက်တာတွေ၊ အပူလှိုင်း ထုတ်လွှတ်မှုတွေ လျော့နည်းပါလိမ့်မယ်။ Screenက ထုတ်ပေးနိုင်မယ့် အရောင် ပေါင်းက ၂၅၆,၀၀၀ ဖြစ်လို့ ရုပ်ထွက်ပိုင်းမှာ ညံ့တယ်လို့ မဆိုနိုင်ပါဘူး။

## Body

ဖုန်းရဲ့ အရွယ်အစားက ၁၀၄ × ၅၈ × ၁၁.၅ မီလီမီတာ ရှိမှာဖြစ်ပြီး အလေးချိန်က Battery အပါအဝင် ၉၈ ဂရမ် သာ ရှိမှာဖြစ်လို့ ပေါ့ပါးတဲ့ ဟန်းဆက်တစ်ခု ဖြစ်ပါတယ်။

## Connectivity and Port

3.5 မီလီမီတာ အရွယ်ရှိမယ့် Head Jack တစ်ခု ပါဝင်မှာ ဖြစ်ပြီး Mediaတွေကို Play လုပ်ပြီး နားဆင်နိုင်မှာပါ။ ဒ့ါအပြင် Power Chargerအတွက် Input Portလည်း ပါဝင်မှာ ဖြစ်ပါတယ်။ GPRS စနစ်နဲ့အတူ 3G, 4G/LTE ကွန်ယက်တွေမှာပါ သုံးစွဲနိုင်မှာ ဖြစ်လို့ အားသာချက်တွေ ဖြစ်စေပါတယ်။

ဒ့ါအပြင် Input/ Output လုပ်ဆောင်ချက်တွေ အတွက် USB 2.0 Port တစ်ခု ပါဝင်ဦးမှာ ဖြစ်ပါတယ်။ Wireless စနစ်မှာတော့ Wi-Fi စနစ်နဲ့ Bluettoth တွေကို သုံးစွဲနိုင်မှာပါ။

## Memory

External Memory တပ်ဆင် ထည့်သွင်းပေးထားမှုက 180 MBပဲ ရှိတာမို့ ဟန်းဆက် ဝယ်ယူတာနဲ့ တစ်ပြိုင်နက် SD Cardကိုပါ တစ်ခါတည်း ဝယ်ယူသုံးစွဲမှ အဆင်ပြေ ပါလိမ့်မယ်။ SDကို Extended လုပ်နိုင်မှုက 32 GBထိ မြှင့်တင် သုံးစွဲနိုင်ပါလိမ့်မယ်။

## Camera

Camera အပိုင်းကတော့ 2 Mega Pixel စွမ်းအားပဲရှိတဲ့ ကင်မရာကို သုံးထားလို့ ပုံရိပ်ဖမ်းယူနိုင်မှုမှာ အားနည်းနိုင် ပါတယ်။ Geo-Tagging စနစ်ကိုပါ တွဲဖက်သုံးစွဲနိုင်မှာ ဖြစ်ပြီး၊ Resolution စုစုပေါင်းက 1600×1200 Pixel ရှိပါ လိမ့်မယ်။ Secondary ကင်မရာ ပါဝင်တပ်ဆင်ထားခြင်း မရှိတာ တွေ့ရပါတယ်။ ဒ့ါအပြင် HD Video ရိုက်ကူးမှုတွေ လုပ်ဆောင်နိုင်မှာ မဟုတ်ပါဘူး။ Flash Light တပ်ဆင် ထားခြင်းမရှိပဲ Auto Focusလည်း သုံးစွဲလို့ မရပါဘူး။

## Battery and Price

Standard Battery Lithium-Ion ကို အသုံးပြုထားပြီး စွမ်းရည်က 1200 mAh ရှိပါတယ်။ Stand By အခြေအနေ အဖြစ် 2G ကွန်ယက်မှာ နာရီပေါင်း ၈၅၀နဲ့ 3G ကွန်ယက်မှာ နာရီပေါင်း ၄၅၀ အသုံးခံပါလိမ့်မယ်။ Talk Tme မှာတော့ 2G ကွန်ယက်ကို ၁၇ နာရီနဲ့ 3G ကွန်ယက်ကို ၆.၃ နာရီကြာအောင် သုံးစွဲနိုင်ပါလိမ့်မယ်။ ဈေးနှုန်းက အနီးစပ်ဆုံးအဖြစ် အိန္ဒိယမှာ ရူပီး ၇၄၄၅နဲ့ ဖြန့်ချိထားပါတယ်။

Ref: www.flipkart.com

# Huawei / Ascend G300C (CDMA)

လင်းထက်

CDMA ဖုန်းတွေအတွက် ဟန်းဆက်တွေ အများအပြား လိုအပ်လာ ချိန်မှာ Huawei ဟန်းဆက်တွေ အကြောင်းကိုလည်း မိတ်ဆက် ပေးချင်ပါ တယ်။ ဈေးကွက်မှာတော့ ဒီမော်ဒယ်ကို G300C အဖြစ်နဲ့ရော C8810 အဖြစ်နဲ့ပါ လူသိများပါတယ်။




## Body and Display

အလျား ၂.၅ လက်မ၊ အမြင့် ၄.၇ လက်မနဲ့ အထူက ၀.၅ လက်မ ရှိမှာဖြစ်ပြီး Battery အပါအဝင် အလေးချိန် စုစုပေါင်းက ၁၃၅ ဂရမ် ရှိမှာ ဖြစ်ပါတယ်။ Screen ဒေါင်လိုက် အကျယ်အဝန်းက ၄ လက်မ အပြည့် ပြသပေးမှာ ဖြစ်ပြီး အလျား ၃.၄၄ လက်မနဲ့ အမြင့် ၂.၀၇ လက်မ ဖြစ်ပါလိမ့်မယ်။ Resolution စုစုပေါင်း ၃၈၄၀၀၀ ပဲ ရှိပြီး Pixel Densityက ၂၃၂ Pixelပဲ ရှိလို့ Display အပိုင်းမှာ အားနည်းချက် ရှိနေပါတယ်။

## Software

Operating Systemကို Google Android 2.3.5ကို အသုံးပြုထားတာကြောင့် စွမ်းဆောင်ရည်နဲ့ အမြန်နှုန်း အပိုင်းကိုတော့ ပြောစရာ မလိုလောက်တော့ပါဘူး။ Processor အမျိုးအစားက Qualcomm MSM7627T ဖြစ်ပြီး မြန်နှုန်းက 800 MHz ရှိပါ လိမ့်မယ်။ RAM အပိုင်းမှာ 512 MiB ပါရှိမှာ ဖြစ်ပါတယ်။

## Audio and Network

Audio Output အတွက် ၃.၅ မီလီမီတာ Jack ပါဝင်မှာ ဖြစ်ပြီး Microphoneနဲ့ Loudspeaker တွေ အတွက် Mono Soundတွေကိုပဲ ထုတ်ပေးနိုင်ပါလိမ့်မယ်။ သုံးစွဲနိုင်မယ့် Networkတွေက CDMA 800 နဲ့ CDMA 1900 စနစ်တွေမှာ အကောင်းဆုံး ချိတ်ဆက်သုံးစွဲ နိုင်ပါလိမ့်မယ်။ Antenna ပုံစံက Internal Antenna ဖြစ်တာကြောင့် GSM ဟန်းဆက်တွေနဲ့ ခွဲလို့မရအောင် ဆင်တူတာ တွေ့ရပါတယ်။

## Control and Connectivity

Multi-touch စနစ်ဖြစ်ပြီး Primary Keyboardနဲ့ Scroll Wheelတွေ မပါဝင်ပါဘူး။ Micro SD, microSDHC စတဲ့ SD အမျိုးအစားတွေကို 32 GBထိအောင် မြှင့်တင် သုံးစွဲနိုင်မှာပါ။ USB 2.0 Port တစ်ခုနဲ့ micro-USB Port တစ်ခုတို့ ပါဝင်မှာ ဖြစ်တဲ့အပြင် Bluetooth 2.1 ပါဝင် ဦးမှာ ဖြစ်တဲ့အပြင် Wireless LANနဲ့ Wi-Fi စနစ်တွေကိုပါ သုံးစွဲနိုင်ပါလိမ့်မယ်။

## GPS and Camera

Built in အဖြစ်နဲ့ GPS စနစ် ထည့်သွင်းပါဝင်နေပြီး GPS Protocolက NMEA 0183 ဖြစ်တာကြောင့် GPSစနစ်မှာ လိုအပ်ချက် အနည်းငယ် ရှိနေနိုင်ပါတယ်။ Resolution နှုန်း 4.92 Mega Pixelရှိမယ့် ကင်မရာ ပါဝင်မှာ ဖြစ်ပါတယ်။ Auto Focus လုပ်ဆောင် သုံးစွဲနိုင်မှာ ဖြစ်သလို Optical Zoom လုပ်ဆောင်နိုင်မယ့် နှုန်းက 1× ဖြစ်ပါတယ်။ Optical Zoom လုပ်နိုင်မှု နည်းပါးတာကြောင့် ပုံရိပ်ဖမ်းယူမှုတွေမှာ အခက်အခဲ ရှိနိုင်ပါတယ်။ Flash Light ပါဝင်မှာ ဖြစ်တဲ့အတွက် Night Scence ပုံရိပ်တွေကို အလင်းရောင် အကူအညီနဲ့ ရယူရိုက်ကူးနိုင်ပါလိမ့်မယ်။ Image တွေကို JPG Format အဖြစ်နဲ့ ထုတ်ပေးမှာဖြစ်တဲ့အတွက် Printing အပိုင်းနဲ့ Sharing အပိုင်းတွေမှာ လွယ်ကူစေနိုင် ပါလိမ့်မယ်။

## Battery and Price

Lithium-ion Batteryကို အသုံးပြုထားပြီး Removable လုပ်နိုင်မှာ ဖြစ်လို့ အပို Batteryလည်း သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ Battery Capacityက 1400 mAh ဖြစ်လို့ အချိန်အတော်ကြာအောင် သုံးစွဲနိုင်ပါလိမ့်မယ်။ ဈေးနှုန်းက ၉၉,၀၀၀ ကျပ်နဲ့ ဈေးကွက် ဝင်နေတာ တွေ့ရပါတယ်။

Ref: www.bestproductfeedback.com

အိုင်စီတီ ဂျာနယ်
Volume 2, Issue 16
MYANMAR ICT JOURNAL

## Denon // Exercise Freak




လင်းထက်၊ သန့်စင်

Denonရဲ့ အကောင်းဆုံး အားသာချက်တွေဖြစ်တဲ့ Exercise Freakဟာ လူငယ်တွေ အကြိုက်တွေ့စေမယ့် ပုံစံမျိုး ထုတ်လုပ်ထားပါတယ်။ ကြိုးမဲ့ စနစ်ကို အသုံးပြုထားပြီး Bluetooth 3.0 စနစ်နဲ့ ချိတ်ဆက်သုံးစွဲနိုင်အောင် ဖန်တီးပေးထားပါတယ်။ ပြန်လည် အားသွင်းသုံးစွဲနိုင်မယ့် Batteryကို Built-inအဖြစ် တည်ဆောက် ထုတ်လုပ် ထားတာတွေ့ရပြီး အိတ်ဆောင်အဖြစ်နဲ့ပါ ထားရှိသုံးစွဲနိုင်ပါလိမ့်မယ်။ အရောင်အနေဖြင့် အဖြူရောင်၊ အပြာရောင်နဲ့ အနက်ရောင်တွေကို ရွေးချယ်ဝယ်ယူနိုင်မှာ ဖြစ်ပြီး ဈေးနှုန်းက ၁၄၉ ဒေါ်လာ ဖြစ်တဲ့အတွက် Denon တံဆိပ်ထဲမှာတော့ တန်ကြေးနည်း Headphone တစ်ခုလို့ ပြောနိုင်ပါတယ်။

Ref: www.denon.com

## Pantone // Universe Bookcase



မင်းခန့်၊ သန့်စင်

iPhoneတွေမှာ အသုံးပြုနိုင်မယ့် Bookcase တစ်ခုကို Pantone Universe အမည်နဲ့ ဖြန့်ချိထားတာ တွေ့ရပြီး အလျားလိုက်အနေနဲ့ရော ဒေါင်လိုက်အနေအထားနဲ့ပါ စိတ်ကြိုက်ချိန်ညှိ သုံးစွဲနိုင်အောင် ဖန်တီးထားတာ တွေ့ရပါတယ်။ အရောင် အမျိုးအစားပေါင်း များစွာကို ရွေးချယ် ဝယ်ယူနိုင်မှာ ဖြစ်ပြီး သူ့ရဲ့ ပုံစံက သင့်ကို Smart ဖြစ်စေမှာတော့ အသေအချာပါပဲ။ ဈေးနှုန်းက ၃၉.၉၉ ဒေါ်လာဖြစ်ပြီး Covering သီးသန့်တွေထဲမှာ ဈေးနှုန်း မြင့်လွန်းတယ်လို့ ဆိုနိုင်ပါတယ်။ ဒါ့အပြင် နောက်ထပ် သုံးစွဲနိုင်မယ့် ပစ္စည်းတွေက iPhone 4Sနဲ့ Samsung Galaxy S3တွေဖြစ်တာကြောင့် Cover တစ်ခု ဝယ်ထားရုံနဲ့ အခြား SmartPhone ရှိသူတွေအတွက် အရမ်းကို အဆင်ပြေပါလိမ့်မယ်။

Ref: www.t3.com

## iRig // MIC Cast




လင်းထက်၊ သန့်စင်

သင့်ရဲ့ လက်ကိုင်ဖုန်းနဲ့ Videoတွေကို ဖမ်းယူရိုက်ကူးနိုင်တယ်ဆိုပေမဲ့ အသံတွေကိုတော့ အကောင်းဆုံး ဖမ်းယူနိုင်ဖို့ ခက်ခဲပါတယ်။ ဒါကြောင့် iRig MICရဲ့ အကူအညီနဲ့ အသံတွေကို အကောင်းဆုံး ဖမ်းယူနိုင်မှာ ဖြစ်ပါတယ်။ သင်ဖမ်းယူချင်တဲ့ အသံရဲ့ Sourceနဲ့ ပေအနည်းငယ် အကွာမှာထားပြီး အသံတွေ ဖမ်းယူရမှာ ဖြစ်ပြီးတော့ Voice Recordingလုပ်ရုံ သက်သက်ပဲ သုံးနိုင်မှာ ဖြစ်ပါတယ်။ ကြားခံ အနေနဲ့ထားပြီး သုံးစွဲနိုင်မှာ ဖြစ်သလို Headphoneမှ တစ်ဆင့်လည်း ကူယူနိုင်မှာ ဖြစ်လို့ အကြည်လင်ဆုံး အသံတွေကို ရရှိနိုင်မှာပါ။ ဒီဇိုင်းကောင်းမွန်ပြီး သုံးစွဲရလွယ်ကူတဲ့အပြင် တချိန်လုံးလည်း ချိတ်ဆက်ထားနိုင်ပါတယ်။ ဒါပေမဲ့ အားနည်းချက်တစ်ခုရှိတာက ဖုန်းပြောဆိုရင်း အသံတွေကို Recordလုပ်ရင်တော့ အသံထွက် ညံ့တာတွေ့ရပါတယ်။ ဈေးနှုန်းက ဒေါ်လာ ၄၀ ဖြစ်ပြီး iPhoneနဲ့ Androidစနစ်တွေမှာ သုံးစွဲနိုင်ပါတယ်။

Ref: www.digitaltrends.com

## Paradigm // Millenica CT



မင်းခန့်၊ သန့်စင်

PC Speakerတွေထဲမှာ မော်ဒယ်သစ်အဖြစ်နဲ့ ဈေးကွက် ဝင်ရောက်လာပြီး ဈေးကွက်မှာ ခိုင်မာတဲ့ တစ်နေရာစာ ရရှိထားတဲ့ Paradigm Millenia CTနဲ့ မိတ်ဆက်ပေးချင်ပါတယ်။ ကနေဒါ အခြေစိုက် Paradigmက သူ့ကုမ္ပဏီထုတ် ကွန်ပျူတာတွေဖြစ်တဲ့ Millenia CTတွေမှာ သုံးဖို့ ရည်ရွယ် ထုတ်လုပ်ထားတာ ဖြစ်ပေမယ့် ဒီဇိုင်းနဲ့ စွမ်းဆောင်ရည်တွေကြောင့် ဈေးကွက်မှာ လူကြိုက်များနေပါတယ်။ စွမ်းအင် အသုံးချမှုအပိုင်း နည်းပါးပြီး အရွယ်အစား သေးငယ်ပေမယ့် အတည်ငြိမ်ဆုံး အသံတွေကို ထုတ်လုပ်ပေးနိုင်ပါလိမ့်မယ်။ အထူးသဖြင့် Desktop စနစ်တွေမှာ သုံးစွဲဖို့ သင့်လျော်တာ တွေ့ရပြီး ဈေးနှုန်းက ၆၉၉.၉၉ ဒေါ်လာ ဖြစ်တာကြောင့် တန်ကြေးကြီး PC Speakerတွေကို ကြိုက်နှစ်သက်သူတွေအတွက် အကောင်းဆုံး ဖြစ်မှာပါ။

Ref: www.pcmag.com

## စတိုင်ကျကျ မှတ်တမ်းတင်နိုင်မယ့် Spy Pen



Left side: Photograph, Right side: record

မင်းခန့်

လတ်တလော ဈေးကွက်ထဲ ရောက်လာပြီဖြစ်တဲ့ Spy Penကို ညွှန်းလိုက်ပါတယ်။ Spy Pen အတွင်းမှာ ဘာတွေပါလဲဆိုတော့ ကင်မရာ၊ ဗီဒီယို၊ Memory Stick ပါဝင်မှာ ဖြစ်ပါတယ်။ Penရဲ့ ကိုယ်ထည်မှာ ခလုတ် နှစ်ခုပါပြီး ဘယ်ဘယ်က Video Record ဖြစ်ပြီး ညာဘက်က Photo Camera ဖြစ်ပါတယ်။ 1.3 MP ပါဝင်တဲ့ အတွက် အရမ်းကောင်းတယ်လို့ မဆိုနိုင်ပေမယ့် ကင်မရာ ရုပ်ထွက်က အရမ်းကြီး ဆိုးဂါးတယ်လို့လည်း မပြော နိုင်ပါဘူး။ Video Recordချည်း သီးသန့် သုံးမယ်ဆိုရင် ဆက်တိုက် 3နာရီလောက် သုံးနိုင်တယ်လို့ ဆိုပါတယ်။ Memory Stickကလည်း 4GB ပါဝင်တဲ့အတွက် တော်တော်များ သိမ်းထားလို့ ရပါတယ်။ သတင်းသမားတွေ အတွက် အထူးအသုံးဝင်တဲ့ Pen တစ်ချောင်း ဖြစ်ပါတယ်။ Cableနှင့် အားပြန်သွင်းပေးဖို့တော့ လိုပါတယ်။ ဈေးနှုန်းက 25,000 K လောက်ပဲရှိတဲ့ ဒီ Spy Penလေးကို သဃ်န်းကျွန်းမြို့နယ် အတွင်းမှာရှိတဲ့ Zay-Lite Tech (IT, Mobile & Electronic) ဖုန်း - ၀၉-၇၃၂-၀၃၅-၆၀ , ၀၁-၅၆၉-၉၆၆ ဝယ်ယူရရှိနိုင်ပါတယ်။

## Wireless // SmartPhone Printer



သန့်စင်

iPhone နှင့် Android စနစ်သုံးဖုန်းတွေနဲ့ Wireless ချိတ်ဆက်ကာ အသုံးပြုလို့ရတဲ့ Color Printer ဖြစ်ပါတယ်။ iPhoneမှာ ပါရှိတဲ့ အမျိုးမျိုးသော app တွေထဲက ပုံတွေကို Wireless Network ရှိရုံဖြင့် Printerဆီ ချိတ်ဆက် အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ တစ်မိနစ်အတွင်း ပုံတွေကို ထုတ်ပေးနိုင်မည်ဖြစ်ပြီး Ink Cartridges မရှိပဲ ယင်း Printerဟာ 4"x6 " အရွယ် ဘောင်မပါတဲ့ ဓါတ်ပုံတွေကို 300 Resolution နှုန်းနဲ့ အရောင်ပေါင်း 16.7 million တောင် ထုတ်ပေးနိုင်ဦးမှာ ဖြစ်ပါတယ်။ ရေစိုခံနိုင်ရည် အသင့်အတင့်ရှိပြီး လက်ဗွေရာတွေကိုလဲ မထင်စေဘူးလို့ သိရပါတယ်။ iPhone တွေအတွက် အထူးသင့်လျော်တယ် ဆိုပေမယ့်လည်း iPod,iPad စတဲ့ iOS 3 စနစ်သုံးများ၊ Android OS2နှင့်အထက် ရှိတဲ့ ပစ္စည်းတွေ၊ Pictbridge-Enabled Cameraတွေနဲ့လည်း အသုံးပြုလို့ ရပါတယ်။ Lifetime Guarantee ပါရှိပြီး ဈေးနှုန်းက ဒေါ်လာ 219.95 ဖြစ်ပါတယ်။

Ref: www.hammacher.com

# Monitor

## BENQ GW2450

လင်းသက်

ဧပြီလရဲ့ ရောင်းအားအကောင်းဆုံး Monitor Listမှာ နံပါတ်သုံးနေရာ ရရှိထားတဲ့ BENQ GW2450ဟာ TN Panelအစား VA Panelကို သုံးစွဲထားတာက အားသာချက် ဖြစ်နေစေပါတယ်။ ၂၀၀၁ခုနှစ် နောက်ပိုင်းမှာမှ Acerရဲ့ ဌာနခွဲအဖြစ် တည်ထောင်ထားတဲ့ BENQဟာ ၂၀၀၆ခုနှစ် နောက်ပိုင်း သီးသန့်ခွဲထွက်ခဲ့ပြီး အခုလို အချိန်တိုလေး အတွင်းမှာ ဈေးကွက်ရဲ့ နေရာတော်တော်များများကို ရရှိနိုင်ခဲ့တာပါ။

### Display

Displayပိုင်းမှာ Contrast Ratioက ၅၀၀၀:၁ ရှိမှာဖြစ်ပြီး Dynamic Contrast Ratioက ၂၀,၀၀၀,၀၀၀ း ၁ ရှိမှာ ဖြစ်ပါတယ်။ Screen အကျယ်က ၂၄ လက်မအပြည့် ပါရှိမှာဖြစ်သလို Resolutionက 1920 x 1080 pixel ဖြစ်ပြီး LED အမျိုးအစား ဖြစ်ပါတယ်။ Response Timeက အမြန်နှုန်း ၄ မီလီယံ စက္ကန့်ရှိပါလိမ့်မယ်။ ဥရောပရဲ့ စံနှုန်း သတ်မှတ်ချက်မှာ Display ပိုင်းက ရမှတ်ကောင်းတွေ ရရှိထားပါတယ်။

### View Point

ရုပ်ထွက်အကောင်းဆုံးနဲ့ အကြည်လင်ဆုံးကို ပေးစွမ်းနိုင်မယ့် BENQ GW2450 ဟာ တစောင်း အနေအထားနဲ့တောင်မှ ၁၇၈ ဒီဂရီကနေ ကြည့်ရှုခံစားနိုင်ပါလိမ့်မယ်။ ဒါပေမယ့် Screenရဲ့ Height ကိုတော့ ထိန်းညှိတဲ့စနစ် ထည့်သွင်းထားခြင်း မရှိတာ တွေ့ရပါတယ်။

### Features

စွမ်းအင် အသုံးပြုမှုနည်းတာက အားသာချက်ကြီး ဖြစ်နေစေပါတယ်။ နောက်တစ်ချက်ကတော့ Built-in Speaker ပါဝင်မှာဖြစ်လို့ သင့်အနေနဲ့ PCသုံး Speaker ထပ်ပြီး ဝယ်စရာ မလိုတော့ပါဘူး။ ဒါကြောင့် ဒီအပိုင်းမှာလည်း ရမှတ်တွေ ကောင်းနေတာ တွေ့ရပါတယ်။

### Connection

Connectionမှာတော့ Port အမျိုးအစား သုံးခုပါဝင်မှာဖြစ်ပြီး HDMI Port, DVI Port နဲ့ VGA Portတွေ ဖြစ်ပါတယ်။ HDMIနဲ့ DVI Portတွေက HDCP (High Bandwidth Digital Content Protection)ကို Support လုပ်ပေးနိုင်မှာပါ။ ဒါ့အပြင် Headphone, Keyboard, Mouse, Webcam, Flash Cardနဲ့ အခြားသော USB Deviceတွေအတွက်လည်း Portတွေ ပါဝင်သေးတာကြောင့် Connection အပိုင်းကတော့ အမှတ်ပြည့် ရရှိထားတာ တွေ့ရပါတယ်။

### Warranty

အာမခံ အပိုင်းမှာတော့ BENQ GW2450 ကို ကုမ္ပဏီက အာမခံသက်တမ်း တစ်နှစ်ပေးထားတာ တွေ့ရပါတယ်။ သက်တမ်းအတွင်း တစ်ခုခု ဖြစ်ခဲ့မယ်ဆိုရင် ပြုပြင်ပေးခြင်း ဒါမှမဟုတ် ပြန်လဲပေးခြင်းတွေ လုပ်ဆောင်ပေးသွားမှာ ဖြစ်လို့ ဒီအပိုင်းကလည်း ရမှတ်ကောင်းနေပါတယ်။ ပြုပြင်ပေးခြင်းအပိုင်း အတွက် BENQ ရုံးခွဲတွေမှာ ဝယ်ယူမှသာ အာမခံအပြည့် ရရှိနိုင်မယ်လို့ ဆိုပါတယ်။

### Compare

ဈေးကွက်ထိပ်ဆုံးပိုင်းက Monitorချင်း နှိုင်းယှဉ်မှုမှာ Response Timeက အကောင်းဆုံး စာရင်းဝင်နေပြီး Max Dynamic Contrast ပိုင်းမှာတော့ အားနည်းနေတာ တွေ့ရပါတယ်။ စွမ်းအင် အသုံးချမှုအပိုင်းမှာ 53 Watt ဖြစ်လို့ တခြား Monitorတွေထက် စာရင် အနည်းငယ် များနေတာတွေ့ရပြီး အလေးချိန်ကလည်း ၁၇ပေါင်ဖြစ်လို့ နည်းနည်းတော့ ပိုနေပါတယ်။ USB Port အပိုင်းမှာတော့ ထိပ်ဆုံးက Dell Ultraနဲ့တောင် တန်းတူလိုက်နေပြီး Warranty ပိုင်းမှာတော့ ၁ နှစ်တည်း ဖြစ်နေတာ တွေ့ရပါတယ်။




### Price and Other Features

ဈေးနှုန်းက ၂၃၈.၃၂ ဒေါ်လာဖြစ်ပြီး၊ အရည်အသွေး သင့်တင့်မှုနဲ့အတူ ဈေးနှုန်း သက်သာခြင်းကြောင့် လူကြိုက်များနေတဲ့ Monitor တစ်မျိုးဖြစ်ကာ Window 7 Color Systemနဲ့ ကိုက်ညီမှုရှိပြီးဖြစ်လို့ Win 7 အသုံးပြုနေသူတွေ အတွက်တော့ အရမ်းအဆင်ပြေပါစေလိမ့်မယ်။ အခြား Window စနစ် အသုံးပြုနေသူများအတွက်တော့ Color System ပိုင်းမှာ လိုအပ်ချက် အနည်းငယ် တွေ့နိုင်ပါတယ်။

Ref: www.toptenreviews.com

# TV

## Samsung F8000 LED SmartTV

မင်းခန့်

Samsungရဲ့ ပင်ကိုယ် ပုံစံအတိုင်း ပါးလွှာပြီး ဒီဇိုင်း ထူးခြားအောင် ဖန်တီး ထားပြီး ပုံစံသစ်နဲ့ Standကို Arc Standလို့ အမည်ပေးထားပါတယ်။ Screenရဲ့ ထိပ်ဖက်ပိုင်းမှာ 5 MegaPixel ရှိတဲ့ Camera ပါဝင်မှာဖြစ်တဲ့ အတွက် Network အသုံးပြုမှုအပိုင်းကော၊ ပုံရိပ် ဖမ်းယူနိုင်မှု အပိုင်းမှာပါ အဆင်ပြေပါလိမ့်မယ်။

ကိုယ်ထည်ပိုင်းမှာ ပလက်စတစ်ထက် သတ္တုပိုင်းကို ဦးစားပေး တည်ဆောက်ထားတာ တွေ့မြင်နိုင်ပါတယ်။ Remoteနဲ့ ပတ်သက်ပြီး ထူးခြားတာ တစ်ခုက Built in Microphone တစ်ခုပါဝင်ပြီး Voice Controlကို ထိန်းချုပ်ပေးနိုင်မှာ ဖြစ်ပါတယ်။ Inputအဖြစ် HDMI Port လေးခု ပါဝင်မှာ ဖြစ်ပြီး၊ USB Port ကတော့ သုံးခု ပါဝင်ပါလိမ့်မယ်။ ဒါ့အပြင် Componentနဲ့ RGB SCARTတွေ အတွက်လည်း Portတွေ ပါဝင်ဦးမှာ ဖြစ်ပါတယ်။

မော်ဒယ်သစ် F8000မှာ အရွယ်အစား သုံးမျိုး ရွေးချယ် ဝယ်ယူနိုင်မှာ ဖြစ်ပြီး၊ ၄၆ လက်မ၊ ၅၅ လက်မနဲ့ ၆၅ လက်မ အရွယ်တွေကို စိတ်ကြိုက် ရွေးချယ်နိုင်မှာပါ။ ဈေးနှုန်းတွေကတော့ ၄၆ လက်မ မော်ဒယ်အတွက် ၂,၁၉၉ ဒေါ်လာ၊ ၅၅ လက်မအတွက် ၂,၆၉၉ ဒေါ်လာနဲ့ ၆၅လက်မ မော်ဒယ်အတွက် ၂,၉၉၉ ဒေါ်လာတွေ ဖြစ်ပါတယ်။ Web Browser, Spotify Music Streaming, FaceBookနဲ့ Twitterတွေကို ချိတ်ဆက် သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ Playing လုပ်နိုင်မယ့် Video File အမျိုးအစားတွေက DivX, MOVနဲ့ MKVတို့ ဖြစ်ပါတယ်။ Video Hub တွေအဖြစ် AceTrax, Picture Box နဲ့ Samsung Home Video Hubတွေ ပါဝင်ပြီး ဖြစ်နေမှာပါ။ Resolutionက တစ်လက်မချင်းစီအတွက် 1080 Pixel ရှိမှာ ဖြစ်လို့ Display အပိုင်းကတော့ နောက်ဆုံးပေါ် အရည်အသွေးအတိုင်း ပေးစွမ်းနိုင်ပါလိမ့်မယ်။

Power Consumptionနှုန်းက Stnandby အနေအထားမှာ 1 watt ရှိမှာ ဖြစ်ပြီး 2D Mode အသုံးပြုချိန်မှာ 107 Watt ပတ်လည်နဲ့ 3D Mode အသုံးပြုချိန်မှာ 147 Watt ရှိမှာပါ။

Ref: www.hdtvtest.co.uk




## Panasonic TC-L47 WT50

မင်းခန့်



LCD TV အမျိုးအစားထဲမှာတော့ အကောင်းဆုံး Off-angle စွမ်းဆောင်ရည်ကို ပေးစွမ်းနိုင်မှာ ဖြစ်ပါတယ်။ LCD TV တို့ရဲ့ အားနည်းချက်အတိုင်း Off-angle ပြစ်ချက်ကို အကောင်းဆုံး ပြုပြင်ဖန်းတီးထားတာ တွေ့ရပါတယ်။ ဒါ့အပြင် Screen အပိုင်းမှာလည်း တပြေးညီ ကောင်းမွန်ညီညာမှုရှိပြီး 3D ဆန်တဲ့ အရည်အသွေးကောင်းတွေကို ပေးစွမ်းနိုင်ပါလိမ့်မယ်။ တည်ငြိမ်တဲ့ Stand ပုံစံနဲ့ ကိုယ်ထည်ပိုင်းတွေမှာ အကြမ်းခံနိုင်အောင် ဖန်တီးထားတာ တွေ့ရမှာပါ။ မျက်နှာပြင်ပေါ်မှာ များပြားလှတဲ့ Featureတွေပါရှိမှာ ဖြစ်ပြီး၊ Smart TV ဒီဇိုင်းပိုင်း သေသပ်မှုတွေနဲ့ Touch-Pad Remoteတွေ ပါဝင်တာ တွေက အားသာချက်တွေ ဖြစ်ပါတယ်။

ဈေးနှုန်းမြင့်မားမှုက အဓိက အားနည်းချက်ဖြစ်စေပြီး အခြားသော LED စနစ် TV တွေထက် အမှောင်ခန်းတွေမှာ အလင်းဖြာမှု ပိုများတာ တွေ့ရပါတယ်။ အဲ့ဒီအတွက်ကြောင့် Night Scence ရုပ်ပုံတွေကို အကောင်းဆုံး ကြည့်ရှုနိုင်ပါတယ်။ နောက်တစ်ခုရှိတာက ဈေးကွက်တင်ထားတဲ့ အချိန်အထိ 3D မျက်မှန် ထည့်သွင်းပေးထားခြင်း မရှိတာက အားနည်းချက်တွေ ဖြစ်နေစေပါတယ်။

ဒီနှစ်ထဲမှာ Panasonicက ထုတ်လုပ်ဖြန့်ချိခဲ့တဲ့ TVတွေထဲမှာ တတိယမြောက် ဈေးနှုန်း အမြင့်မားဆုံးဖြစ်တဲ့ TC-L47 WT50 ဟာ မျှော်လင့်သလောက်တော့ အောင်မြင်မှု မရခဲ့ပါဘူး။ အကြောင်းက စွမ်းဆောင်ရည်ထက် ဈေးနှုန်းမြင့်မားမှုက များပြားနေခြင်းဖြစ်ပြီး၊ အဓိကအားသားချက် ဖြစ်တဲ့ Panasonic ရဲ့ ရေရှည်အသုံးခံနိုင်မှုကြောင့်သာ ဈေးကွက်မှာ အောင်မြင်နေတာဖြစ်ပါတယ်။ LED TV တွေနဲ့စာရင် ရုပ်ထွက်ပိုင်းဆိုင်ရာ အားနည်းချက်တချို့ကြောင့် ဝေဖန်မှု တချို့နဲ့ ရင်ဆိုင်နေရပါတယ်။

မော်ဒယ်သစ်မှာ မြင်ကွင်း အကျယ် ၄၇ လက်မနဲ့ ၅၅ လက်မဆိုပြီး နှစ်မျိုးခွဲခြား ထုတ်လုပ်ထားတာ တွေ့ရပါတယ်။ Connectionအပိုင်းမှာ HDMI Port လေးခု၊ USB Port နှစ်ခု၊ Component, Composite Portတွေ ပါဝင်မှာဖြစ်ပြီး၊ Wi-Fi နဲ့ Bluetooth စနစ်တွေကိုပါ သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ အလေးချိန်က Stand မပါပဲ ပေါင် ၃၀ ဝန်းကျင်ရှိမှာဖြစ်ပြီး Screen အကျယ်အဝန်းအပေါ် မူတည်ပြီး အနည်းငယ် ကွာခြားနိုင်ပါတယ်။ ဈေးနှုန်းက ၄၇ လက်မ TV အတွက် ၁၇၉၉.၉၉ ဒေါ်လာ ဖြစ်ပါတယ်။

Ref: www.cnet.com

အိုင်စီတီ ဂျာနယ်
Volume 2, Issue 16
MYANMAR ICT JOURNAL

## Animation

နေအောင်လတ်

ဒီ Animationဟာ Japan Animation လောကအတွက် အရေးအပါဆုံးနှင့် ပရိသတ်အပေါ် အလွှမ်းမိုးနိုင်ဆုံး ဇာတ်လမ်းတွဲ တစ်ခုဖြစ်တဲ့ နာမည်ကျော် Neon Genesis Evangelion Anime Seriesကို အသစ်တစ်ဖန် Remake Versionအဖြစ်ပြန်လည် ဖန်တီးထားတဲ့ Rebuild of Evangelion ရုပ်ရှင်ဇာတ်ကားများရဲ့ တတိယမြောက် ဇာတ်ကားဖြစ်ပါတယ်။ 2012 November လအတွင်းက Japan နိုင်ငံမှာ ရုံတင်ပြသခဲ့ပြီး 2013 အတွင်း နိုင်ငံတကာမှာ စတင် ပြသတော့မှာ ဖြစ်သလို Aprilလ အတွင်းမှာ Evangelion Movie 3.33 အမည်ဖြင့် ဇာတ်ဝင်ခန်းအသစ်များ ပါဝင်သလို Animation Quality အဆင့်မြင့်တင်ထားတဲ့ BluRay Disc Versionကို ဖြန့်ချိခဲ့ပါတယ်။ Evangelion Movie 3 ရုပ်ရှင်ဟာ ပထမနှစ်ကားရဲ့ တိုက်ရိုက် အဆက်ဖြစ်သလို၊ TV Seriesနှင့်လည်း ကွာခြားတဲ့ အချက်တွေရှိလို့ ဇာတ်လမ်းအရှေ့ပိုင်းမှ အဖြစ်အပျက် အများစုကိုလည်း ပြန်လည် ရှင်းပြထားခြင်း မရှိလို့ ရှေ့ဇာတ်ကား နှစ်ကား အတွင်းမှ အဖြစ်အပျက်တွေကို သိမှ Storyပိုင်း သေချာနားလည်မှာ ဖြစ်ပေမယ့် Action ခန်းတွေ ထူးခြားကောင်းမွန်တဲ့ Animation Sequenceတွေကြောင့် ပရိသတ်အသစ်တွေကိုပါ ဆွဲဆောင်နိုင်မှာ ဖြစ်ပါတယ်။

Evangelion ဇာတ်လမ်းတွေရဲ့ အခြေခံဇာတ်လမ်းကတော့ ရိုးရှင်းပေမယ့် သူ့ရဲ့ နောက်ကွယ်မှာ ရှုပ်ထွေးတဲ့ အဖြစ်အပျက်နှင့် ပူးပေါင်းကြံစည်မှု Conspiracyတွေ၊ အဓိက ဇာတ်ကောင်နှင့် ဇာတ်ပို့တွေရဲ့ နက်နဲတဲ့ ဇာတ်ကောင်စရိုက်တွေ အများကြီး ပါဝင်ပါတယ်။ Evangelionရဲ့ အဓိက ဇာတ်လမ်းကတော့ ကမ္ဘာကို လာရောက် တိုက်ခိုက်နေတဲ့ Angel/ Shito လို့ခေါ်တဲ့ သတ္တဝါတွေကို Eva Unitလို့ခေါ်တဲ့ Biomechnical Unitတွေကို မောင်းနှင်နိုင်တဲ့ လူငယ်တွေက ပြန်လည် တိုက်ခိုက်ရပုံ ဇာတ်လမ်းဆင်ထားတာပါ။ Eva Unitတွေဟာ သီးသန့်စက်ရုပ် Mechaတွေ မဟုတ်ဘဲ မောင်းနှင်သူရဲ့ စိတ်နှင့်ဆက်စပ်ပြီး ထိမ်းချုပ်ရတာ ဖြစ်ပြီး လှုပ်ရှားမှုတွေကလည်း သက်ရှိတွေလို သွက်လက်တဲ့အတွက်ကြောင့် ပုံမှန် Mecha Action ဇာတ်လမ်းက တိုက်ပွဲတွေ ကြည့်ရတာနဲ့ ကွဲပြားနေမှာပါ။ ပထမ ရုပ်ရှင်နှစ်ကားမှာ Angelတွေနှင့် Eva Unitတွေရဲ့ တိုက်ပွဲတွေ ပိုများပြီး Evangelion Movie 3ကတော့ TV Seriesရဲ့ ဇာတ်သိမ်းနားလောက် ရောက်နေပြီဖြစ်လို့ Angelတွေနှင့် တိုက်ပွဲထက် ဇာတ်လမ်းပိုင်းနှင့် Eva Unit အချင်းချင်းရဲ့ တိုက်ပွဲတွေကို ပိုအသားပေးထားတာ တွေ့ရပါတယ်။

Evangelion Movie 2 အပြီးမှာ Eva Unit 01 Pilot ဖြစ်တဲ့ Shinjiဟာ Tenth Angel Zeruelနှင့် တိုက်ခိုက်ပြီးနောက် ၁၄ နှစ်ကြာ ကမ္ဘာပတ်လမ်းကြောင်းအတွင်း လွင့်မျော နေပုံနှင့် ဇာတ်လမ်း စတင်ထားပါတယ်။ Unit 02 Pilot ဖြစ်သူ Asukaနှင့် Unit 05 ဖြစ်သူ Marioတို့ Shinjiကို ကယ်ဆယ်ပြီးနောက်မှာတော့ Eva Unitတွေနှင့် Sync ပြုလုပ်ထားတဲ့ Pilotတွေက လွဲပြီး ကျန်ရှိတဲ့ ဇာတ်ကောင်များ အားလုံး ပုံမှန်အတိုင်း အသက်ကြီးနေကြတာကို တွေ့ရမှာပါ။ Angelတွေကို နှိမ်နှင်းဖို့ဖွဲ့စည်းထားတဲ့ NERV အဖွဲ့ဝင်တစ်ယောက် ဖြစ်တဲ့ Misatoဟာ ခုဆိုရင် NERVနှင့် သူတို့ရဲ့ Eva Unit တွေကို နှိမ်နှင်းမည့် အဖွဲ့သစ် WILLE ရဲ့ ခေါင်းဆောင် ဖြစ်နေပါပြီ။ Shinji အနေနှင့် သူ၏ ဖခင် ဦးဆောင်တဲ့ NERV Headquarterကို ပြန်လည် ရောက်ရှိပြီး နောက်မှာတော့ WILLEမှ Eva Unitများနှင့် ပြန်လည် တိုက်ခိုက်ရပါတယ်။ TV Seriesမှာ ပါဝင်ရတဲ့ အချိန် Screen Time နည်းပေမယ့် လူစိတ်ဝင်စားမှု အများဆုံး Eva Pilot တစ်ယောက်ဖြစ်တဲ့ Kowaruကို Movie 3မှာ အရင်ကထက် ပိုမြင်တွေ့ရမှာပါ။

Evangelion Movie 3 မှာ ရုပ်ရှင်ကြည့် ပရိသတ်တွေက Shinji နေရာက ဝင်ရောက် ကြည့်နေရသလိုဖြစ်ပြီး ၁၄နှစ် အတွင်း ပြောင်းလဲသွားတဲ့ အဖြစ်အပျက်များ ကြားမှာ မျက်စိ လည်နေမှာပါ။ Movie 4မှာတော့ အဖြစ်အပျက်တွေကို ပြန်လည် ရှင်းပြမယ်လို့ မျှော်လင့်ရပြီး Movie 3 ဟာ ပထမ ရုပ်ရှင်နှစ်ကားကလို ပျော်စရာအခန်းတွေ၊ Fan Serviceတွေ ပါဝင်ခြင်းမရှိဘဲ Evangelion Seriesရဲ့ ဇာတ်သိမ်းပုံစံအတိုင်း ကြည့်ရှုသူကို စဉ်းစားစရာ အချက်တွေ အပုံအစား ရေးဆွဲထားတဲ့ Action ခန်းတွေ၊ အဆင့်မြင့် Character Designနှင့် Art Design ပိုင်းတွေ ပါဝင်တဲ့ ရုပ်ရှင် ဇာတ်ကားကောင်း တစ်ခု ဖြစ်ပါတယ်။ Rebuild of Evangelion ရုပ်ရှင် ဇာတ်လမ်းတွဲတွေရဲ့ အဆုံးသတ်ဖြစ်တဲ့ Evangelion Movie 4ကိုတော့ 2014 အတွင်း ရုံတင်ပြသသွားဖို့ စီစဉ်ထားပါတယ်။

Title Name – Evangelion Movie 3 – You Can (Not) Redo
Genre – Science Fiction, Drama
Studio – Studio Khara
BluRay Release Date – 24 April, 2013
Score – 3.5 out of 5






## Movie




မင်းခန့်

အမေရိကန် စာရေးဆရာ Quentin Tarantino ရေးသားပြီး သူကိုယ်တိုင် ဒါရိုက်တာအဖြစ် ရိုက်ကူးထားတဲ့ Django Unchained ဇာတ်ကားမှာ နာမည်ကျော် သရုပ်ဆောင်များဖြစ်တဲ့ Jamie Foxx, Christoph Waltz, Leonardo DiCaprioနဲ့ Samuel L.Jacksonတို့ပါဝင်သရုပ်ဆောင်ထားတာ တွေ့ရပါတယ်။ အမေရိကန်နိုင်ငံမှာ ၂၀၁၂ခုနှစ်၊ ဒီဇင်လာလကတည်းက ဖြန့်ချိခဲ့တာ ဖြစ်ပေမယ့် အာရှနဲ့ ဥရောပ တလွှားမှာတော့ ဇာတ်လမ်းအတွင်း ပါဝင်တဲ့ ဇာတ်ဝင်ခန်း တချို့ရဲ့ ရက်စက် ကြမ်းကြုတ်မှုတွေ၊ အဖော်အချွတ် ခန်းတွေကြောင့် ပြသခွင့် မပြုခဲ့ပါဘူး။ ဒါကြောင့် ထုတ်လုပ်သူ Stacey Foxxဟာ ဇာတ်ဝင်ခန်း တချို့ကို ပြန်လည် ဖြတ်တောက်ပြီး မေလ ၁၂ ရက်နေ့က စတင်ပြီး တရုတ်နိုင်ငံမှာ ရုံတင်ပြသတော့မှာ ဖြစ်ပါတယ်။

၁၈၅၈ ခုနှစ် အမေရိကန်မှာ အခြေခံ လူတန်းစားတွေ ကျေးကျွန်ဘဝနဲ့ နေထိုင်နေရချိန်တွေမှာ Aceနဲ့ Dicky ညီအစ်ကို နှစ်ယောက်ဟာ Djangoဆိုတဲ့ ကျွန်တစ်ယောက်ကို ဝယ်ပြီး အခြားနေရာကို ပို့ဆောင်တော့မှာ ဖြစ်လို့ Djangoဟာ သူ့ဇနီးသည် Broomhildaနဲ့ ကွဲကွာသွားပါတယ်။ ဒါပေမယ့် Dr.King Schiltzဆိုသူရဲ့ အကူအညီကြောင့် Django လွတ်မြောက်ခွင့် ရခဲ့ပြီး ဇနီးသည် Broomhildiaကိုလည်း ကျွန်ဘဝမှ လွတ်မြောက်အောင် လုပ်ဆောင်ပါတော့တယ်။ ဒီနေရာမှာ တွေ့ကြုံရတဲ့ စွန့်စားခန်းတွေ၊ အဲဒီ နှစ်ပိုင်းတွေက ကျေးကျွန်တွေရဲ့ အဖိနှိပ်ခံ ဘဝတွေကို သရုပ်ပေါ်အောင် အကောင်းဆုံး ရိုက်ကူးထားတာ တွေ့ရပါတယ်။ ဇနီးသည် လွတ်မြောက်ဖို့အတွက် ကြိုးစားနေတဲ့ Djangoကို အစွမ်းကုန် ကူညီပေးခဲ့တဲ့ Schiltzရဲ့ ဇာတ်သိမ်းကတော့ မကောင်းပါဘူး။ Djangoကို ကူညီရင်း အသက် ပေးသွားခဲ့ရပေမယ့် သူ့ကူညီမှုတွေက အရာထင်ခဲ့ပြီး Djangoတို့ ဇနီးမောင်နှံ နှစ်ယောက်တော့ ပြန်လည်ပေါင်းစည်းခွင့် ရရှိခဲ့ပါတယ်။ ကြာမြင့်ချိန် ၁၆၅ မိနစ် ကြာမြင့်မှာ ဖြစ်ပြီး ကုန်ကျစရိတ် စုစုပေါင်း သန်း ၁၀၀ ကျော် ကုန်ကျခံ ရိုက်ကူးထားပြီး ယနေ့အချိန်အထိ ဝင်ငွေ စုစုပေါင်း သန်း ၄၀၀ ကျော်ရရှိထားပြီဖြစ်လို့ ဇာတ်ကားကောင်း တစ်ကောင်း ဖြစ်တယ်ဆိုတာ သေချာနေပါတယ်။

Ref: www.wikipedia.com






# "ရန်ကုန်မြို့ရှိ ကား Showroomများ၏ တစ်ပတ်အတွင်း ကားဈေးနှုန်းများ"



## Lexus 2013LX 570

Price - သိန်း 2,500 ဝန်းကျင်

Contact : Golden Dragon Trading, LLC

Phone : 09-732-543-55



## Toyota Cardina (ZT) 2003

Price - သိန်း 220 ဝန်းကျင်

Contact : AFREEN Autoservice Co., Ltd

Phone : 09-730-945-71



## Toyota Crown 2004 Royal Saloon (Black)

Price - သိန်း 360 ဝန်းကျင်

Contact : Friendship Carshowroom

Phone : 01-860-3217



## HONDA Partner 2008

Price - သိန်း 150 ဝန်းကျင်

Contact : AFREEN Autoservice Co., Ltd

Phone : 09-730-945-71



## SUZUKI Swift XS (2011)



Price - သိန်း 170 ဝန်းကျင်

Contact : Thein Minn Car Sales Services

Phone : 01-558-338



## Chrysler 300 (1st Generation)

Price - သိန်း 400 ဝန်းကျင်

Contact : Distinct Trading Co., Ltd

Phone : 01-541-892

# TOYOTA Belta 2008

Recommended Drive

လင်းထက်

Toyotaဟာ Belta အမျိုးအစား ကားတွေကို ၂၀၀၅ ခုနှစ်ကတည်းက စတင် ထုတ်လုပ်ခဲ့တာ ဖြစ်ပြီးတော့ Belta Seriesတွေကို Yaris Sedanနဲ့ Viosတွေ အဖြစ်လည်း လူသိများပါတယ်။ Beltaတွေဟာ တန်ကြေးကြီး ဇိမ်ခံကားတွေ မဟုတ်ပေမယ့် အလုစီးရော၊ အကြမ်းစီးအဖြစ်ပါ အသုံးပြုနိုင်တဲ့ ကားအမျိုးအစားတွေ ဖြစ်ပါတယ်။ Belta 2013မှာ တပ်ဆင်ထားတဲ့ အင်ဂျင်အမျိုးအစားက မြင်းကောင်ရေ ၇၁ ကောင် (၅၃-ကီလိုဝပ်) ထုတ်ပေးနိုင်မယ့် 1.0 လီတာသုံး 1 KR-FE Inline Three Engine ဖြစ်ပါတယ်။ ဒါ့အပြင် 1.3 လီတာသုံး 2NZ-FE အမျိုးအစားနဲ့ 2SZ-FE အမျိုးအစားတွေလည်း ရွေးချယ်နိုင်ဦးမှာဖြစ်ပြီး ထုတ်လုပ်ပေးနိုင်မယ့် စွမ်းအင် ပမာဏကတော့ မြင်းကောင်ရေ ၈၄ ကောင်အား (၆၃ ကီလိုဝပ်) ဖြစ်ပါတယ်။ 1 KR-FE Inline အမျိုးအစားမှာ ရှေးဘီးယက် စနစ်ဖြစ်ပြီး 2NZ-FE အမျိုးအစားနဲ့ 2SZ-FE အမျိုးအစားတွေမှာတော့ နှစ်ဘီးယက်စနစ်ရော လေးဘီးယက် စနစ်နှစ်မျိုးလုံး ရွေးချယ်နိုင်မှာပါ။ ဒါ့အပြင် လုံခြုံရေး စနစ်မှာလည်း ခါးပတ်တွေ၊ ထိုင်ခုံ ဒီဇိုင်းတွေကို အကောင်းဆုံး ပြင်ဆင်ထားတဲ့အပြင် နောက်ဆုံးပေါ် အသက်ကယ် လေအိတ်စနစ်လည်း ပါဝင် တပ်ဆင်ပေးထားပါသေးတယ်။ Brake စနစ်ကိုတော့ ၂၀၀၇နဲ့ ၂၀၀၈ မော်ဒယ်တွေမှာ သုံးခဲ့တဲ့ ABS စနစ်တွေကို ပြန်လည်သုံးစွဲထားတာ ဖြစ်ပါတယ်။ အရောင် ၈ ရောင်ကို ရွေးချယ် ဝယ်ယူနိုင်အောင် ခွဲခြား ဈေးကွက် တင်ထားတာ တွေ့ရပါတယ်။ AM/FM Radioတွေ နားထောင်နိုင်မယ့် Media ပါဝင်မှာဖြစ်ပြီး DVD Playerနဲ့ Cassette Playerတွေလည်း ပါဝင်မှာပါ။ ဆီတိုင်ကီရဲ့ ဝင်ဆံ့နိုင်တဲ့ ပမာဏက ၇ ဂါလံဖြစ်ပြီး ဆီစားနှုန်းက မြို့တွင်းမှာ ဆီတစ်ဂါလံကို ၂၉ မိုင်နှုန်းနဲ့ အဝေးပြေး လမ်းမတွေပေါ်မှာ ဆိုရင်တော့ ၃၆ မိုင်နှုန်းအထိ မောင်းနှင်နိုင်မှာ ဖြစ်တာကြောင့် နယ်ဝေး ခရီးသွားတတ်သူတွေနဲ့လည်း သင့်တော်ပါတယ်။ အင်ဂျင် အမျိုးအစားအပေါ် မူတည်ပြီးတော့ ဆီစားနှုန်း အနည်းငယ် ကွာဟချက်တော့ ရှိနိုင်ပါတယ်။ ခရီးသည် ငါးယောက် အဆင်ပြေ ချောမွေ့စွာ လိုက်ပါ စီးနင်းနိုင်မှာ ဖြစ်ပါပြီး ဒီဇိုင်းနဲ့ ဈေးနှုန်းတွေကလည်း သင့်တော်ကောင်းမွန်တာ တွေ့ရပါတယ်။



အိုင်စီတီ ဂျာနယ်
Volume 2, Issue 16
MYANMAR ICT JOURNAL

## Game Preview




ရထား

ဒီတစ်ခါ ဟဲဗီးဂိမ်းတွေ ဆော့နေတဲ့ အမှန်အကန် ဂိမ်းမာကြီးတွေအတွက် ဂိမ်းအသစ်တွေ ထွက်နေတဲ့ကြားကမှာ ဟိုမရောက် ဒီမရောက်နဲ့ ဆော့လို့ကောင်းမယ့် ဂိမ်းတစ်မျိုးကို မိတ်ဆက် ပေးချင်တယ်ဗျ။ ဘာရယ်မဟုတ်ဘူး တချို့ဂိမ်းလေးတွေကလည်း ဆော့လို့ကောင်းပါတယ်။ ပေါ့ပေါ့ပါးပါး ဆော့လို့ရနိုင်မယ့် Marvel Heroesကို Release လုပ်တော့မယ်တဲ့။ ဒီတစ်ခေါက် Gazillion Entertainmentက ကလေးတွေကို ပစ်မှတ်ထားတာ ဖြစ်နိုင်သလို အွန်လိုင်း ဂိမ်းမာတွေကိုလဲ ပစ်မှတ်လုပ်ထားတာ ဖြစ်နိုင်တယ်။ ဇာတ်ညွှန်းရေးဆရာတွေ စိတ်ကူးယဉ်ထားတဲ့ သူရဲကောင်းတွေကို Gazillion ကောက်စားလိုက်တယ်။ လုပ်နေကြပါပဲ။ ဒီသူရဲကောင်းတွေကလည်း ဇာတ်လမ်းထဲမှာ တစ်မျိုး ကာတွန်းတွေထဲမှာ တစ်ဖုံ ကလေးတွေနဲ့လူငယ်အများအပြားကို ဆွဲဆောင်ထားနိုင်တာကိုး။ ဒီတော့ ဂိမ်းအဖြစ်တဖန် အသက်သွင်းလိုက်ကြပြန်ပါတယ်။ Marvel Heroesက Andventure ထက်တောင် စုံနေပါသေးတယ်။ တကယ့် သူရဲကောင်းကြီးတွေကို စုထားပေးတာဆိုတော့ ဘယ်လိုမျိုးလဲပေါ့။ ဒီလို သူရဲကောင်းတွေ ပါတယ်ဆိုတော့ ဂိမ်းက ဟဲဗီးလာပေါ့။ မဟုတ်ပါဘူး အလယ်လတ် ဂိမ်းတစ်ခုပါပဲ။

Developer ကလည်း Gazillion Entertainmentပါပဲ။ ဒီလိုနဲ့ June 4, 2013 ထွက်တော့မယ် ဆိုလာပါတယ်။ မြင်နေကျ သူရဲကောင်းတွေကြီးပဲ ဆိုတော့ သူတို့ ပါဂါတွေကိုတော့ မပြောတော့ပါဘူး။ ဂိမ်းရဲ့ အမျိုးအစားကတော့ Action၊ ဒါပေမယ့် အွန်လိုင်း တက်ရဦးမယ်လို့ ဆိုထားပြန်တယ်။ ထွက်မှပဲ စမ်းရသေးတာပေါ့။ ဇာတ်ကောင်တွေ ဖန်းတီးထားတာ အစစ်တွေ အတိုင်းပါပဲ။ သို့သော် Graphic Engineကို သင့်တော်ရုံလောက် သုံးထားတာဆိုတော့ အရမ်းမလန်းဘူးပေါ့ဗျာ။ ဇာတ်လမ်းတွေထဲမှာတွေ့နေကြ သူရဲကောင်းတွေဖြစ်တဲ့ Spider Man, Iron Man, Captain America, Hulk, Thor, Black Panther, Nova, Jean Grey, Deadpool, Rocket Raccoonတို့လို လူကြိုက်များတဲ့ သူရဲကောင်း အယောက်နှစ်ဆယ်ကျော်လောက် ထည့်ပေးထားပါတယ်။ သူတို့တွေ သုံးနေကြ ပါဂါတွေအတိုင်း ဂိမ်းထဲမှာလည်း သုံးရမှာပါ၊ ဆော့နေရင်းမှာ Levelတွေ တက်လာတဲ့အခါမှ တစ်ခုပြီး တစ်ခု သုံးခွင့်ပြုသွားမှာပါ။ စဆော့တဲ့ အချိန်မှာတော့ Level 1က စရမှာပေါ့။ ဂိမ်းရဲ့ဇာတ်လမ်းက Adventure ကားထဲလို လူဆိုးတစ်စုရဲ့ ကမ္ဘာကို နှောင့်ယှက်ရန်ကနေ ကာကွယ်ပေးသွားရမှာပါ။

Doctor Doom ဦးဆောင်တဲ့ လူဆိုးအဖွဲ့မှာ သူရဲကောင်းလိုစွမ်းတဲ့ ဂြိုလ်သားတွေအပြင် အစွမ်းရှိတဲ့ လူသားတွေလည်း ပါဝင်နေပါသေးတယ်။ မြို့ထဲမှာပဲ ရန်သူတွေကို တိုက်ခိုက်ရင်း စွန့်စားရဦးမှာပါပဲ။ Multi Player ကစားလို့ ရနိုင်တာကြောင့် သူငယ်ချင်းတွေနဲ့ အတူတူ ဆော့နိုင်သလို ကူညီပေးမယ့် သူရဲကောင်းတွေ ပါလာဦးမှာပါ။ PC, Mac OSမှာပဲ ဆော့လို့ရမယ့် Marvel Heroesကို အွန်လိုင်း ဂိမ်းမာတွေအတွက် သတင်းကောင်း တစ်ခုပေးရင်း တကယ် ထွက်မယ့်နေ့မှာ ပွဲကြမ်းနိုင်ကြပါစေကြောင်း။



# ဒီတစ်ပတ်မှာတော့ ၂၀၁၃ ခုနှစ်အထိ PC Game သက်တမ်းတစ်လျှောက် လူကြိုက်အများဆုံး Top Ten PC Gameတွေကို တင်ပြ ပေးလိုက်ပါတယ်

မင်းခန့်

**1**



**Mine craft**
Developer — Markus Persson
Released Date — November 18th, 2011

**2**




**Slender**
Publisher — Parsec Production
Released Date — June 26th, 2012

**3**



**Super Mario Flash**
Publisher — Nintendo
Released Date — October 23rd, 1988

**4**




**World of Warcraft**
Publisher — Blizzard Entertainment
Released Date — December

**5**



**Lego Digital Designer**
Developer — The Logo Group
Released Date — 2004

**6**



**League of Legends**
Publisher — Riot Games
Released Date — October 27th, 2009

**7**



**Happy Wheels**
Publisher — Fancy Force
Released Date — June 4th, 2010

**8**




**Roblox**
Developer — Roblox Corporation
Released Date — 2005

**9**




**Wizard 101**
Publisher — KingsIsle Entertainment
Released Date — February 15th, 2011


**10**



**Terraria**
Publisher — Re-Logic
Released Date — Summer, 2013

## NEW PC GAMES FOR THIS WEEK

### Slender - The Arrival




Genre - Horror

2012က Mini Game အနေနှင့်သာ ထွက်ရှိထားတဲ့ ကြောက်စရာကောင်းသော Slender - The 8 Pages ဂိမ်းကို Full Version Game အဖြစ် Graphics/ Lighting Effect အကောင်းစားနှင့် ပြန်ရေးထားတဲ့ Horror ဂိမ်းသစ် ဖြစ်ပါတယ်။ ကစားသူနောက်ကို Slenderman အမည်ရ ကြောက်စရာ သတ္တဝါက လိုက်နေမှာ ဖြစ်လို့ Horror ပရိသတ်တွေ သဘောကျမည့် ဂိမ်းသစ် ဖြစ်ပါတယ်။

### Far Cry 3 - Blood Dragon




Genre - FPS

FarCry 3ရဲ့ Expansion အသစ်ပါ။ အရင်လို FarCry 3ရဲ့ ကျွန်းပေါ်က သစ်တောထဲမှာ ကစားရမှာ မဟုတ်ပဲ စိတ်ကူးယဉ် Science Fiction ခေတ်မှာ နေရာယူထားပြီး လူတစ်ပိုင်း၊ စက်ရုပ်တစ်ပိုင်း Cyborg နေရာက ကစားရမှာ ဖြစ်သလို ရန်သူ စက်ရုပ်များ၊ နဂါးများ၊ Dinosaurများနှင့်ပါ တိုက်ခိုက်ရမည့် FPS ဂိမ်းသစ် ဖြစ်ပါတယ်။

### DC Universe Online




Genre - MMORPG

Game Data ဝယ်ယူပြီးရုံနှင့် Online Serverမှာ အခမဲ့ ကစားနိုင်မည့် DC Superheroesတွေ ပါဝင်သော DC Universe Online ဂိမ်း ဖြစ်ပါတယ်။ ကစားသူက Batman, Supermanနှင့် The Joker အစရှိတဲ့ နာမည်ကျော် DC Comics Characterတွေရဲ့ ပညာသင်နေရာက ဝင်ရောက်ပြီး Ability မျိုးစုံကို သင်ယူပြီး ရန်သူ Playerများနှင့် တိုက်ခိုက်ရမှာ ဖြစ်ပါတယ်။

### Dead Island - Riptide




Genre - Open World/ Action

Openworld Horrorဂိမ်း Dead Islandရဲ့ အဆက်ဖြစ်တဲ့ Dead Island Riptideမှာ ကစားသူဟာ Single Player Modeရော Multiplayer LAN Mode ဖြင့်ပါ ချိတ်ဆက်ပြီး ဖုတ်ကောင်များနှင့် ရင်ဆိုင်ရမှာပါ။ Openworldနှင့် Action Gameplay များအပြင် RPG ဂိမ်းတွေ ပုံစံအတိုင်း Character Upgrade/ Experience Point System ပိုင်းတွေပါ ပါဝင်ပါတယ်။

နေအောင်လတ် တင်ဆက်သည်။

အိုင်စီတီ ဂျာနယ်
MYANMAR ICT JOURNAL
Volume 2, Issue 16

# နယူးယောက်မြို့ အယ်လ်ဘာနီ တက္ကသိုလ်တွင် စာဖြေလွှာ ဈေးကွက် ခေတ်စားနေ

TZO



Image Credit: www.jcpatriot.com

အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့ရှိ အယ်လ်ဘာနီတက္ကသိုလ် စာသင်ခန်းတစ်ခုအတွင်းရှိ ကျောင်းသား၊ ကျောင်းသူ ၆၅ဝအနက် ၁ဝဝခန့်မှာ အိမ်စာအဖြစ်ပေးလိုက်သော စာဖြေလွှာများကို ကိုယ်တိုင်ဖြေဆို ဖြည့်သွင်းစရာမလိုဘဲ ဖြည့်ပေးမည့်သူကို ပိုက်ဆံပေး၍ ခိုင်းနိုင်သော စာဖြေလွှာ ဈေးကွက်တစ်ခု ခေတ်စားလျက် ရှိနေသည်ကို စုံစမ်း စစ်ဆေးနေရကြောင်း အဆိုပါ တက္ကသိုလ်မှ တာဝန်ရှိသူများက ထုတ်ဖော် ပြောကြားခဲ့ကြောင်း သိရသည်။

စာဖြေလွှာများ ရောင်းဝယ်ဖောက်ကားမှုကို ကန့်သတ် တားမြစ်ထားသော်လည်း အဆိုပါ တက္ကသိုလ်တွင် ယင်းသို့ လုပ်ဆောင်နေသည်မှာ ၅နှစ်တာ ကာလခန့် ရှိနေပြီဖြစ်ကြောင်း၊ အချို့ကျောင်းသား၊ ကျောင်းသူများသည် အတန်း၏ သင်ကြားမှုဆိုင်ရာ ဝက်ဘ်ဆိုက်အား လျှို့ဝှက်နံပါတ်အတုဖြင့် ကျော်ဖြတ်ကာ စာလွှာဖြေဆိုမှုများကို လုပ်ဆောင်ပေးနေကြခြင်းဖြစ်ကြောင်း ဤသို့ဖြင့် စာဖြေလွှာ ဈေးကွက်ကြီးမှာ လွတ်လပ်စွာ တရားမဝင် ပေါ်ထွန်းနေခြင်းဖြစ်ကြောင်း၊ အယ်လ်ဘာနီတက္ကသိုလ်၏ စီးပွားရေး ပညာဆိုင်ရာ ကွန်ပျူတာပညာရှင် ပါမောက္ခလီတာရှေစ်က ပြောကြားခြင်း ဖြစ်သည်။

# မြန်မာ့ဈေးကွက်သို့ Intel ဝင်ရောက်မည်

TZO

www.pcworld.com



Image Credit: www.pcworld.com

အမေရိကန်အခြေစိုက် နည်းပညာကုမ္ပဏီတစ်ခုဖြစ်သော Intelသည် မြန်မာ့ဈေးကွက်သို့ တရားဝင် ဝင်ရောက်လာတော့မည် ဖြစ်ကြောင်း သိရသည်။ Intel၏ မဟာဗျူဟာ ချမှတ်ရေး အကြီးအကဲ Chris Thomasသည် မြန်မာနိုင်ငံ၏ အိုင်စီတီ ပညာရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ကွန်ပျူတာ အသင်းချုပ်မှ တာဝန်ရှိသူများနှင့် ဧပြီလ ၂၉ရက်နေ့တွင် MICT Parkတွင် တွေ့ဆုံမည် ဖြစ်သည်။

မြန်မာနိုင်ငံ၏ အိုင်စီတီကဏ္ဍသည် ၂ဝ၁၄ ခုနှစ်တွင် ပိုမို ကျယ်ပြန့်လာမည်ဖြစ်ရာ နာမည်ကျော် နည်းပညာကုမ္ပဏီများ လာရောက် လေ့လာမှုများပြားလာပြီးနောက် Intel ကလည်း ပြည်တွင်း ဈေးကွက်သို့ ဝင်ရောက်လာခြင်း ဖြစ်သည်။

ကမ္ဘာကျော် နည်းပညာကုမ္ပဏီများဖြစ်သော Cisco, Microsoft, Intel, Google နှင့် HPတို့သည် မြန်မာနိုင်ငံ၏ အိုင်စီတီကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးမှု အေဂျင်စီ (USAID)မှ ကြီးမှူး၍ ဖေဖော်ဝါရီလ ၂၆ရက်နေ့က လေ့လာရေးခရီး လာရောက်ခဲ့ဖူးပြီး မတ်လ ၂ရက်နေ့ကလည်း USAID အကြီးအကဲ ဒေါက်တာ ရား(ဂ်) လာရောက်၍ ပြည်တွင်းရှိ အိုင်တီ လုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့ဖူးပါသည်။

ယခုလက်ရှိတွင် Intel၏ ပြည်တွင်း ဖြန့်ဖြူးရောင်းချသူအဖြစ် KMDမှ ရရှိထားပြီး Intel မှ ထုတ်လုပ်သော CPUs/Motherboardများကို ပြည်တွင်း၌ ဖြန့်ဖြူး ရောင်းချလျက် ရှိကြောင်း သိရသည်။

# Googleက အမေရိကန်ဒေါ်လာ သန်း၃ဝဖြင့် Waviiအား ဝယ်ယူ ဟုဆို

TZO

သတင်းများကို အကျဉ်းချုံး ဖော်ပြပေးနိုင်သော App တစ်ခုကို ဖန်တီးခဲ့သည့် Seattle အခြေစိုက် Wavii ကုမ္ပဏီငယ်ကို Googleက အမေရိကန်ဒေါ်လာ သန်း ၃ဝဖြင့် ဝယ်ယူခဲ့ကြောင်း အဆိုပါ ကိစ္စနှင့် နီးစပ်သူများ၏ အဆိုအရ သိရှိရသည်။ Wavii ကုမ္ပဏီ၏ သဘာဝ ဘာသာစကား နည်းပညာကို Siriတွင် ထည့်သွင်း အသုံးပြုရန် Apple ကုမ္ပဏီကလည်း စိတ်ပါဝင်စားခဲ့ပြီး သဘောတူညီချက် အောင်မြင်ခဲ့ခြင်း မရှိသောကြောင့် Googleက ဝယ်ယူနိုင်လိုက်ခြင်း ဖြစ်သည်။ သို့သော် Googleနှင့် Wavii တို့ကမူ အဆိုပါ သတင်းကို ငြင်းဆိုထားသည်။

Google၏ ဝယ်ယူမှုသည် Wavii၏ပြိုင်ဘက် Summlyကို Yahooက အမေရိကန် ဒေါ်လာသန်း ၃ဝဖြင့် ဝယ်ယူခဲ့ပြီး နောက်ရက် အနည်းငယ် အကြာတွင် သတင်းထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။ Summly Appသည် သတင်းနှင့် ဆောင်းပါးရှည်ကြီးများကို ဖတ်ရှုရ လွယ်ကူသည့် စာပိုဒ်များအဖြစ် ပြောင်းလဲ ဖြတ်တောက်ပေးခြင်းဖြစ်ပြီး Wavii၏ Appတွင်မူ ရှည်လျားရှုပ်ထွေးသည့် သတင်းများ ဝတ္ထုများကို စာလုံး အနည်းငယ်သာ ပါဝင်သည့် အကြောင်းများအဖြစ် ပြောင်းလဲပေးနိုင်သည့် နည်းပညာကို အသုံးပြုထားကြောင်း ကုမ္ပဏီတည်ထောင်သူ Adrian Aounက ပြောကြားခဲ့ပါသည်။



Image Credit: www.allthingsd.com

Waviiတွင် Paypal တွဲဖက်တည်ထောင်သူ Max Levchin၊ ယခင် Facebook အမှုဆောင်တစ်ဦးဖြစ်သူ Dave Morin နှင့် Microsoft ကုမ္ပဏီ၏ ယခင်စေ့စပ်ညှိနှိုင်းရေးမှူး Fritz Lanmanတို့ကလည်း ရင်းနှီးမြှုပ်နှံထားကြကြောင်း သိရသည်။

# ကမ္ဘာတစ်ဝန်း စမတ်ဖုန်း ရောင်းအားတက်

TZO



Image Credit: www.landsurveyorsunited.com

ကမ္ဘာတစ်ဝန်း စမတ်ဖုန်း ရောင်းအားသည် ယခုနှစ် ပထမ သုံးလပတ်အတွင်း ၂၁၆သန်း ရှိသွားပြီ ဖြစ်သောကြောင့် သာမန် ဖုန်းရောင်းအားကို ကျော်တက်သွားပြီ ဖြစ်ကြောင်း IDC သုသေသနအဖွဲ့က သတင်း ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ သာမန်ဆဲလ်ဖုန်းများကို ယခုနှစ် ပထမ သုံးလပတ်အတွင်း လုံးရေ ၁၈၉သန်းသာ ရောင်းချခဲ့ရပြီး မိုဘိုင်းလ်ဖုန်း ထုတ်လုပ်မှုစုစုပေါင်း ၄၁၉ သန်းအနက် စမတ်ဖုန်း ရောင်းချရမှုသည် ၅၁ ဒသမ ၆ ရာခိုင်နှုန်းရှိပြီဟု IDC က ပြောကြားသည်။

စမတ်ဖုန်းရောင်းအားသည် အမေရိကန် ပြည်ထောင်စုတွင် ၂ဝ၁၁ ခုနှစ်ကတည်းက ပုံမှန်ကျော်တက်ခဲ့ခြင်း ဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများ ဖြစ်သည့် တရုတ်၊ အိန္ဒိယနှင့် အင်ဒိုနီးရှားနိုင်ငံများတွင် ဖုန်းသုံးစွဲမှု၌ စမတ်ဖုန်းသုံးအား ပိုမို မြင့်တက်လာသဖြင့် ယခုကဲ့သို့ ကျော်တက်သွားရခြင်း ဖြစ်ကြောင်း IDC သုတေသန ဌာနမှ ရေမွန်လားမာစ်က ပြောကြားခဲ့သည်ဟု သိရသည်။

ABI သုတေသနဌာနနှင့် Samsung ကုမ္ပဏီတို့၏ လေ့လာ ဆန်းစစ်ချက်အရလည်း စမတ်ဖုန်းထုတ်လုပ်မှုမှာ ၄၉ ရာခိုင်နှုန်း တိုးမြှင့်ခဲ့ရသည်ဟု ဆိုသည်။ စမတ်ဖုန်းများသည် ဖုန်းပြောရုံသာမက စာပို့နိုင်ခြင်းအပြင် အခြားစွမ်းဆောင်နိုင်ရည် များစွာရရှိနိုင်သောကြောင့် ဈေးကွက်တွင် လူကြိုက်ပိုများခြင်း ဖြစ်သည်။

စမတ်ဖုန်း ထုတ်လုပ်မှုတွင် တောင်ကိုရီယားမှ Samsung အီလက်ထရောနစ် ကုမ္ပဏီဖြစ်ပြီး ဆဲလ်ဖုန်းများကိုသာ အစဉ်တစိုက် ထုတ်လုပ်ခဲ့သည့်အတွက် ဖင်လန်နိုင်ငံမှ Nokiaသည် Samsungလောက် တိုးတက်အောင်မြင်မှု မရခဲ့ပေ။ ဆဲလ်ဖုန်းကို ပထမဆုံး ထုတ်လုပ်ခဲ့သည့် Motorola ကုမ္ပဏီသည် ယခုအခါ Google၏ သိမ်းပိုက်ခြင်းကို ခံလိုက်ရပြီး ဆဲလ်ဖုန်းလိုင်းကို မစွန့်လွှတ်နိုင်သေးသည့် Apple ကုမ္ပဏီမှာလည်း ကမ္ဘာ့ဒုတိယအဆင့်လောက်တွင်သာ ကျန်ခဲ့တော့ကြောင်း၊ LG, HTC, ZTE နှင့် Huawei ကုမ္ပဏီတို့သည် တတိယနေရာ ရရှိရေးအတွက် အပြိုင်ကြိုးစားနေရကြောင်း IDC၏ အစီအရင်ခံစာတွင် ဖော်ပြထားကြောင်း သိရသည်။

# ၅ပေါင်တန် ငွေစက္ကူအသစ်တွင် ချာချီ၏ ရုပ်ပုံလွှာ ရိုက်နှိပ်မည်

၂ဝ၁၆ခုနှစ်တွင် ထုတ်ဝေမည့် ငွေစက္ကူပုံ ဒီဇိုင်းအသစ်တွင် ဆာဝန်စတန်ချာချီ၏ ရုပ်ပုံလွှာကို ထည့်သွင်းရိုက်နှိပ်မည် ဖြစ်သည်ဟု အင်္ဂလန်ဗဟိုဘဏ်က ထုတ်ပြန် ကြေညာကြောင်း ဧပြီလ ၂၇ရက်နေ့ ဘီဘီစီ သတင်းတွင် ဖော်ပြထားသည်ကို တွေ့ရသည်။

၅ပေါင်တန် ငွေစက္ကူ၏ နောက်ကျောတွင် ဒုတိယ ကမ္ဘာစစ်အတွင်းက နိုင်ငံ့ခေါင်းဆောင်ကြီး၏ ရုပ်ပုံကို ၎င်း၏ ထင်ရှားကျော်ကြားခဲ့သော အဆိုအမိန့်များအနက်မှ တစ်ခုနှင့်အတူ ထည့်သွင်းရန် စီစဉ်ထားကြောင်း သိရသည်။

လွတ်လပ်သော ကမ္ဘာကြီး တစ်ခုလုံး၏ သူရဲကောင်းတစ်ဦး ဖြစ်သောကြောင့် ချာချီကို ရွေးချယ်ခဲ့ခြင်း ဖြစ်သည်ဟု ဗဟိုဘဏ်ဥက္ကဋ္ဌ ဆာမန်ဗန်ကင်းက ပြောပါသည်။ ၅ပေါင်တန် ငွေစက္ကူ၏ လက်ရှိရှေ့မျက်နှာတွင် လူမှုရေး ပြောင်းလဲသမား အယ်လီဇဘက်ဖရိုင်း၏ ရုပ်ပုံကို ရိုက်နှိပ်ထားသည်။

ယင်းငွေစက္ကူ ဒီဇိုင်းတွင် ရိုက်နှိပ်မည့် ဝန်ကြီးချုပ်ဟောင်း ချာချီ၏ ရုပ်ပုံလွှာမှာ ၁၉၄၁ခုနှစ်၊ ဒီဇင်ဘာ ၃ဝရက်တွင် ယူဆွတ်ကတ်ရှ် ရိုက်ကူးခဲ့သည့် ဓာတ်ပုံဖြစ်သည်။ ချာချီသည် ငွေစက္ကူပေါ်တွင် ဖော်ပြခြင်း ခံရသော ခေတ်သစ်လောကမှ တစ်ဦးတည်းသော နိုင်ငံရေးသမားဖြစ်ကြောင်း ဖော်ပြထားသည်။

# Apple CEO နှင့် ဒေါ်လာ ၅သိန်းကျော်တန် ကော်ဖီသောက်ခွင့်

TZO

ကမ္ဘာ့အောင်မြင်ကျော်ကြားသည့် ကုမ္ပဏီများအနက် Apple ကုမ္ပဏီ၏ အမှုဆောင် အရာရှိချုပ် တာဝန်ယူထားသော Tim Cookနှင့် ကော်ဖီအတူ သောက်နိုင်ခွင့်ကို ဧပြီ ၂၆ရက်နေ့က လေလံတင်ရာ ဒေါ်လာ ၅သိန်းကျော်အထိ ဖြစ်သွားကြောင်း ABC Digital သတင်းဌာနက ထုတ်ပြန် ကြေညာခဲ့သည်ဟု သိရသည်။

ယင်းလေလံကို လူပေါင်း ၇၉ ယောက်က အပြိုင်လေလံဆွဲကြပြီးနောက် ဒေါ်လာ ၅၆၅,ဝဝဝဖြင့် လေလံအောင်သွားခြင်း ဖြစ်သည်။ အဆိုပါ လေလံကို ဂျွန်အက်ဖ်ကနေဒီစင်တာတွင် ကျင်းပခြင်း ဖြစ်ပြီး လူ့အခွင့်အရေး တိုက်ပွဲဝင်သူများကို ထောက်ခံအားပေးရန်အတွက် ရန်ပုံငွေအဖြစ် သုံးရန် နှစ်စဉ်ကျင်းပခဲ့ခြင်း ဖြစ်ပြီး ယခုနှစ်သည် ခြောက်ကြိမ်မြောက် ရှိသွားပြီ ဖြစ်သည်။

ဤလေလံပွဲတွင် ဖရန်စ်ဖို့ဒ် ကော်ပိုလာနှင့်အတူ Space X Center အတွင်းသို့ ခရီးအတူသွားခွင့် ပါဝင်သော်လည်း တင်မ်ကွတ်နှင့်အတူ ကော်ဖီသောက်ခွင့်လောက် စိတ်ဝင်စားမှု မရှိကြောင်း ၎င်းသတင်းတွင် ဖော်ပြထားပါသည်။



Image Credit: www.eweek.com



# နေ့မကူး နေ့ချင်းဖူး စွယ်တော်လေးဆူ

မနော်ဖြူ

မြန်မာပြည်တွင် တန်ခိုးကြီးဘုရားများအနက်မှ အနော်ရထာမင်းကြီး တည်ထား ကိုးကွယ်တော်မူခဲ့တဲ့ စွယ်တော်မြတ် လေးဆူကို တင်ပြချင်ပါတယ်။

ကောဇာသက္ကရာဇ် ၃၇၉ မှာ အရိမဒ္ဒနပူရခေါ် ပုဂံပြည်၌ သီရိအနုရုဒ္ဓဒေဝ ဘွဲ့ခံ အနော်ရထာမင်းကြီး ထီးနန်းတက်ခဲ့ပါတယ်။ သက္ကရာဇ် ၃၉၃ မှာ သီဟိုဠ်မင်း ဓာတုသေနက အနော်ရထာမင်းကြီးကို ဗုဒ္ဓရဲ့ သရီရစွယ်တော်ကို ပေးခဲ့တယ်။ မြန်မာနိုင်ငံမှာ စတင် သာသနာတော် ဖြစ်ထွန်းအောင် ကြံဆောင်ခဲ့တဲ့သူဟာ ရှင်အရဟံ ဖြစ်ပါတယ်။ အဲဒီမှာတင် ရှင်အရဟံက မင်းကြီးကို သာသနာတော်အရှည်တည်ဖို့အတွက် အများပြည်သူတွေ ပူဇော်နိုင်ရန် သီးသန့်နေရာမှာ တည်ထားကိုးကွယ်သင့်တယ်လို့ အကြံပြုခဲ့တယ်။ ရာဇဝင်က ပြောရရင် အရှည်ကြီးပဲ။ 'ဒီတော့ တိုတိုပဲ ပြောလိုက်တော့မယ်နော်။ အဲဒီမှာတင် အနော်ရထာမင်းက အဓိဋ္ဌာန်ပြုပြီး စွယ်တော်ကို ပွားခဲ့ပါတယ်။ စေတီလေးဆူ တည်ထားကိုးကွယ်ခဲ့ပါတော့တယ်။

အနော်ရထာမင်းကြီး၏ သစ္စာတော် အဓိဋ္ဌာန်ကတော့

ငါတည်ထား ကိုးကွယ်တော်မူအပ်သော စွယ်တော်မြတ်လေးဆူကို အကြင်သူသည်

နောက်နေ့မကူး နေ့ချင်းဖူး၏။

လှူသည့်ပုဂ္ဂိုလ် မပိုတူ၏။

တောင်းဆိုစကား မမှားတူ၏။

သီလငါးချက် မပျက်လုံ၏။

ထိုသည်သူအား မကြာချက်ချင်း

လက်ငင်းကောင်းကျိုးထူးစေသတည်း တဲ့။

ဤဆုတောင်းပြည့်ဝ မှန်ကန်တဲ့ စေတီတော်လေးဆူမှာ -

ရွှေစည်းခုံ၊ တုရင်တောင်၊ လောကနန္ဒာ၊ တန့်ကြည်တောင်ဘုရားများ ဖြစ်ပါသည်။ ရွှေစည်းခုံဘုရားသည် ညောင်ဦး မဏိစည်သူဈေးမှ အနောက်ဘက်သို့ လေးဖာလုံခန့် ဆက်သွားလျှင် ရွှေတောင်ကြီး ပုံထားသကဲ့သို့ ဖူးတွေ့ရပြီး ရွှေဆွမ်းအုပ်ကြီး တည်ထားသလို ပုဂံရဲ့ စွယ်တော်မြတ် အဦးအဖျား ကိန်းဝပ်ရာ ရွှေစည်းခုံ ဘုရားကြီးကို ဖူးတွေ့ရမည် ဖြစ်ပါသည်။ တောင်ဘက်စောင်းတန်းနှင့် အရှေ့ဘက်စောင်းတန်း ရှည်ကြီး နှစ်ခု ရှိရာ ပုဂံညောင်ဦးဒေသထွက် ပစ္စည်းများရောင်းချနေသော ဈေးဆိုင်များ အလွန်တရာ စည်းကားလှတာကို တွေ့ရှိခဲ့ရပါသည်။ သက္ကရာဇ် ၃၉၃ ခုနှစ်တွင် ရွှေစည်းခုံ စေတီတော်မြတ်ကြီးကို သီဟိုဠ်မှရသော စွယ်တော်အပြင် တရုတ်ပြည်မှရသော မြဆင်းတု၊ သရေခေတ္တရာမှရသော ဘုရား၏ သင်းကျစ်တော်နှင့် မင်းကြီး၏ ကိုယ်စားတော် ရတနာပန်းတောင်းဖက်ဟန် ရွှေစင်သွန်း၍ ဌာပနာတော်မူခဲ့လေသည်။ သက္ကရာဇ် ၄၄၆ ခုနှစ်တွင် နန်းတက်တော်မူသော ကျန်စစ်မင်းကြီးသည် ရွှေစည်းခုံ စေတီတော်အား သက္ကရာဇ် ၄၅၁ ခု၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်နေ့တွင် အနော်ရထာမင်းကြီးရဲ့ ဆန္ဒအတိုင်း ဖိနပ်ခြေသံတောင် (၃၀၀) အမြင့်သံတောင် (၈၀) ရှိသော အပြင်ကပ်စေတီကို တည်တော်မူခဲ့လေသည်။ ယခုဖူးမြင်ခဲ့ရသော ရွှေစည်းခုံစေတီတော်မှာ ပုဂံတွင် ရှားပါးလှသော ကျောက်သားဖြင့် တည်ထားကိုးကွယ်ခဲ့သော ဘုရား ၄၅ဆူ အနက် တစ်ဆူအပါအဝင် ဖြစ်ပါသည်။

ဒီနောက် တုရင်တောင်သည် ပုဂံမြို့ အရှေ့တောင်ဘက် (၆)မိုင် အကွာ တုရင်တောင်ထိပ်တွင် တည်ရှိပြီး အနော်ရထာမင်းကြီး တည်ထား ကိုးကွယ်ခဲ့သော စွယ်တော်မြတ် စေတီတစ်ဆူပဲ ဖြစ်ပါသည်။ တုရင်တောင်မှာ လွန်ခဲ့သော နှစ်ပေါင်း ၂၅သန်းက ဖြစ်ပေါ်ခဲ့သော သဲကျောက်တောင် ဖြစ်သည်ဟု ဆိုပါသည်။ တုရင်တောင်နှင့် တစ်ဆက်တည်း သက်လူမျိုးတို့ နေထိုင်ခဲ့သော သက်စိုးတောင်လည်း ရှိပါသေးသည်။ တုရင်ဟူသော အဓိပ္ပာယ်မှာ တုရင်္ဂဟူသော ပါဠိမှလာပြီး (မြင်းနှင့်တူသော တောင်)ဟူ၍ အဓိပ္ပာယ်ရပါသည်။ အနော်ရထာမင်းကြီးက စွယ်တော်ပွားတစ်ဆူအား ဆင်ဖြူရတနာပေါ်တွင် တင်၍ အဓိဋ္ဌာန်ဖြင့် လွှတ်ရာ ဆင်ဖြူတော်သည် ဤတောင်ထိပ်သို့တက်၍ ဝပ်သောကြောင့် စွယ်တော်ပွားကို ဌာပနာ စေတီတည်ခဲ့ခြင်းပင် ဖြစ်ပါတော့သည်။

တုရင်တောင်စေတီတော်ကြီး၏ အထက်ပိုင်းထီးတော်မှာ သေးသွယ်ချွန်တက်သည်။ ခေါင်းလောင်းပုံမှာ လုံးဝန်းပုပြတ်ပြီး ခေါင်းလောင်းပုံအောက်ခြေတွင် ရှစ်မြှောက်ပစ္စယံရှိပါသည်။ ထိုပစ္စယံများကို ဆင်ရုပ် ၃၂ ရုပ်ဖြင့် ခံထားလေသည်။

ပုဂံမြို့သစ် အနောက်တောင်ဘက် သီရိပစ္စယာရွာ ဇရောဝတီမြစ်ကမ်းနဖူးရှိ တောင်ကမ်းပါးယံပေါ်တွင် လောကနန္ဒာ စွယ်တော်ဘုရားကို ဖူးတွေ့ရမည် ဖြစ်ပါသည်။ အနော်ရထာမင်းကြီးသည် သီဟိုဠ်ဘုရင် ဓာတုသေနမင်း ဆက်သသော စွယ်တော်တစ်ဆူကို ထပ်မံပွား၍ ရတနာဆင်ဖြူတော်တွင် တင်ကာ လွှတ်သည်။ ထိုဆင်ဖြူတော်ဝပ်ရာအရပ်တွင် စွယ်တော်ဘုရား တည်မည်ဟူသော အဓိဋ္ဌာန်ကြောင့် ယခု ဧရာဝတီမြစ်ကမ်းပါး ပုဂံသင်္ဘော ဆိပ်အနီး ကုန်းမြင့်တွင် ဆင်ဖြူတော်ဝပ်ရာ လောကနန္ဒာစွယ်တော်မြတ် စေတီတော်ကို တည်တော်မူခဲ့သည်။ ပုဂံပြည်၏ ထောင့်လေးထောင့်တွင် စွယ်တော်လေးဆူ တည်ရှိခဲ့သည့်အနက် ဤစွယ်တော်မြတ်ဘုရားမှာ တတိယမြောက်ဖြစ်ပြီး ပုဂံရဲ့ အနောက်တောင်ထောင့်တွင် တည်ရှိလေသည်။

သမိုင်းမှတ်တမ်းများအရ စေတီရဲ့ အထက်ပိုင်းတွင် ထီး၊ ဖောင်း ရစ်များ ဂုံးလျောတစ်လှည့် အဖောင်း တစ်လှည့်ဆင်ထားသည်။ ခေါင်းလောင်းပုံ သဏ္ဌာန်မှာ ပျူဘုရားများရဲ့ လက်ရာဖြစ်၍ ရှည်လျားပြီး ခေါင်းလောင်းနားသည် ကော့နေလေသည်။ မှန်ကူကွက်သဏ္ဌာန် ဖောင်းကြွပန်းခက်ကြီးများ ခေါင်းလောင်း ရင်စည်းအဖြစ် ပတ်ထားသည်။ အောက်ခြေတွင် ၁၆ မြှောင့် ပစ္စယံနှစ်ဆင့်၊ ရှစ်ထောင့်ပစ္စယံ သုံးဆင့်ရှိပြီး ပစ္စယံအဆင့်ဆင့်ပေါ်သို့ တက်ရန် တောင်၊ မြောက်၊ အရှေ့ဘက်တို့တွင် နတ်လမ်းလှေကားများ ရှိသည်။ ယခုသွားရောက်ဖူးမြော်ချိန်တွင် အောက်ခြေပတ်ပတ်လည်တွင် သင်ဖျူးများ ကာရံထားပြီး ရွှေချပြုပြင်မွမ်းမံနေသည်ကို တွေ့ရှိခဲ့ရပါသည်။

တန့်ကြည်တောင်စွယ်တော် စေတီတော်မြတ်ကြီးသည် အနော်ရထာမင်းကြီး အဓိဋ္ဌာန်ဖြင့် ဆင်ဖြူတော် ဒုတိယအကြိမ် ရပ်တန့်တော်မူသောနေရာတွင် ဌာပနာခဲ့ခြင်း ဖြစ်ပါသည်။ သက္ကရာဇ် ၃၉၆ ခုနှစ်တွင် ရှင်အရဟံ မထေရ်၏ တိုက်တွန်းချက်အရ အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့လေသည်။ ဆင်ဖြူ ရတနာသည် ပုဂံနန်းတော်အား သုံးပတ်လှည့်ပြီးနောက် ဧရာဝတီမြစ်ကို ကူးလေသည်။ ထို့နောက် တန့်ကြည်တောင်ထိပ် တောင်ပူဇာတွင် ပဆစ်တစ်ဖက်တုပ်င ဆင်ဖြူတော်အော်သဖြင့် ရှင်အရဟံအား အနော်ရထာက မေးလျှောက်ရာ မင်းကြီး ကြောက်တော်မူသည်ကို သိ၍ ထိုအရပ်၌ ရှစ်မျက်နှာသက်တော်ရှည် ဘွဲ့အမည်တွင်သော ဘုရားတည်သည်။ ဆင်ဖြူရောက်သည့်နေ့မှစ၍ မိုးကြီးသည်းထန်စွာ ရွာသောကြောင့် ရှင်ပင်မိုးကောင်းဘုရား တစ်ဆူတည်သည်။ ဆင်ဖြူတော်က အနောက်စူးစူး တောင်ခြေသို့ သွားပြီး မာန်သွင်းသောနေရာ၌ ဆင်မာန်သွင်းဘုရားတည်သည်။ နောက်ဆုံး ဆင်ဖြူတော် ယခုစေတီတည်သော နေရာ၌ ဝပ်သဖြင့် စွယ်တော်မြတ်အား ဌာပနာ၍ သက္ကရာဇ် ၁၉၇ ခုနှစ်တွင် တန့်ကြည်တောင် စွယ်တော်မြတ်ဘုရား ဖြစ်ပေါ်လာပေတော့သည်။

စွယ်တော်မြတ်လေးဆူသည် အံ့မခန်းသည် အဓိပ္ပာယ်များဖြင့် ပြည့်နှက်နေပြီး ဖူးမြော်ချင်စရာ နေရာများပင် ဖြစ်ပေသည်။ တကယ့် သစ္စာသမာဓိရှိတဲ့သူသာ ပြည့်စုံမယ်လို့ ကျွန်မ ယုံကြည်မိပါသည်။ ကျွန်မလည်း ပုဂံဘုရားများကို သုံးခေါက်ဘဲ သွားရောက်ဖူးမြော်ခဲ့ရပါသေးသည်။ ဖူးမြော်နေတဲ့အချိန်မှာ ကြည်နူးမှု၊ စိတ်၏အေးချမ်းမှုကို ခံစားခဲ့ရပြီး ပြောမပြတတ်အောင်လည်း ဝမ်းသာကြည်နူးမိပါသည်။ ကျွန်မလေ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်တွေ ကိန်းဝပ်နေတဲ့ မြန်မာနိုင်ငံကို ကိုယ်စားပြုနေတဲ့ ပုဂံပြည်ကို အခြေအနေ ပေးခဲ့ရင် ထပ်မံသွားရောက်ဖူးမြော်ချင်ပါသေးသည်။ ကျွန်မသွားခဲ့ရတဲ့ သုံးခေါက်မှာ ပထမတစ်ခေါက်က မိသားစုနှင့် သွားခဲ့ရပြီး ဒုတိယ တစ်ခေါက်ကတော့ ကျောင်းပြီးတုန်းက မေဂျာကသွားတာကို မလိုက်ဘဲနဲ့ သူငယ်ချင်းတွေနဲ့ ထပ်မံသွားရောက်ခဲ့ခြင်း ဖြစ်ပါသည်။ ယခုတတိယအကြိမ်မှာတော့ ၂၀၁၃ သင်္ကြန်တွင်းမှာ မောင်နှမများဖြင့် သွားရောက်ဖူးမြော်ခဲ့ပါသည်။ သုံးခေါက်စလုံးဟာ ကျွန်မအတွက် မမေ့နိုင်စရာ နေ့ကလေးတွေ ဖြစ်ခဲ့ပေသည်။ အရမ်းလည်း ပျော်ရွှင်ကြည်နူးမိခဲ့သည်။ မြန်မာနိုင်ငံမှာ ဒီလို ရှေးဟောင်း အမွေအနှစ်တွေ ဆက်လက် တည်ရှိနေစေချင်တာ ကျွန်မရင်ထဲက ဆန္ဒဖြစ်ပါသည်။

ပုဂံမြို့သည် ပူပြင်းခြောက်သွေ့သော နေရောင်ခြည်အောက်တွင် ဖူးမြော်စရာ စေတီပုထိုးများဖြင့် တင့်တယ်လှပသည့် နိုင်ငံခြားသားများ လှေ့လာစရာ အထင်ကရ မြန်မာပြည်ရဲ့ ကျက်သရေကို ဂင့်ဂင်ထည်ထည် ဆောင်ရွက်နေပေတော့သည်တကား။

မိတ်ဆွေတို့ကော သွားရောက်ဖူးမြော်ပြီးကြပြီလို့ ကျွန်မ ထင်မိပါတယ်။ သွားရောက်ခဲ့ရင်လည်း စွယ်တော်လေးဆူကို ဖူးမြော်ဖြစ်အောင် ဖူးမြော်စေချင်မိပါတော့တယ်။



အိုင်စီတီ ဂျာနယ်
Volume 2, Issue 16
MYANMAR ICT JOURNAL

MYANMAR JOB SEARCH

ဤကဏ္ဍတွင် အခမဲ့ ကြော်ငြာလိုပါက **www.myanmarjobsearch.com** တွင် အချက်အလက်များကို ဝင်ရောက် ဖြည့်စွက်နိုင်သည်။

## အလုပ်ရှာဖွေနေသူများ (Job Seeker)

### Management, Executive

| | |
|---|---|
| NAME | San Lwin |
| SEEKING | Manager |
| AGE | 36 |
| Contact | 09-400-028-92 |
| NAME | Zin Mar Thein |
| SEEKING | Purchasing Manager |
| AGE | 26 |
| Contact | 09-429-496-7295 |
| NAME | U Saw Naing Win |
| SEEKING | Phone Hardware & Software |
| AGE | 25 |
| Contact | 09-732-470-96 |
| NAME | Win Min Htun |
| SEEKING | Admin Manager or Operation Manager |
| AGE | 34 |
| Contact | 09-420-718-092 |

### Web Site Development

| | |
|---|---|
| NAME | Kaung Khant Kyaw |
| SEEKING | Web Designer |
| AGE | 20 |
| Contact | 09-429-496-7295 |
| NAME | May Thu Aung |
| SEEKING | Web Developer, Web Design |
| AGE | 19 |
| Contact | 09-514-2775 |

### Engineering

| | |
|---|---|
| NAME | Zin Win Htut |
| SEEKING | Site Engineer, Project Engineer, Site Supervisor & Project |
| AGE | 25 |
| Contact | 09-428-113-322 |
| NAME | Ei Khine |
| SEEKING | Network Engineer or IT |
| AGE | 25 |
| Contact | 09-420-026-349 |
| NAME | Yiywe Aung |
| SEEKING | Autocad Engineer |
| AGE | 22 |
| Contact | 09-735-516-02 |

### Other

| | |
|---|---|
| NAME | Mg Nyi Nyi Soe |
| SEEKING | Legal |
| AGE | 24 |
| Contact | 09-420-079-70 |
| NAME | San Lwin |
| SEEKING | Manager/ Officer/ Program Coordinator |
| AGE | 36 |
| Contact | 09-400-028-928 |
| NAME | Kyaw Kyaw |
| SEEKING | Chinese Translator |
| AGE | 31 |
| Contact | 09-429-496-7295 |
| NAME | Mya Hnin Yee |
| SEEKING | Quality Assurance / Quality Control/ Laboratory |
| AGE | 28 |
| Contact | 09-732-218-83 |

### Computer/ ICT/ Electronics

| | |
|---|---|
| NAME | Phyo Thi Ha |
| SEEKING | Software Engineer/ Developer |
| AGE | 25 |
| Contact | 09-421-017-745 |
| NAME | Lu Lu Aung |
| SEEKING | Network Engineer |
| AGE | 24 |
| Contact | 09-100-5209 |
| NAME | Aye Min |
| SEEKING | Hardware/ Network Engineer |
| AGE | 24 |
| Contact | 09-429-496-7295 |
| NAME | Wonnakoko |
| SEEKING | Software Developer |
| AGE | 25 |
| Contact | 09-506-8854 |
| NAME | Pyi Phyo Han |
| SEEKING | Network Engineer |
| AGE | 27 |
| Contact | 09-450-020-858 |

### Education and Training

| | |
|---|---|
| NAME | Hlaing Minn Paing |
| SEEKING | Network Engineer |
| AGE | 24 |
| Contact | 09-432-066-36 |

### Accounting

| | |
|---|---|
| NAME | Thet Mon Soe |
| SEEKING | Accountant |
| AGE | 26 |
| Contact | 09-495-948-53 |
| NAME | Nway Nway |
| SEEKING | Administration staff/ Accounting and Office staff |
| AGE | 27 |
| Contact | 240702 |
| NAME | Su Myat Mon |
| SEEKING | Accounting |
| AGE | 26 |
| Contact | 420102147 |
| NAME | Chit Chit Po |
| SEEKING | Admin |
| AGE | 21 |
| Contact | 09-401-531-18 |
| NAME | May Su |
| SEEKING | Accountant |
| AGE | 23 |
| Contact | 09-421-100-204 |

### Banking and Financial Services

| | |
|---|---|
| NAME | May Phyu Hnin |
| SEEKING | Any (suitable) |
| AGE | 23 |
| Contact | 09-429-496-7295 |
| NAME | Kaung Htet |
| SEEKING | Junior Assistant |
| AGE | 20 |
| Contact | 09-731-483-91 |

### Logistics, Transport and Supply

| | |
|---|---|
| NAME | Phyo Si Thu Nyunt |
| SEEKING | Warehouse Supervisor |
| AGE | 28 |
| Contact | 09-731-096-21 |

### Sales and Marketing

| | |
|---|---|
| NAME | K Htet |
| SEEKING | General Manager |
| AGE | 29 |
| Contact | 09-430-514-96 |
| NAME | Shwe San Myay |
| SEEKING | Executive and Manager |
| AGE | 35 |
| Contact | 09-472-244-40 |

## အလုပ်ရှင်များ၏ ခေါ်စာများ (Vacant Position)

### Y.K.M Sevices CO.,Ltd

| | | |
|---|---|---|
| VACANT | Sales Staff | 3 |
| PHONE | 09-43066218 | |
| ADDRESS | No.226,Room 101,Wizaya Plaza,Dhamazedi Road, Bahan, Yangon. | |

### Apple Ion Co.,Ltd

| | | |
|---|---|---|
| VACANT | Manager | 1 |
| | Marketing Executive | 2 |
| | Marketing Staff | 5 |
| | Driver | 1 |
| | Web Designer | 1 |
| PHONE | 01-525935, 01-534679, 01-524379, 01-505247, 01-5058248 | |
| ADDRESS | No.62A, Bawdiyeiktha-Thanlwin Road, Bahan Township, Yangon | |

### EQHO Communications

| | | |
|---|---|---|
| VACANT | Burmese Translators | - |
| PHONE | (+66(0))2 637 8060, Fax. +66(0) 2 637 8422 | |
| ADDRESS | Chartered Square, 152 North Sathorn Road, Bangkok 10500 Thailand | |

### DPS (Design Printing Service)

| | | |
|---|---|---|
| VACANT | Graphic Designer | 5 |
| PHONE | (95-1)204020, 204200 | |
| ADDRESS | N0. 165, 1st Floor, 35th Street, ( Middle Block), Kyauktada Township, Yangon. | |

### Profit Computer Training Centre

| | | |
|---|---|---|
| VACANT | Networking and Server | 2 |
| | Web Designer | 2 |
| | Graphic Designer | 2 |
| PHONE | 09-420-160-229, 09-730-847-51 | |
| ADDRESS | Yangon. | |

### LinkUPCRM Private Ltd

| | | |
|---|---|---|
| VACANT | Senior Software Developer (Web Application) | 3 |
| PHONE | 01-523460 | |
| ADDRESS | 26(A).Mingalar st, Hledan, Kamaryut Township, Yangon | |

### Myanmar World Wide Web Institute

| | | |
|---|---|---|
| VACANT | Network & A+ Trainer | 1 |
| | Website Development Trainer | 2 |
| | J2SE & J2EE Trainer | 1 |
| | .Net with C# Programming Trainer | 1 |
| PHONE | 01-652288, 01-521125, 01-652320 | |
| ADDRESS | အဆောင်(၅)၊ အခန်း(၄)၊ MICT Park၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ | |

### RAINMAKER SERVICES COMPANY LIMITED

| | | |
|---|---|---|
| VACANT | Public Relation Executive Cum Admin Officier | 2 |
| PHONE | 01-544221 | |
| ADDRESS | No.191, 4th Floor, U Chit Maung Street, Bahan Township, Yangon | |

### Singapore Infocomm Technology Federation

| | | |
|---|---|---|
| VACANT | PHP Developer | 5 |
| PHONE | 6597928305 | |
| ADDRESS | Singapore Management University | |

သင် ရောင်း/ဝယ် လိုသော ပစ္စည်းများကို ဤစာမျက်နှာတွင် အခမဲ့ ဖော်ပြနိုင်ရန်
classified@myanmarict.comသို့ email ပေးပို့လိုက်ပါ။

# FREE CLASSIFIEDS

## WANTED
အလိုရှိသည်။

| | |
|---|---|
| Condition | Used |
| Description | iPhone 5 , 4S , 4 , 3GS , 3G iPod 5 , 4 , iPad 4 , 3 , 2 , Mini Wifi & Wifi+3G Samsung S2 , S3 , S4 , Grand , Note 1 , Note 2 ,Note 8.0, Any Samsung Tablet Sony Xperia Z , T , TX , Ion , S , SL , Acro S , J , P , U , E , V |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |

| | |
|---|---|
| Condition | Used |
| Description | Sola HTC Butterfly , One , One X , One X Plus , XL , XE , Desire VC HUAWEI Ascend D2 , P1 , U9508 , U8951D , U8950 , U8812D , U8825D , Macbook Pro , Macbook Air , iMac , Any Laptop |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-4500-398-44 |

| | |
|---|---|
| Condition | Used |
| Description | Netbook Used HTC One X ,One S ,Sensation XE Sansation XL,Desire VC, Samsung Galaxy S, S Plus, S2, S3, Note1,Note2 Iphone 3gs/4s/5 LG Optimus Sony Arc S,Huawe U8950 |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |

| | |
|---|---|
| Condition | Used |
| Description | C8950 U8825D C8812 C8810 NOKIA Series All Apple Device Ipad Ipod Macbook Macbook Air Asus Lenovo Acer MSI Dell HP Laptop Latest Model i3 i5 i7 Model |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 01-376-420 |

## WANTED
အလိုရှိသည်။

| | |
|---|---|
| Condition | Used |
| Description | FairPrice UsedMarketPlace. Laptop Ultrabooks Notebook Netbook Mackbook MacbookPro Macbook Air.Phone handset Apple Samsung HTC Nokia Blackberry |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |

| | |
|---|---|
| Condition | Used |
| Description | Sony LG SKY HUAWEI All kind of Andriod Device and Apple Device Ipad Iphone Ipad Samsung Tablet all kind of Tablet PSP External Hardisk |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |

| | |
|---|---|
| Condition | Used |
| Description | SecondHand Laptop Notebook Netbook Mackbook MacbookPro Macbook Air.Apple Iphone 3gs/4g/4s/5 Samsung S2 S3 Note Note2 HTC One X |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |

| | |
|---|---|
| Condition | Used |
| Description | Nokia Sony LG SKY HUAWEI All kind of Andriod Device and Apple Device Ipod Iphone Ipad Samsung Tablet all kind of Tablet Samsung Tablet External HDD |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-73048106 |

## FOR SALES
ရောင်းမည်။

| | |
|---|---|
| Condition | Used |
| Description | Samsung Galaxy Note GT-N7000 |
| Quantity | 1 |
| Price | 300,000 |
| Condition | Used |
| Description | iPhone 5 32GB Black |
| Quantity | 1 |
| Price | 625,000 |
| Contact | 09-730-481-06 |

| | |
|---|---|
| Condition | Used |
| Description | Dell Inspiron N5110 Intel Core i7 Ram 8GB H.D.D 640GB Graphics 2GB Display 15.6" Red Colour ( Like New) |
| Quantity | 1 |
| Price | 550,000 |
| Condition | Used |
| Description | Toshiba Qosmio F750 3D Laptop Intel Core i7 Ram 4GB H.D.D 640GB Graphics 2GB Display 15.6" Red Colour ( Like New) |
| Quantity | 1 |
| Price | 600,000 |
| Contact | 09-950-166-94 |

| | |
|---|---|
| Condition | Used |
| Description | Acer Aspier 4740 Intel Core i5 Ram 2GB H.D.D 320GB Finger Print Display 14" Blue Colour ( Like New) |
| Quantity | 1 |
| Price | 550,000 |
| Contact | 01-124-8076 |

## SALES/BUY
ရောင်းသည်။ ဝယ်သည်။
အလဲထပ် လုပ်ပေးသည်။

| | |
|---|---|
| Condition | Used |
| Description | Model Model Laptop Notebook Netbook Macbook Macbook Pro Macbook Air Model Model Handset Apple Samsung HTC Nokia LG Sony Model Tablet All kind of Ipad 1 2 3 Ipad mini Samsung Tablet China Tablet All kind of electronic Device can buy and sell at Resonable |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-5178391 |

| | |
|---|---|
| Condition | Used |
| Description | iPhone 2G/ 3G/ 3GS/ 4G/ 4S/ 5 Used iPad 1/2/3/4/ Mini Wifi Only & Wifi +3G iPod Touch 4G/5G Samsung / SonyEricsson / HTC / Huawei / Nokia |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Used Desktop PC / All in one PC / Notebook / NetBook Used Mac Book Pro / Mac Air / iMac / Mac Mini / Any Tablet PC used laptop, macbook, notebook, imac...etc |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-4500-398-44 |

အိုင်စီတီ ဂျာနယ်
Volume 2, Issue 16
MYANMAR ICT JOURNAL



# ပန်းရောင်ကို Crazy အဖြစ်ဆုံးဆိုတဲ့ Model

## *Pinky Ko*

ဒေဝီ

မေး - ညီမ အခုလက်ရှိ လှုပ်ရှားနေတဲ့ အနုပညာရပ်ဝန်း အကြောင်းလေး ပရိသတ်ကို ပြောပြပေးပါဦး။

ဖြေ - ညီမက ဓာတ်ပုံတွေ ရိုက်တယ်။ Photo Modelပဲပေါ့။ သူငယ်ချင်း VCDတွေမှာ သရုပ်ဆောင်ထားတယ်။ အခုလောလောဆယ် MTVတွေလည်း ရိုက်ဖို့ ရှိတယ်။

မေး - အခုလက်ရှိ ဘယ်လို IT ပစ္စည်းလေးတွေကို ညီမ ရွေးချယ် အသုံးပြုနေလဲ။

ဖြေ - ဖုန်းကတော့ Samsung Galaxy S2ပါ။ iPad Mini 2ကို ကိုင်ဆောင်တယ်။ Internet သုံးတယ်။ Camera အနေနဲ့ကတော့ ဖုန်းနဲ့ပဲ ရိုက်တယ်။ သီချင်းလည်း နားထောင်တယ်။ ညီမဖုန်းထဲက Functionတွေကို ကြိုက်တယ်။ သူက Version မြင့်ထားပြီးသားဆိုတော့လေ။

မေး - Social Network အနေနဲ့ ဘာတွေ အသုံးပြုတာများလဲ။

ဖြေ - ဘာမှ မသုံးဖြစ်ဘူး။ Facebook, Gtalk, Gmailတွေလည်း မသုံးဖြစ်ဘူး။ Internetကို မသုံးဖြစ်တာ များတယ်။

မေး - ဒါဆို ညီမရဲ့ Fashionတွေကို ဘယ်လိုလေ့လာလဲ။

ဖြေ - တစ်ခါတလေမှ Youtube ထဲဝင်ပြီး Fashion Designတွေ လေ့လာဖြစ်တယ်။ နိုင်ငံခြားက အနုပညာရှင်ဆိုရင် Justin Biber နဲ့ Taylor Swift သူတို့ရဲ့ Styleနဲ့ Designတွေကို ကြိုက်တယ်။

မေး - ဘယ်ကားအမျိုးအစားကို ရွေးချယ်ဖို့ စိတ်ကူးထားလဲ။

ဖြေ - ကားလဲဖို့ ရှိတယ်။ Honda Fit ဒါမှမဟုတ် Suzuki Swiftလေးပေါ့။ ဘာလို့ကြိုက်လည်း ဆိုတော့ သေးသေးလေးလည်း ဖြစ်တယ်။ မောင်းရတာလည်း လွယ်လွယ်ကူကူ ဖြစ်တယ်လေ။ သူငယ်ချင်း တစ်ယောက်စီမှာ စီးဖူးကတည်းက ကြိုက်သွားတယ်။ ပန်းရောင်လေး လိုချင်တယ်။ နောက်လဲမယ့် ကားကိုလည်း ပန်းရောင်လေး ဖြစ်အောင် စတစ်ကာတွေနဲ့ အတွင်းရော အပြင်ရော အလှဆင်ဖို့ စိတ်ကူးထားတယ်။

မေး - ဘာသာရေးပိုင်းနဲ့ ပတ်သက်ပြီးတော့ရော ဘာတွေလုပ်ဖြစ်ပါသလဲ။

ဖြေ - အိမ်မှာတော့ နေတိုင်း ဘုရားရှိခိုးတယ်၊ မေတ္တာသုတ် ရွတ်တယ်၊ အမျှဝေတယ်၊ တစ်ခါတစ်လေ ဘုရားသွားတယ်။

မေး - ညီမလေးရဲ့ ဘဝမှာ အဖြစ်ချင်ဆုံးက ဘာလဲ၊ ရှိခဲ့မယ်ဆိုရင် ပြောပြပေးပါဦး။

ဖြေ - အဖြစ်ချင်ဆုံးရယ်ဆိုလို့ ပျော်စရာကောင်းတဲ့ နေရာလေး တစ်နေရာမှာ အေးချမ်းသာယာတဲ့ မိသားစု ဘဝလေး တစ်ခုကို ပိုင်ဆိုင်ချင်တဲ့ ဆန္ဒရှိတာပေါ့။ ဘယ်နေရာလဲ ဆိုတော့ မြန်မာနိုင်ငံမှာ မဟုတ်တာ သေချာတယ်။

မေး - အနုပညာကြောင့်ပဲ ဖြစ်ဖြစ်၊ မိသားစုကြောင့်ပဲ ဖြစ်ဖြစ် စိတ်အနှောက်အယှက်ဖြစ်တာမျိုးတွေ ရှိမယ်ဆိုရင် ဘယ်လို ရင်ဆိုင်လဲ။

ဖြေ - အဲဒါတွေက ညီမအတွက် ပြောပလောက်အောင် မရှိဘူးဆိုပေမယ့် ဖြစ်လာရင်လည်း စိတ်ထဲသိပ် မထားဘူး။ ခဏလေးနဲ့ မေ့ပျောက်ထားလိုက်တယ်။ ဘယ်သူ ဘာပြောပြော သိပ်ဂရုမစိုက်တတ်ဘူး။

မေး - ညီမကို အားပေးနေတဲ့ ပရိသတ်ကြီးအတွက် အိုင်စီတီဂျာနယ်မှ တစ်ဆင့် စကားလက်ဆောင် လေးကို ပြောပြပေးပါဦး။

ဖြေ - သမီး Pinky Koက အခု အနုပညာ လှုပ်ရှားမှုတွေကို ပြန်လည် လှုပ်ရှားလာပါပြီ။ နောက်ထပ် ထွက်လာမယ့် Magazinတွေ သမီးရဲ့ ဓာတ်ပုံတွေပေါ်မှာ ဝေဖန်တာမျိုး အကြံပေးတာမျိုး လည်း ပြုလုပ်နိုင်ပါတယ်။ Pinky Koရဲ့ ပရိသတ်ကြီး ကျန်းမာကြပါစေလို့ ဆုတောင်း ပေးလိုက်ပါတယ်။

# ၁၅၀၀၀တန် ကိုဘအေး

တစ်ချိန်တုန်းက ခေတ်စားခဲ့တဲ့ Motto ဆောင်ပုဒ် လေးတစ်ခုရှိတယ်။ "ခေတ်မီသူတိုင်း ပင်လယ်ငါးစား ကြသည်"တဲ့၊ အဲဒီတုန်းက ကျွန်တော်တို့ဆီမှာ ပင်လယ် ငါးကို သိပ်စားလေ့ မရှိကြဘူး။ ပင်လယ်ပိုင်းနေတဲ့သူ တွေတောင် အကုန်လုံး မစားကြဘူး။ ရေချိုငါးလောက်ပဲ စားကြတာ။ အဲဒါနဲ့ စား၊ ဖျော် (ကုန်သွယ်ရေး)ကပဲ ထင်တယ်။ ဗိုလ်ချုပ်ဈေးထဲမှာ "ယမုံနာ" ဆိုပြီး ပင်လယ် ငါး စားသောက်ဆိုင် တစ်ခုဖွင့်တယ်။ ငါးဆုပ်လုံးတို့ ဘာတို့ ပင်လယ်ငါး၊ ပင်လယ်စာနဲ့ ပတ်သက်တဲ့ အစားအသောက်တွေ ရောင်းတယ်။ ပြီးတော့ အဲဒီလို "ခေတ်မီသူတိုင်း ပင်လယ်ငါး စားကြသည်"လို့ ဝါဒ ဖြန့်တာပေါ့။ ပင်လယ်ငါး မစားတဲ့သူကပဲ ခေတ်မမီတော့ သလိုလို။ အခုတော့လည်း တော်တော်များများ စားနေ ကြပါပြီ။

ကျွန်တော်ကလည်း အဲဒီအတိုင်း ဆောင်ပုဒ်တစ်ခု ထွင်မလားလို့ "ခေတ်မီသူတိုင်း ၁၅၀၀ ဖုန်း ကိုင်ကြ သည်" လို့လေ။ ဒီဖုန်းက မထွက်ခင်ကလည်း လူတွေ ကြားမှာ သတင်းအမျိုးမျိုးဖြစ်ပြီး တစ်နိုင်ငံလုံး ဂယက် ရိုက်နေတာ။ ထွက်လာတော့လည်း မျှော်လင့်မထားတဲ့ အနေအထားမျိုးနဲ့။ လူတွေ ထင်ထားကြတာက ၅ထောင် နဲ့ ပေးမယ်လို့ ပြောတဲ့သူရှိပေမယ့် နောက်ဆုံးသတင်း အရ အနည်းဆုံး ၂ သောင်းလောက်တော့ ရှိမယ်လို့ ထင်ထားတာ။ ၁၅၀၀၀နဲ့ ပေးမယ်ဆိုတော့ တော်တော် လေး အံ့သြသွားကြတယ်။ ဒါပေမယ့် အကန့်အသတ် လေးတွေတော့ ပါလာတယ်။

ပြည်နယ်တိုင်း ဒေသကြီးတွေကို ပထမအသုတ် အနေနဲ့ ဆင်းမ်ကတ် သုံးသိန်းခွဲ ချပေးတာ။ MECTel တံဆိပ်နဲ့ ဖြစ်ပြီးတော့ ငွေဖြည့်ကတ်ကလည်း MECTel တံဆိပ်ပါတာပဲ သုံးရမယ်။ ဆင်းမ်ကတ်ကို ၁၅ရက် အတွင်း သုံးရမှာဖြစ်ပြီး ငွေ ၅၀၀၀ ကျပ်ကိုလည်း နှစ်လ နဲ့ ကုန်အောင် ပြောရမှာ ဖြစ်ပါတယ်။ ဒီအကြောင်း တွေကတော့ သတင်းစာတွေ၊ ဂျာနယ်တွေမှာလည်း ပါပြီးသား ဖြစ်ပါတယ်။

ဆင်းမ်ကတ်တွေကို ဧပြီလ ၂၄ရက်နေ့မှာ ထုတ်ပေး မယ်ဆိုတော့ ရပ်ကွက်ထဲမှာ ရတဲ့ ခွဲတမ်းတွေကို မဲနှိုက်ဖို့ ပြင်ဆင်ကြရပြန်တယ်။ ကိုဘအေးတို့ လမ်းအတွက် ၁၁လုံး ရတယ်။ ၂၂ရက်နေ့က ဓမ္မာရုံမှာ မဲနှိုက်တော့ ဒါပေမယ့် အားမလျှော့ပါဘူး။ မဒမ်ဘအေးတို့ ကျောင်းမှာ လည်း မဲနှိုက်မယ် ပြောတယ်။ ကျောင်းအတွက်က ၁၄ကဒ်ရတယ် ပြောတယ်။ ကျောင်းရှိအကုန် ဆရာ၊ ဆရာမက ၆၀လောက်ရှိတယ်။ ကျောင်းမှာတော့ မဒမ် ဘအေးက ကံကောင်းသွားတယ်။ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့ ၂၈ရက်နေ့က မှတ်ပုံတင်မိတ္တူနဲ့ ဓာတ်ပုံ နှစ်ပုံ ပေးဖို့ ကျောင်းက လှမ်းတောင်းတာနဲ့ မဒမ်ဘအေးလည်း မိတ္တူဆိုင်နဲ့ ဓာတ်ပုံဆိုင်နဲ့ ကျောင်းနဲ့ ပြေးလွှားလိုက် ရသေးတယ်။ ၆၀:၁၄မှာ မဲပေါက်တာဆိုတော့ ကံကောင်း တယ် ပြောရမှာပေါ့နော်။ စောစောက ပြောခဲ့သလိုပဲ ၁၅၀၀၀တန် ဖုန်းကိုင်ရပြီဆိုတော့ ခေတ်မီသွားပြီပေါ့။ မဲမပေါက်လို့ မရသေးတဲ့ သူတွေကတော့ မကြာမီလာ မည် မျှော်..........။

ကိုဘအေးတို့ အိမ်ဘေးခန်းက ဆရာမကတော့ သူတို့ကျောင်းမှာ ကျောင်းအုပ်ဆရာမကြီးက တာဝန်ခံ ဆရာကို မဲမဖောက်ဘဲ တစ်လုံးပေးလိုက်တာ မဲမပေါက် တဲ့ ဆရာမတွေက ပွစိပွစိ လုပ်ပြီး တိုင်မယ်၊ တောမယ် ပြန်ပေးလိုက်တယ်တဲ့။ ကျောင်းအုပ် ဆရာမကြီးက နောင်လည်း ပေးဦးမှာပဲ။ ဒီဆရာက ကျောင်းကိစ္စဆိုရင် သူပဲ လိုက်လုပ်နေတာဆိုတော့ တမင်ပေးလိုက်တာ။ အော် . . . လူတွေရဲ့ လောဘကလည်း ကြောက်စရာပဲ နော်။ နည်းနည်းလေးမှ သည်းမခံနိုင်ကြတာ ခက်တယ်။ အဖြစ်တွေ သည်းနေကြတာလေ။ (ကိုယ်က ရလိုက် တာကိုး ဟဲဟဲ....)

ရပ်ကွက်ထဲတွေမှာလည်း ဒီလိုပါပဲ။ အေးအေးဆေး ဆေးနဲ့ ပြီးသွားကြတဲ့ သူတွေ ရှိသလို၊ တချို့လည်း ပူညံ ပူညံနဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးက မမျှတဘူး။ တိုင်မယ်၊ တောမယ်နဲ့ ဖြစ်ကြတာလည်း ကြားရဲ့။ အစိုးရအဖွဲ့ရုံး တောင် တိုင်ကြားနိုင်တယ်လို့ ဆိုထားတာကိုး။ တချို့ ရပ်ကွက်တွေက ဝန်ထမ်းတွေ မလျှောက်ရဘူးလို့ ပြော တယ်။ တချို့နေရာတွေမှာတော့ အဲဒီလို မရှိဘူး။

ရုံးတွေမှာလည်း မဲနှိုက်ကြရတယ်။ နေ့စား ဝန်ထမ်း တွေတော့ မပါသေးဘူးလို့ ပြောတယ်။ နောက်တော့ အားလုံးရကြမှာပါ။ မြန်မာပြည်လူဦးရေ သန်း ၆၀ရဲ့ ၅၀ ရာခိုင်နှုန်းဟာ နောင်လာမယ့် လေးငါးနှစ်အတွင်းမှာ မိုဘိုင်းဖုန်းတွေ ကိုင်နိုင်အောင် လုပ်ဆောင် သွားမယ်လို့ လည်း တာဝန်ရှိသူတွေက ပြောတယ်လို့ သိရပါတယ်။ လက်ရှိမှာတော့ ဆင်းမ်ကတ်တွေကို အကန့်အသတ်နဲ့ ပေးနေတာမို့လို့ ဟန်းဆက်ဈေးကွက်ကလည်း သိပ်မ ဟော့ပါဘူး။ အခု CDMA 800MHzတွေက ဟန်းဆက် ရှေးတယ်လို့လည်း ပြောကြတယ်။

နောက်ပြီးတော့ အခု ၁၅၀၀၀တန် ဖုန်းလိုင်းတွေက တာဝါတိုင်နဲ့ လေးမိုင်ပတ်လည်အတွင်းမှာသာ ဆက်သွယ် ပြောဆိုနိုင်မယ်လို့ သိရပါတယ်။ အခု တန်ဖိုးနည်း ဖုန်းလိုင်းအတွက် တစ်နိုင်ငံလုံးအတိုင်းအတာမှာ တာဝါ တိုင်ပေါင်း ၂၈၂ခု တည်ဆောက်ထားတယ်လို့ သိရပြီး ၎င်းတာဝါတိုင် ဧရိယာအတွင်းမှာ ပြည်တွင်းပြည်ပ ခေါ်ဆိုမှုတွေ ပြုလုပ်နိုင်တယ်လို့ MPTကလည်း ပြောထားပါတယ်။ အရင် CDMA800တွေတုန်းက တည်ဆောက်ထားတဲ့ နည်းပညာအရ မိုင် ၂၀အတွင်း ဆက်သွယ် ပြောဆိုနိုင်တယ်လို့ သိရပြီး အခု MECTel အမှတ်တံဆိပ်ပါ ဖုန်းလိုင်းတွေဟာ တာဝါတိုင်နဲ့ လေးမိုင် အတွင်း၌သာ ဆက်သွယ်ပြောဆိုမှု ပြုလုပ်နိုင်တယ်လို့ ဆိုတာဟာလည်း ကွာဟချက်တစ်ခု ဖြစ်နေပါတယ်။

ကိုဘအေးကတော့ အဲဒီနည်းပညာတွေ နားမလည် ပါဘူး။ အခု ကိုဘအေးတို့ မြန်မာပြည်မှာ သုံးနေတဲ့ မိုဘိုင်းလ်ဖုန်း အမျိုးအစားတွေက CDMA 450MHz, CDMA 800MHz, GSMနဲ့ WCDMA (ကမ်းရိုးတန်း) ဖုန်းတွေပဲလို့ သိထားပြီး GSM ဖုန်းလိုင်းတွေရဲ့ တာဝါ တိုင်တွေက နည်းပညာအရ ၁၀မိုင်အတွင်း ဆက်သွယ် ပြောဆိုနိုင်ပြီး CDMA 450တွေအတွက် စိုက်ထူထားတဲ့ တာဝါတိုင်တွေဟာ အတားအဆီးမရှိတဲ့ လွင်ပြင်ဒေသ များနဲ့ ပင်လယ်ကမ်းရိုးတန်း ဒေသများမှာ မိုင် ၂၀ နဲ့ အထက် ကိုပင် ဆက်သွယ်ပြောဆိုနိုင်တယ်လို့ သိရပါတယ်။

ဘာပဲပြောပြော ကိုဘအေးကတော့ C 800ဖုန်းလေး ကိုင်ရဦးတော့မယ်။ အခုလောလောဆယ် တစ်ယောက် တစ်လှည့် သုံးနေတဲ့ ကျောင်းက အရစ်ကျ ရောင်းခဲ့တဲ့ ၂သိန်းတန် Gကိုတော့ မဒမ်ဘအေးက သူပဲ ကိုင်မယ် ပြောတယ်။ ကိုဘအေးကိုတော့ ၁၅၀၀၀ပဲ ပေးမယ်တဲ့။ ကိုဘအေးက တွေးကြည့်တယ်။ ငါက ၁၅၀၀၀ပဲ တန် သလားလို့ပေါ့.....။



# ပန်းနဲ့ ပေါက်တာလည်း မနာချင်ပါ

၂၊ ၅၊ ၂၀၁၃ (ကြာသပတေးနေ့)ထုတ် 7Day Daily သတင်းစာမှာ မောင်ထွန်းလွင် (မိုးလေဝသ)ရေးတဲ့ "ပန်းနဲ့ ပေါက်တာလည်း နာချင်တယ်"ဆိုတဲ့ ဆောင်းပါး ကို ဖတ်လိုက်ရပါတယ်။ မိုးလေဝသနဲ့ ဇလဗေဒ ညွှန်ကြား မှုဦးစီးဌာနရဲ့ အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်ဖြစ်တဲ့ ဆရာ ဦးထွန်းလွင်ဟာ သူ့ရဲ့ အမှုထမ်းသက် (၄၃)နှစ်ပြည့်တဲ့ နေ့ဖြစ်တဲ့ ၂၀၀၈ခုနှစ်၊ မေလ ၃ရက်နေ့မှာ ရန်ကုန်မြို့ကို နာဂစ်ဝင်မွှေသွားတဲ့အတွက် ဘဝတစ်သက်တာ မမေ့ နိုင်စရာ အမှတ်တရတစ်ခု ဖြစ်သွားရတဲ့ အကြောင်းနဲ့ နိဒါန်းချီထားပါတယ်။

မိုးလေဝသ ပညာရှင်တစ်ဦးအနေနဲ့ ဒီဆိုင်ကလုန်း မုန်တိုင်းကြီးရဲ့ သဘောသဘာဝကိုလည်း အသေးစိတ် ဖော်ပြထားတာ တွေ့ရပါတယ်။ နာဂစ်လို့ ဖြစ်ပေါ်မလာ ခင် လေးငါးရက်လောက်ကတည်းက ဟန်ရေးတပြပြ မာန်သွေးတကြွကြွနဲ့မို့ တွေးပူနေမိခဲ့တဲ့အကြောင်း၊ ဒါ့ ကြောင့် သုတာစူနေခဲ့တဲ့ ဧရာဝတီတိုင်းက သက်ဆိုင်ရာ အာဏာပိုင်နဲ့ အဖွဲ့အစည်းတွေကို အဆက်မပြတ် ဆက် သွယ် သတိပေးနေခဲ့တဲ့အကြောင်း၊ အဓိက ဦးတည်နေ တဲ့ ဟိုင်းကြီးကျွန်းဆိုရင် မုန်တိုင်းမရောက်ခင် သုံးရက် လောက်ကတည်းက တာဝန်ခံတစ်ဦးကို နာရီဝက်တစ် ကြိမ် ဖုန်းအဆက်အသွယ်လုပ်ပြီး နာဂစ်ရဲ့ အခြေအနေ၊ တည်နေရာ၊ ဦးတည်ရွေ့လျားနေပုံတို့ကို အဆက်မပြတ် သတင်းပို့ပေးနေတဲ့အကြောင်း ဖော်ပြထားပါတယ်။

မြန်မာနိုင်ငံ ကမ်းရိုးတန်းဘက်ကို ဦးတည်လာနေတဲ့ အတွက် မြောက်ဘက်အစွန်ဆုံး မာန်အောင်နဲ့ တောင် ဘက် အစွန်ဆုံး အားလုံး အဝါရောင်အဆင့် သတ်မှတ် ထားခဲ့ပါတယ်။ ဒါပေမယ့် နာဂစ်ဟာ သမားရိုးကျ လမ်း ကြောင်းဖြစ်တဲ့ အရှေ့ဘက်လမ်းကြောင်းကို သွေဖီပြီး ၁၆ ဒီဂရီမြောက်လတ္တီတွဒ်မျဉ်းအတိုင်း အရှေ့စူးစူးကို ဦးတည်လာနေတဲ့အတွက် နာဂစ် မဟာယာများပြီဆိုတာ သိလိုက်ပါတယ်။ ဒီလိုနဲ့ ရွေ့လာလိုက်တာ မေလ ၁ ရက် နေ့ ညနေ ၆နာရီမှာတော့ အရှေ့လောင်ဂျီတွဒ် ၉၀ဒီဂရီ ရောက်လာခဲ့ပြီ၊ အဲဒီမျဉ်းကျော်တာနဲ့ မြန်မာ့ကမ်းရိုးတန်း ကို ဖြတ်ဖို့ သေချာသွားပြီလို့ ပြောပါတယ်။ ဟိုင်းကြီး ကျွန်းကို အနီရောင်အဆင့် သတ်မှတ်လိုက်ရပါပြီ။ နောက် ၁၂နာရီအတွင်း မုန်တိုင်းက ကမ်းကို ဖြတ်မယ်။ မုန်တိုင်း ဒီရေအနည်းဆုံး ၁၂ပေ ရှိမယ်။ မုန်တိုင်း ဦးတည်ရာက မြောက်ဘက်ကို နည်းနည်းတက်ရင် အထိအခိုက် လျော့နည်းနိုင်တယ်။ ဒီအတိုင်းဆိုရင်တော့ ကိုယ်ကျိုး နည်းပြီလို့ ဆိုပါတယ်။ မိုးဒဏ်၊ လေပြင်းဒဏ်၊ ဒီရေလှိုင်း ဒဏ်တွေကို ဧရာဝတီတိုင်း တောင်ပိုင်း၊ ရန်ကုန်တိုင်း တောင်ပိုင်း၊ ပဲခူးတိုင်း တောင်ပိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့ကို ကြေညာတော့ မြစ်ဝကျွန်းပေါ် ကမ်းရိုး တန်းဒေသတွေကို မုန်တိုင်းဒီရေမပြတ် သတိပေးတော့ လို့ ဖြစ်ပြီ။

မုန်တိုင်းအရွယ်အစားက အရှေ့အနောက် အချင်းဝက် အကျယ် မိုင် ၂၉၀နဲ့ တောင်မြောက်အကျယ် ၂၂၅မိုင် ရှိတယ် ပြောတယ်။ မုန်တိုင်းအရှေ့က မေလ ၂ရက်နေ့ ညနေသုံးနာရီမှာတော့ ဟိုင်းကြီးကျွန်းကို ရောက်တယ်။ စိုးရိမ်တဲ့အတိုင်း တကယ်ဖြစ်လာခဲ့ပြီ။ ဆုတောင်းလည်း မပြည့်ခဲ့ပါ။ နာဂစ်ဟာ မြန်မာနိုင်ငံရဲ့ အသည်းနှလုံးကို အရှိန်နဲ့ မွှေခဲ့ပါပြီလို့ ဆရာက ရင်ထုမနာနဲ့ ပြောခဲ့ပါ တယ်။ လေအဟုန်ပြင်းအားနဲ့ အရှိန်ပြင်းစွာ တိုးဝင်လာကြ တဲ့ ပင်လယ်ရေတွေဟာ ဧရာဝတီကမ်းရိုးနဲ့ ကမ်းခြေ တစ်လျှောက် ဆူနာမိ ရေလှိုင်းတွေလို ကြီးမားတဲ့ ကမ်းခြေ ရေလှိုင်းတွေ ဖြစ်လာကြစေပါတယ်။ ကမ်းခြေရေတိမ် ဒေသဖြစ်ခြင်း၊ မြေနိမ့် နွန်းပို့ ဒေသဖြစ်ခြင်း၊ မြစ်ဝရေ ဝင်ရေထွက်ပေါက် ပေါများခြင်း၊ လူဦးရေ ထူထပ်ခြင်း၊ တစ်နေရာမှ တစ်နေရာ အလွယ်တကူ မရွှေ့ပြောင်း နိုင်ခြင်း၊ ဒီရေတော သဘာဝ အကာအကွယ်များ ပျောက်ကွယ်ကုန်ခြင်း စတာတွေကြောင့် ဒီဒေသဟာ ဘေးဒုက္ခ အန္တရာယ်ကျရောက်နိုင်ခြေ အမြင့်မားဆုံး ဒေသ ဖြစ်သွားတယ်လို့ ဆိုပါတယ်။

နာဂစ်ကို လေ့လာလိုက်တော့လည်း ကမ်းခြေကို ဖြတ်ကာနီးမှာ အားကောင်းတဲ့အဆင့်ကို ရောက်လာပြီး အင်အင်ကြီးမားစွာ မုန်တိုင်းမျက်စိပေါ်တဲ့ အဆင့်နဲ့ ကမ်း ခြေကို ဖြတ်ကျော်သွားခဲ့တဲ့ အကြောင်း၊ ကမ်းကို စတင် ဖြတ်ပြီးတဲ့ နောက်မှာလည်း အရှေ့ဘက်ကိုသာ ဆက်လက် ရွေ့လျားခဲ့တဲ့အတွက် ကုန်းတစ်ဝက်နဲ့ ရေတစ်ဝက် ဖြစ်နေလို့ အခြားကုန်းတွင်းဖြတ် မုန်တိုင်း များလို မြန်မြန်ဆန်ဆန် အားလျော့ခြင်း မရှိခဲ့ဘဲ အရှေ့ဘက် ဦးတည်ချက်များနေပြီး ကမ်းလျှောက် မုန်တိုင်း ဖြစ်နေတာကြောင့် ကမ်းရိုးတန်း လူနေ ရပ်ကွက်များအပေါ် ထိခိုက်မှုများစေခဲ့ကြောင်း သုံးသပ် ပြထားပါတယ်။

ရလဒ်အနေနဲ့ကတော့ ရန်ကုန်တိုင်းမှာပဲ မြို့နယ် ၄၀၊ ဧရာဝတီတိုင်းမှာ ခရိုင် ၇ခုကို သဘာဝဘေး အန္တရာယ် ကျရောက်ရာ ဒေသအဖြစ် နိုင်ငံတော်က ကြေညာခဲ့ရကြောင်း၊ ကယ်ဆယ်ရေး လုပ်ငန်းများကို နိုင်ငံအဆင့်နဲ့ ဆောင်ရွက်ခဲ့ရကြောင်း၊ သေဆုံးသူပေါင်း ၁၃၈,၀၀၀ကျော်၊ ထိခိုက်သူပေါင်း ၁၁သန်းကျော်၊ ပျက်စီး ဆုံးရှုံးမှုပေါင်း ကျပ် ၁၁.၇ ထရီလီယံကျော်၊ ပျက်စီးသော အဆောက်အအုံပေါင်း ၇၄၅,၇၆၄နဲ့ မြန်မာနိုင်ငံသမိုင်း မှာ အသေအပျောက် အပျက်အစီး အများဆုံး၊ ကမ္ဘာမှာ အဆင့်ရှစ် မုန်တိုင်း ဖြစ်ခဲ့ရကြောင်း သိရပါတယ်။

သဘာဝဘေးအန္တရာယ် ကျရောက်တဲ့ ကိစ္စတွေမှာ ကဏ္ဍ ၃ရပ် ခွဲခြား ပြောနိုင်ကြောင်း၊ ဒုက္ခဘေး (Hazard) ဆိုတာက ဒုက္ခကို ဖန်တီးပေးနိုင်တဲ့ သဘာဝအကြောင်း တရားဖြစ်စဉ်တွေရယ်၊ ထိခိုက်နိုင်မှု အလားအလာ (Vulnerability)ကလည်း မြင့်မားနေမယ်ဆိုရင်တော့ သဘာဝဘေးဒုက္ခ (Disaster) ကြီးလာတော့မှာ ဖြစ် ကြောင်း၊ ဒါက နာဂစ်နဲ့ မြစ်ဝကျွန်းပေါ်ဒေသတို့ရဲ့ သမိုင်းအမှန်ပဲ ဖြစ်ကြောင်း ဆိုထားပါတယ်။

ဆရာဦးထွန်းလွင်ရဲ့ ဆောင်းပါးမှာ သဘောအကျ ဆုံးကတော့ "ဟိုင်းကြီး မဝင်မီ နာဂစ်မုန်တိုင်း ပင်လယ် ပြင်ထဲမှာ မရွေ့လျားဘဲ လေးနာရီလောက် ရပ်နေခဲ့ တယ်ဆိုတာ အမှန်တော့ နာဂစ်ဟာ စဉ်းစားနေတာ ဖြစ် ပါတယ်။ သွားနေကျ လမ်းကြောင်းအတိုင်း ရခိုင်ကမ်းခြေ ကိုပဲ သွားမလား။ အရောက်အပေါက်မရှိဖြစ်နေတဲ့ ဆွေမျိုး တွေရှိရာ မြစ်ဝကျွန်းပေါ်ဒေသကို လမ်းကြုံတုန်း ဝင်လည် လိုက်ရရင် ကောင်းမလား၊ ဒါတွေရပ် စဉ်းစားနေခဲ့တာပါ။ နောက်တော့လည်း ဆွေမျိုးချစ်စိတ်နဲ့ ဧရာဝတီတိုင်းကို ဝင်ခဲ့တာပါ။ ဝင်ခဲ့တော့လည်း ဆင်ကျီစားရာ ဆိတ်မခံ သာ ဖြစ်ခဲ့ရတော့တာပါပဲ"ဆိုတာ ဖြစ်ပါတယ်။ နာဂစ်ရဲ့ ကျီစယ်မှုဟာ မိဘဘိုးဘွား ညီအစ်ကို မောင်နှမ သားသမီး ဆွေမျိုးမိတ်သင်္ဂဟ အားလုံး ဘုရားခေါ် သွားတာပါပဲ။

"နာဂစ်"ဆိုတာ အာရှေဗျ ဘာသာစကားဖြစ်ပြီး "ပန်း"လို့ အဓိပ္ပာယ်ရပါတယ်တဲ့။ ဒါကြောင့် "ပန်းနဲ့ ပေါက်တာလည်း နာချင်တယ်"လို့ ဆိုတာပေါ့နော်။ ဆရာကတော့ သဘာဝဘေးအန္တရာယ် ထိခိုက်မှု လျော့ ပါးရေး လုပ်ငန်းတွေမှာ ကောင်းမွန်တဲ့ စီမံချက်တွေ၊ စီမံ ခန့်ခွဲမှုတွေ၊ ထိရောက်တဲ့ အသိတွေနဲ့သာ မဆောင်ရွက် နိုင်ကြဘူးဆိုရင်ဖြင့် နောင်မှာလည်း "ပန်းနဲ့ ပေါက်တာ လည်း နာနေဦးမှာ"ပဲ ဖြစ်ပါတယ်လို့ သတိပေးထား ပါတယ်။

ဒါကြောင့် ကိုတင်လှိုင်ရဲ့ "လွမ်းဖွဲ့လောက်စရာလည်း စာတင်တယ်၊ ပန်းနဲ့ ပေါက်တာလည်း နာချင်တယ်" ဆိုတဲ့ သီချင်းလေးလို ပန်းနဲ့ပေါက်တာလည်း မနာရပါ စေကြောင်း ဆုတောင်းပေးရင်း နာဂစ်နှစ်ပတ်လည် အမှတ်တရအဖြစ် မျှဝေတင်ပြလိုက်ရပါတယ်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 16
MYANMAR ICT JOURNAL

# စေတနာဆိုသော စကားလုံးကို အလွဲသုံးစား မလုပ်တဲ့ စေတနာရှင် အမှန်

Dr.PTS

အချိန်တွေပြောင်း၍ အတိတ်တွေလည်း ဟောင်းခဲ့ချေပြီ။ ဂိမာန်နွေရဲ့ အလျှော့မပေးသော အမုန်းကြောင့် တစ်ကျောလုံး ပူလွန်းလို့ မပြုံးနိုင်တာလည်း ကြာခဲ့ချေပြီ။ "နွေပဲပူမှာပေါ့လေ" "ပူတာကို ပူတယ်လို့မှတ်" "ပူတာ၊ အိုက်တာကို ဒေါသထွက်နေရင် အကုသိုလ် တက်တာပဲရှိမယ်၊ ပူတာလေးကို လိုက်မှတ်ရင်း မှတ်ရင်းနဲ့ အပူဓာတ်လေးပြောင်းလဲလာတာ မြင်လာရင် အဲဒီပူတဲ့ဒဏ်ကို ကိုယ်တိုင်မခံရတော့ဘဲ ဘေးကကြည့်နေသလို ဖြစ်လာလိမ့်မယ်။ ငါ့သား "တရားဘာဝနာ ကျင့်ကြံ အားထုတ်ပွားများလေ့ရှိသူ မိခင်ကတော့ အားပေးမြဲ။ ပုထုဇဉ်မို့ လောဘ၊ ဒေါသ၊ မောဟ မကင်းနိုင်ပါဘူးဟု အမြဲဆင်ခြေပေးနေမြဲ။ "ဒေါသကို ဒေါသနဲ့ တုံ့ပြန်ရင် ပိုပင်ပန်းတယ်" ဆရာတော်များ ဟောမြဲ၊ ဒီအပူ၊ ဒီဒေါသကို ဒီနှစ်ပိုခံရခြင်း အကြောင်းကား သစ်ရိပ်၊ ဝါးရိပ် ပေါသော ကျေးလက်တောရွာ (အမှန်တကယ်တော့ မြို့နယ်လေးတစ်ခု)မှ ရွှေမြို့တော် ရန်ကုန်သို့ ဒေါက်တာ ပီတိတစ်ယောက် ရောက်ရှိလာ၍တည်း။


Image Credit: www.sabrewulfe. word press.com

"သူငယ်ချင်း ဝင်ရောက်တုန်း ဒီည ငါ Night Duty ဆေးရုံလာလည်ပါလား" ရန်ကင်းကလေးအထူးကု ဆေးရုံကြီးတွင် ဆေးပညာမဟာသိပ္ပံ သင်တန်း တက်ရောက်နေသူ သူငယ်ချင်းမှ ခေါ်၍ သွားရောက် လေ့လာဖြစ်သည်။ အစိုးရ၏ စီမံအုပ်ချုပ်မှုအောက်တွင် ကျန်းမာရေး ဝန်ကြီးဌာန၏ ပံ့ပိုးမှု၊ ဝန်ထမ်းများ ခန့်အပ်တာဝန်ထားရှိမှုနှင့် အလှူရှင်၏ ဆေးရုံပြင်ဆင်တည်ဆောက်မှုတို့ကြောင့် ကောင်းသတင်းများဖြင့် နာမည်ကြီးလာသော ထိုဆေးရုံကြီးသည်ကား၊ အမှန်တကယ်ပင် ခေတ်မီသပ်ရပ် သန့်ရှင်းလှသည်။ ဆေးဝါး အများစုကိုလည်း အခမဲ့ ထောက်ပံ့ပေးနိုင်ရုံမက ကလေးငယ် လူနာတို့အား အာဟာရပင် ကျွေးမွေးနိုင်သည်ဟု ကြားရ၍ ဝမ်းသာမိသည်။ ဆေးရုံအုပ်ကြီး အပါအဝင် ပါမောက္ခဆရာကြီး၊ ဆရာမကြီး အားလုံးသည်လည်း စာရေးသူတို့ လေးစားရသော ကျေးဇူးရှင်ကလေးအထူးကု ဆရာဝန်ကြီးများ ဖြစ်ကြသည်။

သူငယ်ချင်း ဖြစ်သူမှာလည်း မိမိကိုသာ ဆေးရုံလာလည်ရန် ခေါ်ထားသော်လည်း ဂျူတီဝင်ချိန်မှစ၍ ဂျူတီခန်းမှ တစ်ဖဝါးမှ မခွာနိုင်။ သူငယ်ချင်း ငါထမင်းကြော် မှာထားတယ်၊ လာရင် စားနင့် ငါ့မစောင့်နဲ့"ဟု တစ်ခွန်းလာပြောသည်မှ လွဲ၍မိမိအား ဧည့်မခံနိုင်။ "တို့တောက ဆရာဝန်တွေကတော့ ဒီလောက် မရှုပ်ဘူး"ဟု ကိုယ့်ကိုယ်ကိုယ် ထင်မိသည်။ အထူးကု ဘွဲ့လွန်သင်တန်း တက်ရန်ပင် ဝန်လေးလာမိသည်။ ဂျူတီချိန် ဂျူတီ၊ ဂျူတီမဟုတ်လျှင်လည်း စာအုပ်ပုံထဲ ခေါင်းစိုက်နေမည့် သူငယ်ချင်းသည်ကား ဆေးကျောင်းသား ဘဝကပင် ကံ၊ ဉာဏ်၊ ဝီရိယအားကောင်းလှသည်။ စေတနာကောင်း၍ အနစ်နာလည်း ခံတတ်သလို ဝါသနာလည်း သန်လွန်းသဖြင့် ဘွဲ့လွန်သင်တန်း တက်ရောက်ခွင့်ရရန် စာမေးပွဲ အောင်မြင်ပြီး ရွေးချယ် ခံရသည်မှာလည်း ငြင်းဖွယ်ရာမရှိ။

သူငယ်ချင်း ဧည့်ခံသော ညစာကို တစ်ကိုယ်တည်း စားပြီးနောက် သူတို့ ဂျူတီခန်း (Station) ရှိရာသို့ သွားမိသည်။ Hause Surgeon (အလုပ်သင်ဆရာဝန်) သုံး၊ လေးဦး၊ သူနာပြုဆရာမ နှစ်ဦးတို့နှင့် လက်မလည်အောင် အလုပ်ရှုပ်နေကြသည်။ SiR (Seriously Ill Room) အသည်းလူနာခန်းထဲတွင် ကလေးလူနာ (၁၀)ယောက်ခန့်ကို အောက်စီဂျင် ရှုသူရှု၊ Dripပိုက်တပ်သူတပ်နှင့် အပြိုင်အဆိုင် မနေမနား ဖြစ်နေကြသည်။

"သူငယ်ချင်း Sorryပဲကွာ။ မင်းကို ဧည့်မခံနိုင်ဘူး၊ ဒီနေ့ Caseတွေ ရှုပ်နေလို့" "မဟုတ်ပါဘူးကွာ၊ ငါက မင်းကိုတောင် ပြန်အားနာနေတာ ဂျူတီချိန် လာရှုပ်လို့၊ ငါ ခဏနေပြန်တော့မယ်"

သူငယ်ချင်း နှစ်ယောက် ထိုသို့ပြောရင်း ဂျူတီခန်းမှ ထွက်မည်အပြု "ဆရာ NA (လူနာသစ်)လာတယ်၊ အသက်တစ်နှစ် DHF-သွေးလွန်တုပ်ကွေးတဲ့" အလုပ်သင်ဆရာဝန်လေးမှ ပြေးလာပြောသည်။ သို့ဖြင့် နှစ်ဦးသား ခြေဦး ပြန်လှည့်ရတော့သည်။

"ဆရာ Pressure (သွေးပေါင်ချိန်) ချိန်လို့ မရဘူး"

သူငယ်ချင်း ဖြစ်သူမှ ပြေးသွားပြီး ကလေးကို ကိုင်ကြည့်ကာ "Dengue Shock သွေးလွန်တုပ်ကွေးနဲ့ သွေးလန့်နေတာ၊ တစ်ကိုယ်လုံး အေးစက်နေတာ ဘယ်လောက်ကြာပြီလဲ၊ လာကြပေ့ Cannula (သွေးပြန်ကြောထဲ ပိုက်သွင်းရန်) ထိုးမယ်" "O2လည်း ပေးထား"

"မနက်ကတည်းက ဖြစ်နေတာ၊ ပိုက်ဆံမရှိလို့ မလာနိုင်တာပါ" ကလေး၏ မိခင်ဖြစ်သူက မျက်ရည်စက်လက်နှင့် ဖြေသည်။

"ဆရာတို့ ဆေးရုံတွေ အခုချိန်မှာ ပိုက်ဆံမလိုဘဲ ကုပေးနေတာ မကြားမိဘူးလား၊ စောစောလာမှပေါ့။ အခုကလေး အခြေအနေက စိုးရိမ်ရတယ်" "ဟုတ်ပါတယ် ဆရာ၊ ခရီးစရိတ်တောင် မရှိလို့ပါ"

ကြားရသည်မှာ နားဝမချမ်းသာ၊ သူငယ်ချင်းတို့အဖွဲ့ ကလေး၏ ဘယ်လက် ညာလက်၊ ဘယ်ခြေညာခြေတို့တွင် Cannula ပိုက်သွင်းရင် သွေးကြော ပိုက်စိတ်တိုက် ရှာနေကြပြီ။ "Veinတွေ (သွေးပြန်ကြောတွေ) အားလုံး Collapse ဖြစ် (ပြားနေ)ပြီ" "ဆရာမရေ ကူပါဦး" အတွေ့အကြုံ ပါဝင်သော သူနာပြု ဆရာမကြီးကိုပါ အကူအညီတောင်းပြီး သွေးကြော ရှာနေကြရပြီ။ ဒေါက်တာ ပီတိအဖို့တော့ သာမန်ကလေးတစ်ဦးကိုပင် ခက်ခက်ခဲခဲတွေ့၊ ကြောရှာသွင်းရတတ်သဖြင့် ဤကဲ့သို့ အသက်လုရမည့် သွေးလန့်သည့် ကလေးငယ်မျိုးကိုတော့ သူငယ်ချင်း အထူးကုထက်ပို၍ ရှာနိုင်မည် မဟုတ်သည်မှာ သေချာသည်။ သူကအထူးကု ဖြစ်ဖို့အစား Training ရထားသည် မဟုတ်လော။

သွေးပိုက် Cannula တစ်ချောင်းနှစ်ချောင်းမှ ခြောက်ချောင်း၊ ခုနစ်ချောင်း အထိ ဖြစ်လာသည်။ သွေးကြောကောင်းကောင်း မပွင့်၊ သွေးမလိုက်၊ အသက်ကယ်စလိုင်း (Resuscitation Fluid)သွင်း၍မရ။ ကလေးငယ်ကာ သွေးဆုတ်လာချေပြီ။ ဖြူလျော့လာပြီ။ မငိုနိုင် မလှုပ်နိုင်တော့။ ဘေးမှ ကြည့်နေသော စာရေးသူပင် ဆရာဝန်တစ်ဦးဖြစ်လင့်ကစား ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်လာသည်။ မရတော့ဟု လက်လွှတ်လိုက်ရတော့မည်။ သွေးကြောရှာရင်း အသက်ထွက်သွားသူများ စာရေးသူတို့ ကြုံဖူးသည်။ လွန်မှလာလျှင်တော့ သိကြားပင် ကယ်နိုင်မည်မထင်။ သူငယ်ချင်းဖြစ်သူကား ပြာယာခတ်မနေ။ လက်မတုံ၊ ခြေမတုံ။ သွေးကြောတစ်ချောင်းပြီး တစ်ချောင်း တိုးနေသေးသည်။

"ဆရာ Bone Marrow Box (ပိုးသတ်ပေါင်းထားသော ရိုးတွင်းချဉ်ဆီဖောက်အပ်ဘူး)ပြင်ပေးတော့ Surgical Glove (ပိုးသတ်ထားသော လက်အိတ်) ဖာပေး၊ Intraosscousထိုးတော့မယ်"

စာရေးသူ အံ့ဩသွားသည်။ ချီးကျူးမိသည်။ ထိုပြင် လုပ်နိုင်ပါ့မလားဟု သံသယ ဝင်မိသည်။ ကိုယ်ခန္ဓာတစ်ကိုယ်လုံးတွင် သွေးမရှိတော့အောင် ဆုတ်သွား၍ သွေးကြောရှာမရ၊ စလိုင်းလွှတ်မရလျှင် နောက်ဆုံး နည်းလမ်းဖြစ်သည့် အရိုးအတွင်း (တစ်နည်း) ချဉ်ဆီအခန်းအတွင်း အပ်စိုက်၍ စလိုင်း လွှတ်ခြင်းတည်း။ စာရေးသူတို့အဖို့ စာအဖြစ်သာ သင်ဖူးသည် လက်တွေ့နေနေသာသာ မြင်တောင်မမြင်ဖူး။ တည်တည်ငြိမ်ငြိမ်နှင့်လုပ်သင့်သည်ကို အချိန်မနှောင်းပဲ လုပ်ရန် ဆုံးဖြတ်ချက်ချနိုင်သည့် သူငယ်ချင်းကို လေးစားသွားသည်။ လိုအပ်သော ပိုးသတ်ပြင်ဆင်မှု အပြီး၌ အရိုးအတွင်း အပ်စိုက်သွင်း၍ စလိုင်းလွှတ်တော့သည်။ "နေရာမှန်ကို သေချာဝင်ရင် Row စီးဆင်းမှု ကောင်းရမယ်" ပါးစပ်မှ ပြောရင်း Salineကို လွှတ်သည်။ အရည်ကောင်းကောင်း ကျသည်။ အားလုံး ဝမ်းသာသလို ခံစားမိသည်။ သူငယ်ချင်း၏ တည်ကြည်သော မျက်နှာပေါ်တွင်ကား အပြုံးရိပ် မတွေ့ရသေး။ ထို့ကြောင့် စိတ်မချနိုင်သေးသည်ကို သဘောပေါက်မိသည်။

"ဆရာလေးက ဒီ Needleကို သေချာကိုင်ထားပါ" အလုပ်သင် ဆရာဝန်လေးအား ကိုင်ခိုင်းထားပြီး ဘယ်လက်ညာလက် ဘယ်ခြေညာခြေ သွေးကြောပြန်ရှာနေပြန်သည်။ တစ်ချောင်းပြီး တစ်ချောင်း ထိုးနေသည်။ မလျှော့သော ဇွဲနှင့် ဆယ့်ငါးမိနစ်ကြာမျှ ထိုးရင်းနှင့်မှ သွေးကြောတစ်နေရာ ကောင်းကောင်း ဝင်သွားပြီ။ "ဒီဘက်မှာ တစ်လိုင်းတပ်" သူ၏ မျက်နှာဝင်းလာသည်ကို တွေ့ရပြီ။ သွင်းရမည့် အရည်ပမာဏကို တွက်ချက်ပြီးသွင်းသည်။ ကောင်းကောင်းဝင်သည်။ အားလုံး သက်ပြင်းချရသည်။ သူငယ်ချင်းကား ထို Cannula ပိုက်နှင့် ကလေးလက်ကို မလွှတ်သေး။ မည်သည့် အကြောင်းတစ်ခုကြောင့်မျှ ထိုအပ်နှင့် ပိုက်ဖြုတ်ထွက်သွားမည်ကို လက်ခံနိုင်မည် မဟုတ်။ ဆယ်မိနစ်ခန့်ကြာမှ ထိုပိုက်နှင့် Cannulaကို တိပ်ကပ်ကြသည်။ ကလေးလည်း လူးလူး လွန့်လွန့် ဖြစ်လာချေပြီ။ ယခင်ဖြူစုပ်နေရာမှ ပန်းရောင်သန်းလာချေပြီ။ စာရေးသူကိုယ်တိုင် ဝမ်းသာလွန်း၍ မျက်ရည်ပင် လည်လာမိသည်။

"Pulse Volume (သွေးခုန်နှုန်း)လေး စမ်းမိလာပြီ Pressure တိုင်းကြည့်ပါဦး"

"70/40 ရလာပြီဆရာ"

ရင်ထဲတွင် အတိုင်းမသိသော အပျော်များ တလှိုက်လှိုက် တက်လာသည်။ သူငယ်ချင်းဖြစ်သူ၏ ပခုံးကို ပုတ်ပြီး ကောင်းချီးပေးနေမိသည်။

"တကယ်တော်တဲ့ ငါ့ သူငယ်ချင်းပဲ" ဟု အားရမိသည်။

သေမင်း၏ ခံတွင်းဝမှ ကလေးငယ်ကို ကယ်ထုတ်ခဲ့ချေပြီ။ ကလေးမိဘအဘိုးအဘွားတို့၏ အပျော်ကား နှိုင်းဖွယ်ရာ ရှိမည်မထင်။ "ICU (Inlensive Cave Unit) ကို အထူးကြပ်မတ်ဆောင်ကို အကြောင်းကြားရမယ်" သူငယ်ချင်း ဖြစ်သူကား အောင်မြင်မှုအတွက် ရင်ကော့၍ အောင်ပွဲမခံ။ လုပ်သင့်သည်များကို အချိန်နှင့်အမျှ ဆုံးဖြတ်ချက်ချ ညွှန်ကြားလုပ်ကိုင်နေသည်။ လုပ်ရင်းကိုင်ရင်းနှင့် အရည်သွင်းချိန် တစ်နာရီမျှ ကြာလာချိန်တွင် ကလေးငယ်က ရှူးရှူးပေါက်ချေပြီ။ "Unine Output ရှိပြီပေါ့" သို့ဆိုလျှင် သွေးလန့်မှုကို ကျော်နိုင်ပြီ သာမက ကျောက်ကပ်ပျက်သွားခြင်းလည်း ဖြစ်မသွားဟု ယေဘုယျ တွက်ဆနိုင်၍ ထပ်ဆင့်ပျော်ကြရသည်။ အထူးကြပ်မတ် ဆောင်သို့ လွှဲအပ်ပြီး လိုအပ်သော စောင့်ကြည့်မှု၊ ကုသမှု တို့ကို သူကပင် ကြီးကြပ်ပေးနေရပြန်သည်။

"ဩော် တန်ဖိုးဖြတ်မရတဲ့ လူ့အသက်အတွက် ဒီလိုတော်တဲ့ ငါ့သူငယ်ချင်း ဆရာဝန်၊ ဒီလိုပြည့်စုံတဲ့ ဆေးရုံနဲ့ တွေ့ရတာ ဒီကလေးကံပဲ"ဟု စိတ်ထဲမှ ရေရွတ်မိသည်။

သုံးလေးရက်ကြာမှ သူငယ်ချင်းထံ ဖုန်းဆက်မိသည်။ ရန်ကုန်မှ အပြန်နှုတ်ဆက်စကားဆိုရင်း ထိုကလေး၏ အခြေအနေ မေးကြည့်မိသည်။ "အဲဒီညက Shock Revired သွေးလန့်တာ ပြန်ကောင်းပြီးကတည်းက Shable ဖြစ်သွားတယ်၊ နောက်နေ့ကျ သူမဟုတ်သလိုပဲ၊ ဒီနေ့ပဲ ဆေးရုံဆင်းခွင့် D/C ပေးလိုက်ပြီ၊ တွေ့လား ငါပြောဖူးသလိုပဲ မိုးတွင်းတောင် မရောက်သေးဘူး။ သွေးလွန်တုပ်ကွေးက ဘယ်လောက် ဒုက္ခပေးနေပြီဆိုတာ။ မင်းလည်း ကလေးလူနာတွေ သတိထား တတ်နိုင်သမျှ DHF သွေးလွန်တုပ်ကွေးရဲ့ အရေးကြီးတဲ့ အန္တရာယ် လက္ခဏာတွေ DANGER SIGNSတွေကို လူတွေ သိဖို့ ကူညီပညာပေးပေးပါကွာ" ကလေးတစ်ဦး၏ အသက်ကို ကယ်ရသည်ကိုသာ အားမရသေးဘဲ ကလေးအားလုံး၏ အန္တရာယ်ကိုပါ ကြိုတင်တွက်ဆ ကာကွယ်လိုသော သူငယ်ချင်း၏ စိတ်ဓာတ်ကား ကလေး အထူးကု ဖြစ်ထိုက်သည်။ အထူးကု ဘွဲ့လွန်သင်တန်းသား တစ်ဦးပင်လျှင် ထိုမျှ ကျွမ်းကျင် သေချာပိုင်နိုင်လျှင် ထိုသူတို့ကို မွေးထုတ်သင်ကြားပေးသော ပါမောက္ခအထူးကု ဆရာဂန်ကြီးများ၏ အရည်အချင်းကား အံ့မခန်းပင် ဖြစ်သည်။ "တို့ရဲ့ ဆရာတွေ၊ အစ်မ (ဆရာမ)တွေက တို့ကို သူတို့ရဲ့ ပညာကုန် ပို့ချပေးတာ၊ နိုင်ငံခြားပြန်တွေဆိုတဲ့အတိုင်း သူတို့ရဲ့ အတွေ့အကြုံ ဗဟုသုတအပြင် ကြုံခဲ့ရတဲ့ ဘဂ သင်ခန်းစာတွေကိုပါ ငါတို့ကို တစ်ခါတည်း ချူပြီးသား ခပ်ပြီးသား ကျွေးသလို သင်ပေးလို့သာ ငါတို့ ဒီလို အသက် ကယ်နိုင်တာပေါ့" ထိုညမှ သူငယ်ချင်းဖြစ်သူ၏ ကျေးဇူးရှင် ဆရာများအပေါ် ချီးမွမ်းစကား။

နေရိပ်အထာကို နေပူမှ စောင့်ခဲ့ကြသော ထိုဆရာကြီးများ၏ ကျေးဇူးကြောင့်လည်း နောင်လာနောင်သား စာသင်သားတို့မှာ နေပူတွင် ကြာကြာမနေရဘဲ နေရိပ်ကို စောစောရကြသည် မဟုတ်လော။ အထူးကု ဖြစ်ဖို့ဟူသည်ကား လွယ်လှသည်တော့မဟုတ်။ ထိုမျှမက ပါမောက္ခဖြစ်ဖို့ဆိုသည်ကား ဆိုဖွယ်ရာမရှိ။ လွယ်လွယ်နှင့် လူတိုင်းရနိုင်၊ လုပ်နိုင်သည်တော့ မဟုတ်။ အချိုပင်စိုက်လျှင် အချိုသီး သီးပေမည်။ သို့သော် အချိန်တစ်ခုတော့ စောင့်ရမည်။ အသီးသီးချိန်ရောက်လျှင်တော့ ချူးဆွတ်၍ အချိုသီးကို ချိုမြိန်စွာ စားရုံပင်။ အချိုပင် မစိုက်ခဲ့ဘဲ သူများ အပင်အသီးသီးကာမှ မနာလိုတိုရှည်၊ ဖျက်လို့ ဖျက်ဆီး လုပ်လျှင်တော့ ထိုသူအလွန်ပင်။ ဇာတ်ကားတစ်ကားတွင် ခေါင်းဆောင်မင်းသားသည် ဇာတ်ဂင်ကြေးအများဆုံးရသည်။ သူ၏ ကံကြမ္မာ၊ သူ၏ ရုပ်လက္ခဏာ၊ သရုပ်ဆောင် ကျွမ်းကျင်မှုနှင့် စန်းတို့အပေါ် မူတည်၍ ၎င်း၏ အောင်မြင်မှုနှင့် ဂင်ငွေကောင်းမှုကို မီးထိုးမှန်ထိုးသမားက ပခုံးချင်း ယှဉ်လိုပြီး မနာလို ဂန်တိုဖြစ်က မည်သို့ဖြစ်မည်နည်း။ ထိုမင်းသားမွဲသွားအောင် အခွန်ငွေ သိန်းထောင်ချီ၍ ကောက်ခိုင်းမည်လော။ သူငယ်ချင်း စိတ်ပညာရှင် တစ်ဦးဆိုသလိုပင် "မင်းကွာ လူမှန်ရင် စဉ်းစား တတ်ပါတယ်" ဟု ပြောရပါတော့မည်။

# နှလုံးသွေးကြောကျဉ်းရောဂါ (Ischemic Heart Disease)

မနေနာခြူ

နှလုံးဟာ ခန္ဓာကိုယ် တစ်ခုလုံးသို့ သွေးလည်ပတ် စီးဆင်းရန်အတွက် လုပ်ဆောင်ပေးသော သွေးညှစ်စက် (Blood Pump Machine) တစ်ခုပဲ ဖြစ်ပါတယ်။ တစ်ရက်လျှင် ပျမ်းမျှ အကြိမ် ၁၀၀,၀၀၀ခန့် ခုန်ရပြီး သွေးထုထည် ဂါလံ ၂,၀၀၀ခန့် ညှစ်ထုတ် ပေးနေရပါတယ်။ လူ့သက်တမ်း တစ်လျှောက်လုံး မရပ်မနား စည်းချက်မှန်မှန် ညှစ်ထုတ်ပေးနေရပြီး အသက် ၇၀အရွယ် ရောက်ပါက နှလုံးခုန်ခြင်း အကြိမ်ပေါင်း ၂.၅ ဘီလီယံကျော် ခုန်ပြီး ဖြစ်ပါတယ်။ ဒီလို အချိန်ပြည့် လုပ်ဆောင်နိုင်အောင် နှလုံးကြွက်သားအတွက် အောက်စီဂျင်နဲ့ အာဟာရကို နှလုံးသွေးကြော (Coronary Arteries)များက ထောက်ပံ့ပေးနေရပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် နှလုံးသွေးကြောများဟာ ကျဉ်းမြောင်းလာပြီး နှလုံးကြွက်သားအတွက် အောက်စီဂျင်နဲ့ အာဟာရကို လုံလောက်စွာ မထောက်ပံ့နိုင်တော့တဲ့အခါ နှလုံးသွေးကြောကျဉ်း လက္ခဏာများ ပေါ်ပေါက်လာပါတယ်။ အမေရိကန် နိုင်ငံတွင် လူဦးရေ ၃သန်းမှ ၄သန်းခန့်ထိ ဘာလက္ခဏာမှ မပြပဲ နှလုံးသွေးကြောကျဉ်းရောဂါ ဖြစ်ပေါ်နေပါတယ်။

နှလုံးသွေးကြော ကျဉ်းစေသော အဓိက အချက်(၃)ချက်မှာ

1. သွေးတိုးရောဂါ (Hypertension)
2. သွေးတွင်း ကိုလက်စထရော များခြင်း (Hypercholesterolaemia)
3. ဆေးလိပ်သောက်ခြင်း (Smoking)တို့ ဖြစ်ပါတယ်။

နှလုံးသွေးကြော ကျဉ်းစေသော အခြား အကြောင်းများကတော့

1. ဆီးချို၊ သွေးချိုရောဂါ (Diabetes)
2. စိတ်ဖိစီးမှုများခြင်း (Stress)
3. အဝလွန်ခြင်း (Overweight)
4. လှုပ်ရှားမှုနည်းသော ထိုင်၍ အလုပ်လုပ်ကိုင်ရခြင်း (Sedentary Lifestyle)တို့ ဖြစ်ပါတယ်။

အထက်ပါ အကြောင်းများကြောင့် သွေးကြောရဲ့ အတွင်းနံရံဟာ အနည်ကျ စုပုံ ထူအမ်းလာပြီး (Athero - Sclerosis) ကျဉ်းမြောင်းလာပါတယ်။ အနည်ကျ စုပုံတဲ့ အထဲတွင် ကိုလက်စထရော (Cholesterol)၊ ကယ်လ်စီယမ် (Calcium)၊ ဆဲလ်သေ အစအနများ (Cellular Debris)၊ သွေးမွှားဥများ (Platelets)များ ပါဝင်ပါတယ်။ ၎င်း အနည်ကျ စုပုံခဲသည် သွေးကြောနံရံမှ ပြုတ်ထွက်ပြီး သွေးကြော တစ်နေရာတွင် ပိတ်မိတတ်ပါတယ်။ (Embolism) နှလုံးသွေးကြောတွင် ပိတ်မိပါက နှလုံးပုပ်ခြင်း (Myocardial Infarct)၊ ဦးနှောက်သွေးကြော ပိတ်မိပါက လေဖြတ်ခြင်း (Stroke)၊ ခြေလက်ရှိ သွေးကြောများ ပိတ်မိပါက နာကျင်ခြင်း၊ အသားပုပ်ခြင်း (Gangrene)တို့ ဖြစ်တတ်ပါတယ်။

နှလုံးသွေးကြောကျဉ်း ရောဂါလက္ခဏာများမှာ (Angina Pectoris)

1. ရင်ဘတ်အောင့်ခြင်း၊ ရင်ဘတ် အလယ်တွင် တင်းကျပ်စွာ ခံစားရခြင်း၊ လေးလံနေခြင်း၊ ရင်ပူခြင်း၊
2. ရင်ဘတ်အောင့်ခြင်းသည် ရံဖန်ရံခါ ဘယ်ဘက်ပုခုံးနှင့် ဘယ်ဘက်လက်မောင်းသို့ လည်းကောင်း၊ လည်ပင်းနှင့် မေးစေ့ တစ်ဝိုက်သို့ လည်းကောင်း ပြန့်နှံ့ နာကျင်တတ်ပါတယ်။ ရင်ဘတ်အောင့်ခြင်းသည် ရုတ်တရက် ပြေးလွှားခြင်း၊ အားစိုက်အလုပ် လုပ်ရခြင်းကြောင့် ဖြစ်ပေါ်တတ်ပြီး အများအားဖြင့် စက္ကန့်(၃၀) မှ (၅) မိနစ်ထိ ကြာတတ်ပါတယ်။ အနားယူပါက သက်သာလာပါတယ်။
3. အသက်ရှူမြန်ခြင်း၊ အသက်ရှူကျပ် သကဲ့သို့ ခံစားရခြင်း၊ မူးဝေလာခြင်း၊
4. ပျို့အန်ခြင်း၊
5. အလွန်အမင်း ချွေးထွက်လာခြင်း၊
6. အနားယူသော်လည်း ရင်ဘတ်အောင့်ခြင်း မသက်သာပါက နှလုံးသွေးကြောပိတ်ခြင်း (Heart Attack) ဖြစ်နိုင်သဖြင့် သတိထားရန် လိုအပ်ပါတယ်။

ရောဂါ စမ်းသပ် စစ်ဆေးချက်များ

1. Exercise Electrocardiogram (ECG) ရိုက်ခြင်း၊
2. Cardiac Catheterization
   o Tube အသေးစား တစ်မျိုးအား ခြေထောက် (သို့) လက်မောင်း သွေးကြောမှ တစ်ဆင့် နှလုံးသွေးကြောသို့ ရောက်အောင်လုပ်ပြီး Special Dye တစ်မျိုးအား ထုတ်လွှတ်၍ ဓါတ်မှန် ရိုက်ကြည့်ခြင်းဖြင့် သွေးကြောကျဉ်းတဲ့နေရာ သိနိုင်ပါတယ်။
3. ရင်ဘတ်ဓာတ်မှန် (Chest X-ray) ရိုက်ခြင်းဖြင့် နှလုံးအခြေအနေကို ကြည့်ခြင်း၊
4. သွေးတွင်း ကိုလက်စထရော စစ်ဆေးခြင်း၊ ဆီးချိုသွေးချို စစ်ဆေးခြင်းတို့ ပြုလုပ်ရန် လိုအပ်ပါတယ်။

လိုက်နာရမည့် အချက်များ

1. တိရစ္ဆာန် အဆီများ၊ နီသော အသား၊ ကြက်ဥ၊ မလိုင်ပါ နွားနို့နှင့် နို့ထွက် ပစ္စည်းများ အစရှိသည့် ကိုလက်စထရော ကြွယ်ဝသော အစားအစာများကို ရှောင်၍ ဟင်းသီးဟင်းရွက် အသီးအနှံများ၊ မလိုင်ထုတ်ထားသော နွားနို့၊ ငါး၊ ကြက်ဘဲ အသားများ၊ ဂျုံ၊ ပြောင်း၊ လူး ဆပ် ကဲ့သို့ အနှံများ စားသုံးပါ။
2. ဆေးလိပ်သောက်ခြင်းသည် နှလုံးသွေးကြောတွင်း အောက်စီဂျင် ပို့ဆောင်မှုကို အဟန့်အတား ဖြစ်စေသဖြင့် လုံးဝရှောင်ကြဉ်ရန်။
3. သင့်တင့်သော ကိုယ်လက် လေ့ကျင့်ခန်း လုပ်ဆောင်ရန်။
4. သွေးတိုးနှင့် ဆီးချို သွေးချို ရောဂါ ရှိပါက ရောဂါအတွက် ညွှန်ကြားထားသည်များကို လိုက်နာရန်။
5. စိတ်ဖိစီးမှုများကို ရှောင်ကြဉ်ရန်။




Image Credit: www.health.nytimes.com


Image Credit: www.health.www.topnews.in

ဆေးဝါးကုသမှု

ဆေးဝါများကို ဆရာဝန် ညွှန်ကြားသည့်အတိုင်း လိုက်နာ သောက်သုံးရပါမယ်။

1. Nitrates (Nitroglycerin..., Betablockers (Propranolol, Metoprolol...), Calcium Channel Blockers (Amlodipine, Diltiazem...) စသည့် နှလုံးသွေးကြော ကျယ်စေရန်နှင့် နှလုံးခုန်နှုန်း၊ အောက်စီဂျင် လိုအပ်မှုကို ထိန်းချုပ်ပေးသော ဆေးများ။
2. သွေးခဲခြင်းကို တားဆီးပေးသော ဆေးများ။ ie - Aspirin (Aspilet)
3. သွေးတွင်း ကိုလက်စထရော များနေပါက ကျစေသော ဆေးများ။ ie - Statins (Atorvastatin, Simvastatin)
4. ခွဲစိတ် ကုသမှု အနေဖြင့် နှလုံးသွေးကြော လမ်းလွှဲတည်ဆောက်ခြင်း၊ (Coronary Bypass) နှလုံးသွေးကြောချဲ့ခြင်း (Angioplasty) စသည့် ခွဲစိတ်နည်းများဖြင့်လည်း နှလုံးသွေးကြောကျဉ်းရောဂါကို ကုသနိုင်ကြောင်း ရေးသား ဖော်ပြလိုက်ပါတယ်။

အဒေါ် တစ်ယောက်ရဲ့ နှလုံးသွေးကြောကျဉ်း ရောဂါဖြစ်ပေါ်နေသော အခြေအနေများကြောင့် သက်ဆိုင်ရာ ဆရာဝန်များဖြင့် သိချင်သည် များကို မေးမြန်း စုံစမ်းပြီးနောက် အများသူငှာ ဆောင်ရန်၊ ရှောင်ရန်များအပြင် ကြိုတင် ကာကွယ်နိုင်စေရန် ပြန်လည်မျှဝေ တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

UNIVERSALLY PRESENTABLE...
World-Class Websites
Intuitive Design & Printing
Unique Decoration
MEDIALANE
THE CREATIVE AGENCY
01.430.897, 01.553.918
58B Myanma Gon Yaung Housing
Than Thu Mar Road Tamwe Township 11211
Yangon Myanmar
www.medialane.com.au
ALL THE WAY FROM AUSTRALIA.

# မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ပစ္စည်းခြောက်ခုရဲ့ သဘောကို သိကြည့်ခြင်း

ဒီလူတွေဆီမှာ မျက်စိနှစ်လုံး၊ နားရွက်နှစ်ဖက်၊ အသက်ရှူပေါက် နှစ်ခုပါတဲ့ နှာခေါင်းတစ်ခု၊ ပါးစပ်ထဲက လျှာတစ်ခု၊ ခန္ဓာကိုယ်တစ်ခုလုံးကို ဖုံးထားတဲ့အရေပြား၊ စိတ်ကူးကြံစည် တွေးတောတဲ့ စိတ် ၊ ဒီခြောက်မျိုးဟာ လူတိုင်းမှာ ပါလာတယ်။

(ယောကျ်ားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ်၊လူကြီးပဲဖြစ်ဖြစ်၊ ကလေးပဲဖြစ်ဖြစ်၊ ချမ်းသာတဲ့လူပဲဖြစ်ဖြစ်၊ ဆင်းရဲတဲ့လူပဲဖြစ်ဖြစ်၊ ပညာတတ်တတ်၊ မတတ်တတ် လူတိုင်းမှာ ပါတယ်။)

ဒီခြောက်ခုမှာ သူ့အကြည်ရုပ်နဲ့သူ ကိုယ်စီရှိတယ်။ ဒီအကြည်ရုပ်တွေရဲ့ တာဝန်က အပြင်ကလာတဲ့ အာရုံတွေကို လက်ခံတယ်။ အဲဒါကြောင့်လည်း ဒီပစ္စည်းခြောက်ခုနဲ့ ပတ်သက်တဲ့ အာရုံခြောက်ပါးဆိုတာ ဖြစ်ပေါ်လာတာ။ ဖြစ်ပေါ်လာတဲ့ အာရုံခြောက်ပါးကြောင့်လည်း လူသားအားလုံးဟာ လူဖြစ်ရတဲ့ ဒုက္ခကို ပုံစံအမျိုးမျိုးနဲ့ ခံနေကြရတာပဲ။

## မျက်စိ

မျက်စိရဲ့ သဘောက မြင်စရာရှိတာတွေကို မြင်တယ်။ မြင်ခြင်းကိစ္စက မျက်လုံးနှစ်လုံးရဲ့အလုပ်၊ ဒါပေမယ့် မျက်စိက မြင်ရုံပဲ မြင်တာ။ မျက်စိအကြည်လွှာကြောင့်သာ မြင်တဲ့ အရာကို မြင်မှန်းသိတာ။ မြင်မှန်းသိတာ မြင်သိစိတ်။ မျက်စိက မြင်မြင်ချင်း ဘယ်သူဘယ်ဝါ ချက်ချင်း သိတာ မဟုတ်ဘူး။ မျက်စိရယ်၊ မြင်ရတဲ့အရာရယ်၊ မြင်သိစိတ်ရယ် စုပေါင်း အလုပ်လုပ်လို့ မြင်သိစိတ်ရဲ့ စိတ်သဘာဝကို အလျဉ်သဘောက အဆင့်ဆင့် ပြောင်းရွှေ့ပြီး ဘယ်သူဘယ်ဝါလို့ ဖြစ်ပေါ်လာတာ။ မျက်စိရှိလို့ မြင်တဲ့ကိစ္စမှာ သဘာဝ အရ မျက်စိက သူ့အလုပ်သူ လုပ်လို့ မြင်စရာရှိတာကို မြင်တာ။ ဒီသဘာဝထဲမှာ ငါဆိုတာ မပါဘူး။ မျက်စိရှိလို့ မြင်ရတဲ့သဘာဝထဲမှာ ငါဆိုတာ ဘယ်လိုကဏ္ဍထဲမှာမှ မပါဘူး ဆိုတာကို လူတော်တော်များများက သေသေချာချာ မသိကြဘူး။ မျက်စိရဲ့ မြင်ခြင်းကိစ္စ သဘာဝကို မသိတော့ မြင်မြင်သမျှ အရာရာကို ငါမြင်တာဆိုပြီး သတ်မှတ်လိုက်တာဟာ အကြီးဆုံးသော အမှားကို အမှတ်မှား၊ အသိမှားပြီး ကျူးလွန်လိုက်တာပဲ။

ဒီလို မြင်တိုင်း မြင်တိုင်း၊ ငါမြင်တယ်ဆိုတဲ့ ဖြစ်စဉ်ကို ထပ်မံလေ့လာကြည့်ရင် မျက်စိဆိုတာ ပဋိသန္ဓေအဖြစ် ရှိပြီးတဲ့နောက်မှာ ခန္ဓာကိုယ်နဲ့တူတူ ပါလာတဲ့ပစ္စည်း။ မျက်စိရှိလို့ မြင်စရာရှိတာကို မြင်ကြတာဟာ သဘာဝ၊ ဒါကို လူသားအဖြစ် လောကထဲကို ရောက်လာတဲ့အချိန်တည်းက မိခင်နဲ့ ကလေးကြားမှာ ငါ့ကလေးက ငါ့ကို ကြည့်နေတယ်။ ကလေးကလည်း ငါ့အမေကို ငါမြင်တယ်ဆိုပြီး ခံစားတဲ့စိတ်၊ လှုံ့ဆော်တဲ့စိတ်၊ မှတ်သားတဲ့စိတ်၊ သိတဲ့စိတ်တွေ အကုန်လုံး စုပြုံရောက်ရှိပြီး သတ်မှတ်မှုကို အတည်ပြုကြတယ်။ သဘာဝကြောင့် မြင်တဲ့ သဘာဝတရားက ပျောက်သွားတယ်။ သဘာဝကို သတိပေးမယ့် လူမရှိသလို သတိလည်း မထားခဲ့ကြတော့ ငါမြင်တာကြီးက အစွဲဖြစ်သွားတော့တယ်။

## နား

နားရွက်နှစ်ဖက်ရဲ့အလုပ်က အသံဆိုတာကို ကြားပေးတာ။ လူသားအားလုံးရဲ့ နားရွက်နှစ်ဖက်ဟာ ပုံမှန်အတိုင်း အလုပ်လုပ်မယ်ဆိုရင် အသံမှန်သမျှ အကုန်လုံးကို နားရဲ့ အကြည်လွှာကြောင့် ကြားခြင်းကိစ္စတွေ ဖြစ်ပေါ်လာစေပါတယ်။ ကြားခြင်းကိစ္စမှာ ကြားမှန်းသိပေးရတဲ့ ကြားသိစိတ်။ ဒီနေရာမှာ နားထောင်လို့ကြားတာက အဓိပ္ပာယ်တစ်မျိုး၊ နားမထောင်ပေမယ့် အသံတွေကို ကြားနေရတာ အဓိပ္ပာယ်တစ်မျိုး၊ နားမထောင်မိလို့ ဘာသံကိုမှ မကြားဘူးဆိုတာက အဓိပ္ပာယ်တစ်မျိုး၊ အသံကို အသံအဖြစ်ပဲ သဘောထားပြီး အသံတွေတစ်ခုပြီး တစ်ခုပေါ်လာတယ်။ ချက်ချင်း ပြန်ပျောက်သွားတယ် ဆိုတဲ့ အသံရဲ့ ခဏလေးဖော်ပြတဲ့ သဘာဝကို နားကတစ်ဆင့် အသံသဘောကို သိကြည့်နေတဲ့ အဓိပ္ပာယ်ကတစ်မျိုး၊ အသံနဲ့ ပတ်သက်ပြီး ကြားသိစိတ်က သူ့အလုပ် သူလုပ်နေတဲ့ အထဲမှာ ငါဆိုတာ ဘယ်နေရာမှာမှ မပါတာကို သိကြည့်ရင် သိနိုင်လျက်သားနဲ့ မသိကြတာပဲ။

ငါနားထောင်လို့ ငါကြားတာဆိုပြီး အမှတ်မှားနေတာ၊ အသိမှားနေကြတာပဲ။ အသံဆိုတာ နေရာတိုင်းမှာ ရှိနေတယ်။ ဒါပေမယ့် လူတွေက မိမိကြားချင်တဲ့ အသံကိုသာ ရွေးချယ် နားထောင်ပြီး ဘယ်သူဘယ်ဝါ အသံဆိုပြီး သတ်မှတ်ကြတာချည်းပဲ။ နားထောင်မိလို့ ကြားခြင်းကိစ္စမှာ သတ်မှတ်မှုတွေ ပါလာတာဟာ ခံစားတဲ့စိတ် လှုံ့ဆော်တိုက်တွန်းပေးတဲ့ နောက်ထပ် စိတ်အမျိုးအစားတွေပါ ပါလာလို့ပဲ။ ကြားလိုက်တဲ့အသံကို ဘယ်သူဘယ်ဝါ့ အသံလို့ ကိုယ့်သဘောနဲ့ကိုယ် သတ်မှတ်တာဟာ မှတ်သားခဲ့ဖူးတာကို သိပေးတဲ့စိတ်၊ ခံစားတဲ့စိတ်၊ တိုက်တွန်းလှုံ့ဆော်တဲ့စိတ်တွေ စုပြုံရောက်လာပြီး စိတ်တစ်ခုစီက အစွမ်းတွေ ထုတ်ပြလိုက်ကြတာပါပဲ။ ခန္ဓာကိုယ်ရှိသူတိုင်းမှာ ခန္ဓာကိုယ်နဲ့အတူ ပါလာတဲ့ မွေးရာပါ ပစ္စည်းတွေဟာ ငါမဟုတ်နိုင်ပါဘူး။

ရွှေ့တစ်ပတ်ဆက်ရန်

ဤစိတ်လေ့ကျင့်ခန်းများကို အသေးစိတ် သိလိုပါက www.athithedi.comတွင် သွားရောက် လေ့လာနိုင်ပါသည်။

# University Foundation Program သင်တန်းခွဲသစ် ခေါ်ယူ

မင်းခန့်

YIUSနဲ့ ဩစတြေးလျ အခြေစိုက် Navitas တို့ ပူပေါင်း ဖွင့်လှစ်မည့် နိုင်ငံတကာ တက္ကသိုလ်များ အသိအမှတ်ပြု ထောက်ခံချက် University Foundation Program သင်တန်းခွဲအသစ်အား လာမည့် မေလ ၁၃ ရက်နေ့တွင် စတင် ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သိရပါသည်။ အဆိုပါ သင်တန်းတွင် စီးပွားရေးဆိုင်ရာ အထူးပြု သင်တန်း၊ အင်ဂျင်နီယာအထူးပြုသင်တန်း၊ သတင်းနှင့် နည်းပညာရပ်ဆိုင်ရာသင်တန်း၊ ကျန်းမာရေး သိပ္ပံအထူးပြု သင်တန်း ၊ သူနာပြုအတတ်ပညာဆိုင်ရာ အထူးပြုသင်တန်း၊ ပြည်သူ့ကျန်းမာရေးအတတ်ပညာဆိုင်ရာ အထူးပြုသင်တန်း၊ ဗိသုကာ ပညာရပ်ဆိုင်ရာ အထူးပြုသင်တန်း၊ ခရီးသွားလာရေးဆိုင်ရာ သင်တန်းများနှင့် ဆေးဖက်ဆိုင်ရာ သင်တန်းများအပြင် အခြားသော အထူးပြုသင်တန်းများကိုလည်း သင်ကြားတက်ရောက်နိုင်ကြောင်း သိရပါသည်။ နိုင်ငံခြားသို့ ပညာသင် သွားရောက်လိုသူများအတွက် ထောက်ခံချက်အပြင် အတွေ့အကြုံကောင်းများပါ ရရှိနိုင်မှာ ဖြစ်ပါသည်။ သင်တန်းတက်ရောက် လိုသူများ အနေဖြင့် အင်္ဂလိပ်စာ အရည်အချင်းစစ် စာမေးပွဲ ဖြေဆိုရမည်ဖြစ်ပြီး အောင်မြင်မှသာ သင်တန်း တက်ရောက်နိုင်မည် ဖြစ်ပါသည်။


ထို့အပြင် UFPမှ လက်ခံနိုင်မည့် အင်္ဂလိပ်စာ အရည်အချင်းဆိုင်ရာ ထောက်ခံချက် ရှိသူများ အနေဖြင့်လည်း တက်ရောက်နိုင်မည်ဖြစ်သည်။

အသေးစိတ် အချက်အလက်များအား ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်ရှိ MICT Park အဆောက်အဦ၊ အခန်း - ၄၊ အဆောင် - ၇တွင် ရှိသော YIUSရုံး၌ စုံစမ်းသိရှိနိုင်မည်ဖြစ်ပြီး၊ ဆက်သွယ် စုံစမ်းနိုင်သော ဖုန်းနံပါတ်များမှာ ၀၁-၆၅၂ ၃၁၁နှင့် ၆၅၂ ၂၉၇တို့ ဖြစ်ပါသည်။



Image Credit: www.fbcdn.net

CARTOON BY
စမ်းချောင်း
ကိုကိုအောင်



# အတွေ့အကြုံ မရှိသူအတွက် IELTS အစမ်းစာမေးပွဲကျင်းပမည်

IELTS စာမေးပွဲဖြေဆိုရန် ပြင်ဆင်နေသူများအတွက် ဗြိတိသျှ ကောင်စီ စာကြည့်တိုက်နှင့် စာမေးပွဲများဌာနတို့ ပူးပေါင်းပြီး IELTS စာမေးပွဲကို အခမဲ့ အစမ်းဖြေဆိုနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ IELTS Pre-test မေးခွန်းများကို Cambridge ESOL Exams မှ ပြုစုကာ ဖြေဆိုပြီးသောအခါတွင်လည်း Cambridgeတွင် အကဲဖြတ်ပြီး Result ထုတ်ပေးမည် ဖြစ်ပါသည်။ ဖြေဆိုရမည့် Componentများမှာ Academic Modulesမှ Listening၊ Readingနှင့် Writingတို့ဖြစ်ပြီး IELTS စာမေးပွဲ လုံးဝ ဖြေဆိုဘူးခြင်း မရှိသူများ။

အင်္ဂလိပ်စာ အရည်အချင်း အနည်းဆုံး Pre-intermediate Level ရှိထားသူများ၊ ဗြိတိသျှကောင်စီ စာကြည့်တိုက် အသင်းဝင်ဖြစ်သူများ (Member Card ယူဆောင်လာရမည်)၊ IELTS စာမေးပွဲများ ဖြေဆိုရန် ရည်ရွယ်ထားသူများ၊ ထိုအချက်များနှင့် ကိုက်ညီသည့် မည်သူမဆို စာကြည့်တိုက်တွင် ရုံးချိန်အတွင်း လာရောက် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ဖြေဆိုရန် ရည်ရွယ်ထားသူများအဖို့ မိမိ လက်ရှိ တက်ရောက်လျက်ရှိသော ဆရာ/ဆရာမမှ ထောက်ခံစာ (IELTS စာမေးပွဲ ဖြေဆိုမည်ဖြစ်ကြောင်း၊ IELTS ယခင်က ဖြေဆိုဘူးခြင်း မရှိကြောင်းနှင့် အင်္ဂလိပ်စာ အရည်အချင်း အနည်းဆုံး Pre-intermediate level အထက်ရှိကြောင်း) ယူဆောင်လာရမည်ကာ Pre-test စာမေးပွဲဖြေဆိုရန် စာရင်းပေးလိုပါက အာမခံငွေ ကျပ်တစ်သောင်း၊ ဗြိတိသျှကောင်စီ စာကြည့်တိုက် Member Cardနှင့် ဆရာ/ဆရာမ ထောက်ခံစာ ယူဆောင်လာ၍ ဖြေဆိုလိုသူကိုယ်တိုင် ဗြိတိသျှကောင်စီ စာကြည့်တိုက်သို့ လာရောက် စာရင်းပေးသွင်းနိုင်ပါသည်။

အာမခံငွေကို စာမေးပွဲဖြေဆိုရန်လာသောအခါတွင် ပြန်အမ်းပေးမည်ဖြစ်ပြီး၊ ဖြေဆိုရန် ပျက်ကွက်ပါက အာမခံငွေ ဆုံးရှုံးမည် ဖြစ်ကြောင်း၊ ဖြေဆိုရန်နေရာသို့ မှတ်ပုံတင် မူရင်း ယူဆောင်လာရမည်ဖြစ်ကြောင်း သိရသည်။

စာမေးပွဲကို မေလ ၁၂ရက် ဗြိတိသျှကောင်စီ စာကြည့်တိုက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။



# အင်္ဂလန် ပညာရေးဆိုင်ရာ သိကောင်းစရာများအကြောင်း ဟောပြောပွဲ ပြုလုပ်မည်

အင်္ဂလန် ပညာရေးအကြောင်း စိတ်ဝင်စားသော မြန်မာနိုင်ငံမှ ကျောင်းသူ ကျောင်းသားများအတွက်၊ အင်္ဂလန်တွင် ပညာသင်ခြင်းအကြောင်း သိကောင်းစရာများနှင့် University of West of England, Bristolတွင် လေ့လာ သင်ယူနိုင်သည့် ဘာသာရပ်များ အကြောင်းကို မေလ (၈)ရက် ၂၀၁၃တွင်၊ နံနက် ၉ နာရီ မှ နေ့လည် ၁၂ နာရီ အထိ ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ဗြိတိသျှ ကောင်စီ စာကြည့်တိုက်တွင် ကျင်းပ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပညာရေးဆွေးနွေးပွဲတွင် UWE ဘာသာရပ်များ အကြောင်းကို Mr. Phenix Waiမှ ၎င်း University Foundation အကြောင်းကို Ms Nanhiမှ လည်းကောင်း၊ ကျောင်းဝင်ခွင့် လျှောက်ထားခြင်းနှင့် အင်္ဂလန်ပညာရေး စနစ်နှင့် ဘာသာရပ်ဆိုင်ရာ ရွေးချယ်မှုများ အကြောင်းကို UK Education Certificate ရရှိထားသော CROWN Educationမှ ပညာရေး အတိုင်ပင်ခံ ဦးအောင်ကျော်ဆန်းမှ လည်းကောင်း ရှင်းလင်း တင်ပြ သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ABE, NCCနှင့် HND ဒီပလိုများ ကိုင်ဆောင်ထားသူများ အနေဖြင့် မိမိတို့ သင်ယူထားသည့် ဘာသာရပ် အသီးသီးအလိုက် Top Up ဒီဂရီပရိုဂရမ်များ၊ အလုပ်အတွေ့အကြုံမလိုပဲ တက်ရောက်နိုင်သည့် MBA ပရိုဂရမ်များ၊ MBBS ဒီဂရီ ရရှိထားသူများအတွက် ဆက်လက် တက်ရောက် နိုင်သည့် ဘွဲ့လွန်ဘာရပ်များအကြောင်းနှင့် မိမိတို့ ပညာရေး မှတ်တမ်းများ အလိုက်၊ တက်ရောက်ခွင့် ရရှိနိုင်မည့် အတန်းနှင့် ဘာသာရပ် ကင်းလွတ်ခွင့် များကိုပါ လေ့လာ သိရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

University of West of England (UWE), Bristolသည် ၁၅၉၅ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ကျောင်းပရဝဏ်လေးခုရှိကာ အနောက်တောင်အင်္ဂလန်၏ အကြီးဆုံးမြို့တော် Bristolတွင် တည်ရှိပြီး လန်ဒန်မှ မိနစ် (၉၀) ခန့် ကား (သို့မဟုတ်) ရထားဖြင့် ခရီးသွားအကွာဝေးတွင် တည်ရှိပါသည်။ နိုင်ငံပေါင်း ၁၄၀ ကျော်မှ ကျောင်းသား၊ ကျောင်းသူ ၃၀၀၀၀ကျော် လာရောက် ပညာ ဆည်းပူးလျက် ရှိပါသည်။

UWEသည် Business Partner, Industry Partnerများနှင့် ချိတ်ဆက်ထားခြင်းကြောင့် ကျောင်းသား၊ ကျောင်းသူများအတွက် အလုပ်အကိုင်အတွက် များစွာ အထောက်အကူပြုပြီး၊ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးမှုတွင် အင်္ဂလန်တက္ကသိုလ်များ အဆင့်(၁၁)တွင် ရပ်တည်နေသည်။ UWEတွင် တက်ရောက်သော ဘွဲ့ကြို၊ ဘွဲ့လွန်ကျောင်းသားပေါင်း (၄၀၀၀)ကျော်သည် Rolls Royce, BBC, HP, Motorola, AirBus, British Aerospace, Virgin, BMW Williams Formula One, PriceWaterCoopers, Jaquar Cars အစရှိသော industrial partnerများတွင် အလုပ်သင်အဖြစ် လုပ်ကိုင်နိုင်မည့် အခွင့်အရေးများ ရရှိမည်ဖြစ်ပါသည်။ Sandwich Year ပရိုဂရမ် အစီအစဉ် ပါရှိခြင်းကြောင့် ဒုတိယနှစ် ပြီးမြောက်သောသူများ အနေဖြင့် မိမိလုပ်ကိုင် လိုသောနယ်ပယ်တွင် လစာရအလုပ် တစ်နှစ် အစီအစဉ်ကို လုပ်ကိုင်ခွင့် ရရှိမည် ဖြစ်ပါသည်။

လူသီးရေ ကန့်သတ်ထားပါသဖြင့် ဆွေးနွေးပွဲ တက်ရောက်လိုသူများ အနေဖြင့် (အမည်၊ ဖုန်းနံပါတ် နှင့် အီးမေးလ်လိပ်စာ) စာရင်းပေးသွင်းပါရန်နှင့် ဟောပြောပွဲအစီအစဉ် အသေးစိတ်ကို သိရှိလိုပါက ဖုန်းနံပါတ် ဗြိတိသျှ ကောင်စီ၊ ၂၅၄၆၅၈၊ ၂၅၆၂၉၀ - ၁ လိုင်းခွဲ ၃၃၁၁ သို့ ဆက်သွယ်စုံစမ်းစာရင်း ပေးနိုင်ပါသည်။






အိုင်စီတီ ဂျာနယ်
Volume 2, Issue 16
MYANMAR ICT JOURNAL

# နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည် ပညာသင်ဆုနှင့် အားကစား ထူးချွန်ပညာသင်ဆုများ လျှောက်ထားနိုင်ကြောင်း

INTI International Universities and Collegesသည် Laureate International University (LIU)၏ အစိတ်အပိုင်း တစ်ခု ဖြစ်သည်။ LIUသည် အသိအမှတ်ပြု ကျောင်းခွဲ ၆၀ကျော်ကို အခြေခံသော ကမ္ဘာ့ကွန်ယက် တစ်ခုဖြစ်ပြီး ကမ္ဘာတစ်ဝှမ်းလုံးရှိ ကျောင်းသား ၆၇၅,၀၀၀ကျော်အတွက် Undergraduateနှင့် Graduate ဒီဂရီဘာသာရပ်များအား သင်ကြားပေးသော အဆင့်မြင့် ပညာရေးအတွက် အွန်လိုင်း ပညာရေးဌာနတစ်ခု ဖြစ်သည်။ INTIတွင် ပညာသင်ကြားနေသော ကျောင်းသားများ အပါအဝင် LIUမှ ကျောင်းသားများသည် အာရှ၊ ဥရောပ၊ လက်တင်အမေရိက၊ မြောက်အမေရိကများ ပါဝင်သော နိုင်ငံ ၂၉နိုင်ငံမှ နိုင်ငံတကာ ပညာရေး အဖွဲ့အစည်းတစ်ခု၏ အစိတ်အပိုင်းအဖြစ် ရပ်တည်နိုင်သည်။ ဤကဲ့သို့ ကျယ်ပြန့်သော ပညာရေးကွန်ယက်ကြောင့် Architecture, Act, Business, Culinary Arts, Design, Education, Engineering, Health Sciences, Hospitality, Information Technology, Law and Medicine ဘာသာရပ်များအတွက် Undergraduate, Masterနှင့် Doctoral Degree Programmesများအား အလုပ်အကိုင် အခွင့်အလမ်း အမျိုးအစားပေါင်း ၁၃၀ကျော်ကို ဦးတည်ပြီး သင်ကြားပေးနိုင်ပါသည်။

INTIတွင် ပညာသင်ကြားခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများ

အင်္ဂလန်၊ အမေရိကန်၊ ကနေဒါ၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံများရှိ ဂုဏ်သတင်း ကျော်စောသော တက္ကသိုလ်များနှင့် ပူးပေါင်း လုပ်ဆောင်ခြင်းကြောင့် နိုင်ငံတကာ အရည်အသွေးမီ ပညာရေးကို ရရှိနိုင်ခြင်း။

INTIတွင် ပညာသင်ယူပါက အင်္ဂလန်၊ အမေရိကန်၊ ကနေဒါ၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံများတွင် ပညာသင်ယူခြင်းထက် စရိတ် သုံးပုံတစ်ပုံသာ ကုန်ကျခြင်း။

INTIတွင် ပညာသင်ယူနေရင်း နိုင်ငံ ၇၀ကျော်မှ ကျောင်းသားများနှင့် နိုင်ငံတကာ မိတ်ဆွေ အပေါင်းအသင်းများ ရရှိနိုင်ခြင်း။

Academic Excellent- ဘာသာရပ်များသည် Problem-Based Learningနှင့် Project-Based Learning သင်ယူမှု ပုံစံများအား ချဉ်းကပ်သင်ကြားခြင်း။

ဦးဆောင်ဦးရွက်ပြုနေသော နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း လုပ်ဆောင်ခြင်းဖြင့် လက်တွေ့ လုပ်ဆောင်မှုများအား လုပ်ငန်းခွင်ဝင်ရန် အသင့်ဖြစ်စေခြင်း။

Semester Abroad Program (SAP)-INTIတွင် ကုန်ကျမည့် စရိတ်နှင့် နိုင်ငံတကာရှိ LIU ကျောင်းများတွင် Semester တစ်ခု သွားရောက် သင်ယူခွင့်ရှိခြင်း။

INTI International Sports X-Cellence Scholarship

ယခုပညာသင်ဆုကို လျှောက်ထားမည့် ကျောင်းသားများအတွက် လိုအပ်သော ပညာအရည်အချင်းများမှာ ပြည်နယ်နှင့်တိုင်း သို့မဟုတ် နိုင်ငံအဆင့်တွင် ဘောလုံး၊ ဘတ်စကက်ဘော၊ စားပွဲတင် တင်းနစ်၊ ရေကူးခြင်း၊ ဘော်လီဘော၊ တိုက်ကွမ်ဒို၊ ကြက်တောင်၊ ဖုဆယ်ဘောလုံး အစရှိသော နိုင်ငံတကာ ကစားနည်းများတွင် ကျွမ်းကျင်သော ကစားသမားများ ဖြစ်ရမည် ဖြစ်ပြီး ဘာသာရပ် တစ်ခုခြင်းစီအတွက် ဝင်ခွင့်သတ်မှတ် အရည်အချင်း ပြည့်မီရမည် ဖြစ်သည်။

နိုင်ငံ့အဆင့် ထူးချွန် အားကစားသမားများအတွက် RM 7000နှင့်အထက် ကျောင်းလခ ကင်းလွတ်ခွင့်ကို ပထမနှစ်အတွက် ပေးမည်ဖြစ်ပြီး ပြည်နယ်နှင့် တိုင်းအဆင့် ထူးချွန်အားကစားသမား ကျောင်းသားများအတွက် ပထမနှစ် ကျောင်းလခ ကင်းလွတ်ခွင့်မှာ RM 5000 ဖြစ်သည်။

INTI International University & Collegesမှ ဘွဲ့ရရှိသူများ၏ ၉၆ရာခိုင်နှုန်းသည် ခြောက်လအတွင်း အလုပ်ရရှိပြီး ၎င်းအလုပ် ရရှိသူများထဲမှ ၅၀ရာခိုင်နှုန်းသည် ဈေးကွက်အတွင်း ပျမ်းမျှရရှိသော လစာထက် ပိုများသော လစာ ရရှိကြသည်။

၂၀၁၂ခုနှစ်တွင် နောက်ဆုံးနှစ် ကျောင်းသား၊ ကျောင်းသူများ၏ ၁၅ရာခိုင်နှုန်းသည် နောက်ဆုံးနှစ် စာမေးပွဲ မပြီးခင်မှာပင် လုပ်ငန်းခွင်များမှ အလုပ်လာရောက် လုပ်ကိုင်ရန် ကမ်းလှမ်းခြင်း ခံရသည်။



INTI International College Penang (IICP)သည် Bukit Jambul ပညာရေးမြို့နယ်အတွင်း လှပသော ရေကန်ဘေးတွင် တည်ရှိသည်။ IICPအား ၁၉၉၄ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ပြည်နယ်အစိုးရ၏ ကျောထောက်နောက်ခံ အင်အားဖြင့် Penangမြို့အား ကမ္ဘာ့အဆင့်မီ ပညာရေးအတွက် အကောင်းဆုံး ဒေသဆိုင်ရာ ဗဟိုဌာနတစ်ခု ဖြစ်လာစေခဲ့သည်။

INTI ပညာရေး အဖွဲ့အစည်း၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်နှင့် အညီ IICPသည် အဖွဲ့အစည်း၏ ခံယူချက် တာဝန်ဖြစ်သော ကမ္ဘာ့အဆင့် အသက်မွေးဝမ်းကြောင်းသို့ အဓိကထား ပညာရေးအား ကျောင်းသားများ၏ ဉာဏ်ရည် ထက်မြက်သော၊ ယဉ်ကျေးသော၊ လူမှုရေး ရှုထောင့်အမြင်များရှိသော အရည်အချင်းများ ထက်မြက်လာစေဖို့ ထောက်ပံ့ ပေးထားပါသည်။

INTI International Collegeကို စိတ်ဝင်စား လျှောက်ထားလိုသော တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားများ အနေဖြင့် Foundationနှင့် Diplomaတန်းများအတွက် အင်္ဂလိပ်စာ အရည်အချင်း IELTS 5.0 (သို့) TOEFL 525 အနည်းဆုံး ရရှိထားရန် လိုသည်။ ကျောင်းလခအနေဖြင့် Foundationတန်းမှ Postgraduateတန်းအထိ မလေးရှားငွေ ရင်းဂစ် ၁၇၀၀၀ခန့်မှ ၃၉၀၀၀အထိ အသီးသီး ရှိသည်။ Myanmar Search International (MSI)၏ Managing Directorဒေါ်စုစုလှိုင်က "INTI International Collegeမှာဆိုရင် သူနဲ့ ချိတ်ဆက်ထားတဲ့ တခြား နိုင်ငံကြီးတွေမှာရှိတဲ့ ကျောင်းခွဲတွေကို မလေးရှားနိုင်ငံက INTI International Collegeက ကျောင်းလခအတိုင်း Semester တစ်ခုကို သွားပြီး တက်ရောက်လို့ရတဲ့ အခွင့်အရေးတွေလည်း ရှိလို့ နိုင်ငံတကာ ကျောင်းသားတွေအနေနဲ့ တခြားနိုင်ငံကြီးတွေမှာ ပညာသွားရောက်သင်ယူရတဲ့ အတွေ့အကြုံတွေလည်း ရနိုင်မှာ ဖြစ်တယ်။ အဲဒီလို သွားတက်ရတဲ့အခါ အဲဒီနိုင်ငံကြီးတွေက အသိပညာ ဗဟုသုတတွေ ယဉ်ကျေးမှုတွေနဲ့ ပညာသင်တဲ့စနစ်တွေ အစရှိတဲ့ ဗဟုသုတတွေကို စရိတ်သက်သက်သာသာနဲ့ လေ့လာနိုင်မှာ ဖြစ်တယ်"ဟု ပြောကြားသွားခဲ့သည်။ INTI International College၏ ကျောင်းဖွင့်ချိန်များမှာ ဘာသာရပ်အလိုက် ဇန်နဝါရီ၊ ဧပြီ၊ မေ၊ ဇူလိုင်၊ ဩဂုတ်နှင့် စက်တင်ဘာလ အသီးသီးဖြစ်ပြီး လျှောက်ထားလိုသော ကျောင်းသားများသည် Myanmar Search International (MSI)နိုင်ငံခြား ပညာရေး ဝန်ဆောင်မှု အမှတ် (၂၃၄)၊ ရွှေဘုံသာအလယ်လမ်း၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 01-250-929၊ 01-389-915၊ 09-510-3915တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။







# ကြိုးမဲ့ဆက်သွယ်ရေးစနစ်ရဲ့ ရှေ့ဆောင်လမ်းပြ သို့မဟုတ် Martin Copper

မင်းခန့်


Image Credit: www.libertaddigital.com

Wireless Communication ကို စတင်အသက်သွင်းခဲ့သူ Martin Cooper ကို ၁၉၂၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ရက်နေ့မှာ အမေရိကန်နိုင်ငံ၊ အီလီနွိုက်ပြည်နယ်၊ ချီကာဂိုမှာ ယူကရိန်းလူမျိုး မိဘနှစ်ပါးက မွေးဖွားခဲ့ပါတယ်။ ကြိုးမဲ့ဆက်သွယ်ရေးဆိုင်ရာ တီထွင်ဖန်တီးမှုပေါင်း ဆယ့်တစ်ခုကို လုပ်ဆောင်ခဲ့ပြီး ကျော်ကြားတဲ့ တီထွင်မှုကတော့ Radio Spectrum Managementပဲ ဖြစ်ပါတယ်။

၁၉၇၀ခုနှစ်မှာ Martinဟာ Motorolaကို ရောက်ရှိလာပြီး လက်ကိုင်တယ်လီဖုန်း တီထွင်မှုတွေကို စတင်ခဲ့တာ ဖြစ်ပါတယ်။ အဆိုပါ လက်ကိုင်တယ်လီဖုန်းဆိုတာ အဲဒီအချိန်က အသုံးပြုနေတဲ့ ကားဖုန်းတွေနဲ့ မတူပဲ စိတ်ကြိုက်သယ်ဆောင်သွားလို့ရမယ့် ဖုန်းမျိုး ဖြစ်ပါတယ်။ Martinဟာ ကြိုးမဲ့ လက်ကိုင်ဖုန်းကို တီထွင်အောင်မြင်ခဲ့ပြီး ဈေးကွက်တင်နိုင်အောင် လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း လက်ကိုင် တယ်လီဖုန်းကို လက်တွေ့ တီထွင်နိုင်သူနဲ့ သုံးစွဲနိုင်သည်အထိ လုပ်ဆောင်နိုင်ခဲ့တဲ့ ပထမဆုံး လူသားအဖြစ် သတ်မှတ်ထားကြပြီး Mobile တယ်လီဖုန်းတို့ရဲ့ ဖခင်လို့ သတ်မှတ်ထားတာ ဖြစ်ပါတယ်။

Martinရဲ့ ဇနီးဟာ Arlene Harris ဖြစ်ပြီး Martinနဲ့ စီးပွားဖက် လုပ်ကိုင်ရင်း လက်ထပ်ဖြစ်ခဲ့ကြတာပါ။ သူတို့နှစ်ယောက်ဟာ အောင်မြင်ကျော်ကြားတဲ့ ဆက်သွယ်ရေး ကုမ္ပဏီပေါင်းများစွာကို ပူးပေါင်း တည်ထောင်နိုင်ခဲ့ကြပါတယ်။ အနီးစပ်ဆုံးအနေနဲ့ ကယ်လီဖိုးနီးယားပြည်နယ်၊ ဒယ်မာမှာရှိတဲ့ Dyna LLCဟာ သူတို့နှစ်ယောက် တည်ထောင်ထားတာ ဖြစ်ပါတယ်။ ဒါ့အပြင် Martin ဟာ အမေရိကန်နိုင်ငံရဲ့ အရေးပါဆုံး အဖွဲ့အစည်း တစ်ခုဖြစ်တဲ့ Federal Communications Commissionနဲ့ Department of Commerce တို့မှာလည်း ပူးတွဲတာဝန်ယူ ဆောင်ရွက်လျက်ရှိပါတယ်။

Martinဟာ Illinois Institute of Technologyကနေ ၁၉၅၀ ခုနှစ်မှာ ဘွဲ့ရခဲ့ပါတယ်။ ဘွဲ့ရပြီးတဲ့နောက်ပိုင်း Martin တစ်ယောက် ကိုရီးယားစစ်ပွဲအတွင်း အမေရိကန်ရေတပ်မှာ Reserver အဖြစ် ဝင်ရောက်ထမ်းဆောင်ခဲ့ပါသေးတယ်။ ၁၉၅၇ ခုနှစ်မှာတော့ Martinဟာ Illinois Institute of Technology ကနေပဲ လျှပ်စစ်အင်ဂျင်နီယာ အထူးပြုနဲ့ Masterဘွဲ့ ထပ်မံရရှိခဲ့ပါတယ်။ ၂၀၀၄ အရောက်မှာတော့ IITက ချီးမြှင့်တဲ့ Honorary Doctorate Degreeကို ရရှိခဲ့ပြန်ပါတယ်။

၁၉၅၄ ခုနှစ်အရောက်မှာတော့ Martinတစ်ယောက် သူ့ရဲ့ ပထမဆုံး အလုပ်ရှင် Teledyne နဲ့ လမ်းခွဲပြီး Motorola နဲ့ ချိတ်ဆက် လုပ်ကိုင်ခဲ့ပါတယ်။ ပထမဆုံး အနေနဲ့ Senior Development Developer အဖြစ် တာဝန်ယူခဲ့ပြီး ဆယ်လူလာဖုန်းနဲ့ ဆင်တူတဲ့ ရဲတပ်ဖွဲ့သုံး လက်ကိုင်ရေဒီယို စကားပြောစက်ကို ၁၉၆၇ ခုနှစ်မှာ ချီကာဂို ရဲစခန်းအတွက် တီထွင်ပေးနိုင်ခဲ့ပါတယ်။

၁၉၇၀ ခုနှစ်အရောက်မှာတော့ Motorolaအတွက် ဆက်သွယ်ရေးစနစ်ဌာနခွဲကို သီးသန့်တည်ထောင်ပြီး တီထွင်မှုများ လုပ်ကိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ၁၉၇၃ ခုနှစ်အရောက်မှာ ပထမဆုံး သယ်ယူရလွယ်ကူတဲ့ ဆယ်လူလာဖုန်းကို မိတ်ဆက်နိုင်ခဲ့ပြီး ဆယ်နှစ်အတွင်း ဈေးကွက်တင်နိုင်မယ်လို့ အာမခံကြေညာခဲ့ပါတယ်။ ၁၉၃၀ ခုနှစ်ကတည်းက အမေရိကန်မှာ အရေးအတွက် ကန့်သတ်သုံးစွဲခွင့်ပြုထားတဲ့ ကားဖုန်းစနစ်ကို Martinက ကန့်ကွက် ရှုတ်ချခဲ့ပြီး လူထုအတွက် ဆယ်လူလာ ဖုန်းစနစ်ကို တီထွင်ခဲ့တာ ဖြစ်ပါတယ်။ ကားဖုန်းနဲ့ ပတ်သက်ပြီး စဦးတီထွင်သူတွေက ၁၉၄၇ ခုနှစ်မှာ Bell Labsက စတင် တီထွင်ထုတ်လုပ်ခဲ့တာ ဖြစ်ပါတယ်။ Bell Labs ရဲ့ စိတ်ကူးက အရေးအတွက် ကန့်သတ်ထားပြီး အလေးချိန် ပေါင် ၃၀ ဝန်းကျင်ရှိမယ့် ကားဖုန်းတွေ သုံးစွဲနိုင်ဖို့ ဖြစ်ပါတယ်။

Motorolaဟာ Martinကို အမှန်တကယ်ပဲ ယုံကြည်စိတ်ချတာကြောင့် Martin အတွက် တီထွင်ဖန်တီးမှုဆိုင်ရာ အသုံးစရိတ်ကို ၁၉၇၃ ခုနှစ်ကနေ ၁၉၉၃ ခုနှစ်အထိ ဒေါ်လာ သန်း ၁၀၀ ဖိုး ခွင့်ပြုပေးခဲ့ပါတယ်။ Martin ဟာ ဒီဇိုင်းအဖွဲ့နဲ့ ထုတ်ကုန်ပိုင်းအဖွဲ့တွေကို ဖွဲ့စည်းပြီး ရက်ပေါင်း ၉၀ အတွင်း ပထမဆုံး တယ်လီဖုန်း (Duna TAC 8000x) ကို တီထွင်နိုင်ခဲ့ပြီး အဲဒီဖုန်းဟာ အလေးချိန် ၂.၅ ပေါင်နဲ့ အရွယ်အစားက ၁၀ လက်မ အရှည်လောက် ရှိခဲ့ပါတယ်။ Martin ရဲ့ ပထမဆုံး တီထွင်မှုဖြစ်တဲ့ ဒီဖုန်းဟာ ဆယ်နာရီ အားသွင်းပြီးတိုင်း မိနစ်နှစ်ဆယ် စကားပြော ဆက်သွယ်နိုင်ခဲ့ပါတယ်။ ၁၉၈၃ ခုနှစ်အရောက်မှာတော့ တယ်လီဖုန်းရဲ့ အလေးချိန်ကို ထက်ဝက်ထိအောင် လျှော့ချ ထုတ်လုပ်နိုင်လာခဲ့ပါတယ်။

Martinရဲ့ တီထွင်မှုအပိုင်းနဲ့ စိတ်ကူးစိတ်သန်းများကို အဓိက သဘောကျနှစ်ခြိုက် ထောက်ခံပေးသူက Motorolaရဲ့ အုပ်ချုပ်သူ John F.Mitchell ဖြစ်ပါတယ်။ Mitchellရဲ့ အကူအညီနဲ့ပဲ Motorola နဲ့ Martinဟာ Federal Communication Commission(FCC)ရဲ့ ဆယ်လူလာ တယ်လီဖုန်းဆိုင်ရာ စမ်းသပ်၊ ထုတ်လုပ်၊ ရောင်းချခွင့် လိုင်စင်ကို Motorolaနဲ့ အပြိုင်ဖြစ်နေတဲ့ AT&T ဆီက ရရှိခဲ့ပါတယ်။

Martinဟာ Motorolaမှာ ၂၉ နှစ်ကြာအောင် တာဝန်ထမ်းဆောင်ခဲ့ပြီး Mobile Radio, Quartz Crystal, Oscillators, Liquid Crystal Display, Piezo-electric Components, Motorola A.M Stereo နည်းပညာနဲ့ အခြားသော Mobile တယ်လီဖုန်းနည်းပညာတွေကို ဦးဆောင် တီထွင်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်း Motorolaရဲ့ ဒုတိယ ဥက္ကဌရာထူးနဲ့ Research and Developmentဌာနရဲ့ ပူးတွဲ ဒါရိုက်တာ အဖြစ်ပါ တာဝန်ယူဆောင်ရွက်နိုင်ခဲ့ပါတယ်။

၁၉၈၃ ခုနှစ်အရောက်မှာ Martinဟာ Cellular Business Systems Inc(CBSI)ကို ပူတွဲတည်ထောင်ခဲ့ပြီး ဈေးကွက်ရဲ့ ၇၅ ရာခိုင်နှုန်းကို ရယူနိုင်ခဲ့ပါတယ်။ ၁၉၈၆ ခုနှစ်အရောက်မှာတော့ Martinဟာ CBSIကို Cincinnati Bell (ယခု Convergys)ဆီကို ဒေါ်လာ ၂၃ သန်းနဲ့ ပြန်လည်ရောင်းချခဲ့ပါတယ်။ ၁၉၈၆ ခုနှစ်မှာပဲ Martinတို့ လင်မယားဟာ Subscriber Computing Inc, Cellular Pay Phone Inc, SOS Wireless Communication and Accessible Wireless စတာတွေကို တည်ထောင်ခဲ့ပြီး နောက်ပိုင်း Dyna LLCကို တည်ထောင်ခဲ့ပါတယ်။ ၁၉၉၂ ခုနှစ်အရောက်မှာတော့ Martinဟာ Arraycommကို ပူးပေါင်း တည်ထောင်ခဲ့ပြီး Mobile Antenna ဆိုင်ရာ Softwareတွေကို တီထွင်ထုတ်လုပ်ခဲ့တာ ဖြစ်ပါတယ်။

Ref: www.wikipedia.com

'ဖုန်းတစ်လုံးရဲ့တန်ဖိုးထက် ပိုမပေးချင်ဘူးဆိုရင်'
"ပိုနေရမ်လာရောင်းပါ" "လိုနေရမ်ဖုန်း အသစ်စစ်စစ်နဲ့ လာလဲပေးပါ"
ဦးဒွေးအောင်
ဖုန်းအရောင်းဝယ်တာနှင့် ဆားဗစ်လုပ်ငန်း
- SAMSUNG Galaxy S, Galaxy S-II, Galaxy S-III, Galaxy Note,
- Galaxy Note-II ဖုန်းများ၏ LCD နှင့် Touch မှန်များ ချက်ချင်းလဲပေးခြင်း။
- HTC,HUAWEI ဖုန်းများ LCD နှင့် Touch မှန်များလဲပေးခြင်း။
- Sony,Nokia,I Phone 3G,3GS,4S,4GS,5S ဖုန်းများ၏ LCD နှင့် Touch မှန်များ လဲပေးခြင်း။ (body cover) ဖုန်းအခွံများ လဲပေးခြင်း။
- နိုင်ငံခြားမှယူလာသော Phone များကို Lot ဖြေပေးခြင်း(သို့) ဖြေလို့ရအောင် လုပ်ပေးခြင်း။
- Power မပွင့်ခြင်း၊ ပြောသောအသံ၊ နားထောင်သော အသံ မကြားရခြင်းများကို ရအောင်ပြုပြင်ပေးခြင်း။
- အင်တာနက်လိုင်း အမြန်းလျှောက်ပေးခြင်းနှင့် ကဒ်ပျက်၊ ကဒ်ပျောက် လျှောက်ပေးခြင်း။
- ဝိုင်နေသော (ANDROID) ဖုန်းများကို ဈေးကောင်းပေးပြန်ဝယ်ပေးခြင်း။
- မြန်မာဖောင့် ထည့်ပေးခြင်း၊ တားရှင်းမြှင့် ပေးခြင်း၊ ဆော့ဝဲ အမျိုးမျိုးရေးပေးခြင်း။
- ဖုန်းများပြုပြင်ရာတွင် အကြံအဖန်လုပ်ခြင်း၊ ပစ္စည်းများလဲယူခြင်း၊ မတုတ်မမှန် ပြောဆိုခြင်းများ(လုံးဝ)မလုပ်ပါ။

အမှတ်(၅၁)၊ ဗိုလ်ဆွန်ပက်လမ်း(အောက်ဘလောက်)၊ လမ်း(၃၀)နှင့်(၃၁)လမ်းကြား၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
09-73114727,09-5090739,09-73223316,09-421742652,09-420004096

# Australian Matriculation ဖြေဆိုလိုသူများအတွက်

မင်းခန့်

Australia, USA, UK, Canada, Newzeland, Singapore Top Universityများသို့ တိုက်ရိုက် တက်ရောက်ခွင့် ရနိုင်ရန်အတွက် သေချာသည့် လမ်းကြောင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ထားသူများ၊ IGCSE အောင်မြင်ထားသူများနှင့် Grade 11 ပညာရေး အောင်မြင် ထားသူများ လျှောက်ထားနိုင်ပါသည်။

သင်ယူရမည့် ကာလမှာ ၁နှစ်ခန့်ဖြစ်ပြီး စက်တင်ဘာလ အတွင်းမှသာ သင်တန်းစတင် တက်ရောက် ရမည်ဖြစ်ကာ လျှောက်လွှာများကိုတော့ လက်ခံနေပြီ ဖြစ်ပါသည်။ Australiaတွင် သွားတက်စရာ မလိုဘဲ ကုန်ကျစရိတ် သက်သာစွာဖြင့် မလေးရှားနိုင်ငံ Sunway Universityတွင် သင်ကြားနိုင်မည် ဖြစ်သောကြောင့် ကုန်ကျစရိတ် ပိုမိုသက်သာ နိုင်မည် ဖြစ်ပါသည်။

Australia နိုင်ငံတွင် သင်ကြားရသည့် Qualityနှင့် Sunway Universityတွင် သင်ကြားရသည့် Qualityချင်း အတူတူပင် ဖြစ်ပါ သည်။ အဘယ့်ကြောင့်ဆိုသော် Sunway University သည် Government Western Australia Curriculum Councilမှ တရားဝင် အသိအမှတ်ပြု ဖွင့်လှစ်ထားသည့် Ausmat Centreတစ်ခု ဖြစ်ပါသည်။

သင်ကြားရမည့် ပုံစံမှာ 50% School- Based Assessmentနှင့် 50% Examination ဖြစ်ပါသည်။ ယခုနှစ် September Intakeတွင် တက်ရောက် သင်ကြားလိုသည့် ကျောင်းသားတိုင်းအတွက် Sunway Universityမှ Bursary RM 2000စီ ချီးမြှင့်ပေးသွားမည် ဖြစ်ပါသည်။

လျှောက်ထားလိုသူများ အနေဖြင့် ယနေ့မှ စပြီး 2013 June 30 အတွင်း SR Education၌ လျှောက်ထားနိုင်ကြောင်း သိရှိရပါသည်။

အသေးစိတ် သိရှိလိုပါက SR Worldwide Education၊ ဖုန်း - 01 246-188, 387-022, 09-542-8848, 09-543-8848တို့သို့ ဆက်သွယ် စုံစမ်းမေးမြန်း နိုင်ပါသည်။

PROFIT Computer Training Centre 30 % Off

Practical A+ Special Course
- Desktop များသာမက Laptop များအကြောင်း အသေးစိတ် အချက်အလက်များအပြင် စနစ်တကျပြုပြင်တပ်ဆင်ခြင်း ၊
- Windows XP, 7, 8, Driver, Software, Game Installation,
- DOS command, Disk Management, Hard Disk Cloning, System Registry , Group Policy , Data Security , Data Backup & Recovery, System Backup & Recovery, Anti Virus System နှင့် အခြားသိသင့်သော system tools များ
- Networking ချိတ်ဆက်ခြင်းများအပြင် CCTV Camera များ တပ်ဆင် အသုံးပြုပုံများ ထည့်သွင်းသင်ကြားပေးပါသည်။
- ACER နှင့် MSI မှ Computer Technician များမှ Laptop များအကြောင်းကူညီပံ့ပိုး သင်ကြားပေးမည်ဖြစ်ပါသည်။

Graphic Design Course + Project
ကြော်ငြာဒီဇိုင်း၊ ဗီနိုင်း၊ ပြက္ခဒိန် မွေးနေ့ကတ်၊ Phamplet, Logo Design, Visiting Card , Wedding Card များဖန်တီးခြင်း၊ ဓါတ်ပုံအသစ်၊ အဟောင်းများပြုပြင်ခြင်း၊ ကုန်ပစ္စည်းထုတ်ပိုးမှု ဘူးခွံဒီဇိုင်းများ၊ စာအုပ်မျက်နှာဖုံးဒီဇိုင်း၊ CD Sticker Design, Voucher Design, Background Design ၊ လှပဆန်းပြားသော စာလုံးပုံရိပ်ဒီဇိုင်းများဖန်တီးခြင်း၊ Graphic Animation များ ဖန်တီးခြင်း၊ Layoutချခြင်း၊ စာအုပ်စာစောင်ဖွဲ့ခြင်း စသည်တို့ကို ပြုလုပ်နိုင်ရန် Trutorials ပေါင်းများစွာဖြင့် စနစ်တကျလေ့ကျင့် သင်ကြားပေးပါသည်။ကိုယ်တိုင် Projectများလေ့ကျင့်ပြုလုပ်ရမည်
*Adobe Photoshop CS5, Adobe Illustrator CS5, Adobe Indesign CS5*

*I-Office , DTP , Advanced Excel , Vedio Editing Course, Animation (2D+3D)Course*

16(D-5), ဦးထွန်းလင်းခြံလမ်း၊ သပြေညို (ဝ) လှည်းတန်း၊ ကမာရွတ်။ Phone:09-73084751, 09-420160229

အိုင်စီတီ ဂျာနယ်
Volume 2, Issue 16
MYANMAR ICT JOURNAL

# Samsung Galaxy S4

မင်းခန့်

Samsungကတော့ iPhone 5sထက် ဈေးကွက်ဦးအောင် Galaxy S4ကို ဖြန့်ချိလိုက်ပြီ ဖြစ်ပါတယ်။ အသုံးပြုသူတွေရဲ့ မှတ်ချက်တွေထဲမှာတော့ Galaxy S4ဟာ Displayအပိုင်းမှာ Apple Retinaကိုတောင် သာလွန်ကောင်းမွန်တယ်လို့ မှတ်ချက်တွေ ရရှိထားတော့ အချိန်တိုအတွင်းမှာ ဈေးကွက်အောင်မြင်မှုတွေ ရရှိနေပါတယ်။ Galaxy S4 ဈေးကွက်မှာ စတင်ဖြန့်ချိပြီး မကြာခင်မှာပဲ အခု ကျွန်တော်တို့ ဝယ်ယူနိုင်တဲ့အထိ ဈေးကွက် ဝင်ရောက် လာပြီဖြစ်တာကြောင့် Galaxy S4 အကြောင်းကို Detail ရေးသားပေးလိုက်ပါတယ်။




## General

အသုံးပြုနိုင်မယ့် Networkတွေက 2G စနစ်မှာ GSM အမျိုးအစား၊ 3Gစနစ်မှာ HSDPAနဲ့ 4G စနစ်မှာ LTE အမျိုးအစားတွေ ချိတ်ဆက် သုံးစွဲနိုင်ပါလိမ့်မယ်။ ထည့်သွင်း သုံးစွဲရမယ့် Sim အမျိုးအစားက Micro-Sim ဖြစ်ပြီး ဧပြီလ အလယ်ပိုင်းက ဈေးကွက်မှာ စတင် ဖြန့်ချိခဲ့တာ ဖြစ်ပါတယ်။

## Body

ကိုယ်ထည်ရဲ့ အရှည်က ၅.၃၈ လက်မရှိ မှာဖြစ်သလို၊ အကျယ်က ၂.၇၅ လက်မနဲ့ အထူက ဝ.၃၁ လက်မ ရှိပါလိမ့်မယ်။ အလေးချိန် စုစုပေါင်းက ၁၃ဝ ဂရမ်(၄.၅၉ အောင်စ)ပဲ ရှိမှာ ဖြစ်ပါတယ်။

## Display

Samsung S4မှာ အသုံးပြုထားတဲ့ Display အမျိုးအစားက Super AMOLED ဖြစ်ပြီး၊ Multi-touch စနစ်ကို သုံးစွဲနိုင်မည်ဖြစ်ကာ အရောင်ပေါင်း ၁၆ သန်းထိအောင် ပြသပေးနိုင်ပါလိမ့်မယ်။ Screen အရွယ်အစားက ၅ လက်မ အပြည့် ရှိမှာ ဖြစ်ပြီး 1080×1920 Pixelနှုန်းနဲ့ ပြသပေးပါလိမ့်မယ်။ ဒါ့အပြင် Screen Protectionကို အကောင်းဆုံး ဖြစ်စေဖို့အတွက် Corning Gorilla Glass 3ကို အသုံးပြုထားတာ တွေ့ရပါတယ်။

## Sound

စွမ်းဆောင်ပေးနိုင်မယ့် Alert အမျိုးအစားတွေက Vibration, MP3နဲ့ WAV အမျိုးအစား RingToneတွေကို အသုံးပြုနိုင်ပါလိမ့်မယ်။ Loudspeaker ပါဝင် တပ်ဆင်ထားတာ တွေ့ရပြီး HeadPhone အတွက် 3.5 မီလီမီတာ Jackလည်း ပါဝင်ပါလိမ့်မယ်။

## Data

GPRS စနစ် ထည့်သွင်းတပ်ဆင်ပါရှိမှာ ဖြစ်ပါတယ်။ HSDPA စနစ်မှာ မြန်နှုန်းက 42.2 Mbps ရှိမှာ ဖြစ်ပြီးတော့ HUSPA စနစ်မှာ အမြန်နှုန်း 5.76 Mbps ရှိပါလိမ့်မယ်။ Wi-Fi အတွက် 802.11 a/b/g/n/ac စနစ် ပါရှိပြီး DLNAနဲ့ Wi-Fi Direct၊ Wi-Fi Hotspotတွေပါ သုံးစွဲနိုင်မှာပါ။ Bluetooth လည်း သုံးစွဲနိုင်မှာ ဖြစ်ပြီး နောက်ဆုံးထွက် Version ဖြစ်တဲ့ V4.0ကို အသုံးပြုထားပါတယ်။ Infrared Port ပါဝင်တဲ့အပြင် microUSB V2.0နဲ့ USB On-the-go၊ USB Hostတွေ သုံးစွဲနိုင်ပါလိမ့်မယ်။

## Camera

ရုပ်သံတွေ ဖမ်းယူ ရိုက်ကူးနိုင်ဖို့အတွင် 13 Mega Pixelရှိတဲ့ ကင်မရာ ပါရှိမှာ ဖြစ်ပါတယ်။ Photoအတွက် Pixel နှုန်းက 4128×3096 ဖြစ်တဲ့အတွက် အကောင်းဆုံး ပါပဲ။ LED အမျိုးအစား Flash ပါရှိမှာ ဖြစ်လို့ စွမ်းအင်နည်းနည်းနဲ့ Night Scenceတွေကို အကောင်ဆုံး မှတ်တမ်းတင် ရိုက်ကူးနိုင်ပါလိမ့်မယ်။ ဒါ့အပြင် Auto Focus စနစ်ကိုလည်း သုံးစွဲနိုင်မှာ ဖြစ်လို့ သုံးစွဲရ အလွယ်ကူဆုံး ဖြစ်စေမှာပါ။ Dual Shot အဖြစ်နဲ့ရော HD အမျိုးအစား Videoတွေကိုလည်း တစ်ဆက်တည်း ရိုက်ကူးနိုင်မှာပါ။

Videoနဲ့ ပတ်သက်တဲ့ Resolutionက 1080 Pixel ဖြစ်ပြီး ပေ ၃ဝ အကွာအဝေးက ပုံရိပ်တွေ အထိအောင် အကောင်းဆုံး ရိုက်ကူးပေးနိုင် ပါလိမ့်မယ်။ Dual Video ဆိုင်ရာ Recordingလည်း အသုံးပြုနိုင် ပါဦးမယ်။ Secondary ကင်မရာက 2 Mega Pixelပဲရှိမှာ ဖြစ်ပြီး 1080 Pixel နှုန်းနဲ့ ပေ ၃ဝ အကွာအဝေးကို ရိုက်ကူးနိုင်ပါ လိမ့်မယ်။ သူ့ကိုတော့ Dual Video Call အတွက်လောက်သာ သုံးစွဲဖို့ သင့်တော်ပါလိမ့်မယ်။




## Features

အသုံးပြုထားတဲ့ Operating Systemက Android စနစ် v4.2.2 (Jelly Bean) ဖြစ်ပါတယ်။ Chipset အမျိုးအစားကတော့ Exynos 5 Octa 5410 ဖြစ်ပြီး Central Processing Unitက Quad-core 1.6 GHz Cortex –A15နဲ့ quad-core 1.2 GHz Cortex-A7 နှစ်မျိုး နှစ်စားဖြစ်လို့ ရွေးချယ်စရာတွေ ရှိပါတယ်။ GPU အပိုင်းကိုတော့ PowerVR SGX 544MP3ကို အသုံးပြုထားတာ တွေ့ရပါတယ်။

Sensor လုပ်နိုင်မှုအတွက် Function အတော်များများ ထည့်သွင်းထားတာ တွေ့ရပြီး ကဏ္ဍစုံအတွက် Sensitivity လုပ်ဆောင် ပေးနိုင်ပါလိမ့်မယ်။ ပါဝင်မယ့် Sensor Functionတွေက Accelerometer, Gyro, Proximity, Compass, Barometer, Temperature, Humidityနဲ့ Gestureတွေ ဖြစ်ပါတယ်။

Messaging အပိုင်းတွေမှာ SMS, MMS, Email, Push Mail, IMနဲ့ RSS စနစ်တွေ အသုံးပြုနိုင်မှာဖြစ်ပြီး Browser အမျိုးအစားက HTML 5 ဖြစ်ပါတယ်။ Radioကိုတော့ ဖမ်းယူနိုင်မှာ မဟုတ်လို့ အားနည်းချက် ရယ်လို့တော့ ဆိုနိုင်ပါတယ်။ GPS စနစ်ကို Support လုပ်ထားတဲ့ စနစ်တွေက A-GPSနဲ့ GLONASS တို့ ဖြစ်ပါတယ်။

## Other Features

ဈေးကွက် အပေါ်မှာ မှုတည်ပြီးတော့ Wireless Chargingတွေ လုပ်ဆောင်နိုင်မယ့် Chargerတွေ ရရှိနိုင်ပါလိမ့်မယ်။ Media အပိုင်းမှာ SmartStay, SmartPauseနဲ့ SmartScrollတွေလည်း သုံးစွဲနိုင်မှာပါ။ Mic အပိုင်းမှာ Noiseတွေ အလိုအလျောက် ဖယ်ရှားပေးမယ့် Systemလည်း ပါရှိပါသေးတယ်။ TV အတွက် Out လုပ်ပြီး သုံးစွဲနိုင်မှာ ဖြစ်သလို via MHL 2 A/Vမှတဆင့် သုံးစွဲရပါလိမ့်မယ်။

Media Playing အပိုင်းမှာ MP 4, Div X, XviD, WMV, H.264နဲ့ H.263စတဲ့ Media အမျိုးအစားတွေကို သုံးစွဲနိုင်မှာပါ။ Audio Playingအတွက် MP 3, WAV, eAAC+, AC3နဲ့ FLAC တွေကို Playing လုပ်နိုင်ပါလိမ့်မယ်။

Document Viewerများအဖြစ် Word, Excel, Power Pointနဲ့ PDF Viewerတွေ ထည့်သွင်းပေးထားတာ တွေ့ရပါတယ်။ Internet အသုံးပြုမှုတွေအတွက် Google Search, Maps, Gmail, YouTube, Calendar, Google Talkနဲ့ Picasaတွေ သုံးစွဲနိုင်ပါလိမ့်မယ်။

## Battery

အသုံးပြုထားတဲ့ Battery အမျိုးအစားက Li-ion 2600 mAh ဖြစ်တာကြောင့် အားသာချက် ဖြစ်စေပါတယ်။ Stand By အနေအထားမှာ နာရီပေါင်း ၃၇ဝ ခန့်အထိ သုံးစွဲနိုင်မှာ ဖြစ်သလို Talk Time အဖြစ်နဲ့ ၁၇ နာရီ ကြာအောင် သုံးစွဲနိုင်ပါလိမ့်မယ်။ တကယ်လို့ Music Playing အဖြစ် တစ်ဆက်တည်း အသုံးပြုမယ်ဆိုရင်တော့ ၆၂ နာရီကျော် ကြာအောင် သုံးစွဲနိုင်ပါလိမ့်မယ်။

## Price and Remarks

အနိမ့်ဆုံး ဈေးနှုန်းအဖြစ် ဒေါ်လာ ၂ဝဝ သတ်မှတ်ထားပြီး ဈေးကွက်ကိုတော့ Smasung Galaxy S4တစ်လုံးကို အမြင့်ဆုံး ဈေးနှုန်း ၆၈၉.၉၉ ဒေါ်လာနဲ့ ဖြန့်ချိထားတာ တွေ့ရပါတယ်။

ဈေးကွက်တင်ပြီး နောက်ပိုင်း သုံးစွဲသူများရဲ့ မှတ်ချက်တစ်ချို့ကိုတော့ တင်ပြ ပေးလိုက်ပါတယ်။ Popularity အပိုင်းမှာတော့ နေ့စဉ် လေ့လာသူ၊ ကြိုက်နှစ်သက်သူ၊ ဝယ်ယူသူတွေ ၉၆ ရာခိုင်နှုန်းအထိ ရှိနေပါတယ်။ Voting အပိုင်းမှာတော့ နှစ်ခြိုက်မှုများ အဖြစ် Design အပိုင်းမှာ Voting ရမှတ် ၆.၅မှတ်ပဲ ရရှိထားတာကြောင့် ဒီဇိုင်းအပိုင်းတော့ အောင်မြင်မှု များများစားစား မရပါဘူး။ Feature အပိုင်းနဲ့ Performanceအပိုင်းတွေမှာ ရမှတ် ၇.၄ မှတ်နဲ့ ၇.၅ မှတ်စီ ရရှိထားပြီး အောင်မြင်မှုတွေ ရရှိထားပါတယ်။

## History

Samsungဟာ Galaxy Seriesကို Samsung Galaxy အမည်ဖြင့် ၂ဝဝ၉ခုနှစ် ဇွန်လမှ စတင်ကာ ဈေးကွက်တွင် ဖြန့်ချိ ရောင်းချခဲ့တာ ဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ Samsung Galaxy Spicaကို ၂ဝဝ၉ခုနှစ် နိုဝင်ဘာလမှာ ဈေးကွက်တင်ခဲ့သလို Samsung Galaxy SII ကို ၂ဝ၁၁ ခုနှစ် မေလ၊ Samsung Galaxy SIII ကို ၂ဝ၁၂ခုနှစ် မေလနဲ့ ယခု နောက်ဆုံး Samsung Galaxy SIV ကို ၂ဝ၁၃ခုနှစ် ဧပြီလတွင် ဖြန့်ချိခဲ့တာ ဖြစ်ပြီး၊ Seriesရဲ့ နောက်ဆုံးထွက် Samsung Galaxy Core (GT-S8262) ကို လာမည့် မေလ အလယ်မှာ ဖြန့်ချိမှာ ဖြစ်ပါတယ်။

Ref: www.gsmarena.com

## Samsung Galaxy Tab 3 ကို မိတ်ဆက်


Image Credit: www.ilonggotechblog.com

မင်းခန့်

Samsungဟာ နောက်ဆုံးထုတ် ၇ လက်မ အရွယ် Galaxy Tab 2 အောင်မြင်မှုကြောင့် နောက်ထပ် Galaxy Tab 3ကို ဈေးကွက် တင်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့ပါတယ်။ Tab 3ဟာ ယခင် ထုတ်လုပ်ခဲ့တဲ့ Tab ပုံစံတွေ အတိုင်းသာ ထုတ်လုပ်သွားမှာ ဖြစ်ပြီး ထူးခြားမှုများအဖြစ် Capacitive Buttonနှင့် Samsung Home Buttonတွေကို ထည့်သွင်း တည်ဆောက် ထုတ်လုပ်သွားမှာ ဖြစ်ကြောင်း သိရပါတယ်။ ပစ္စည်းသစ်မှာ Jelly Bean 4.1ကို သုံးစွဲထားမှာ ဖြစ်ပြီး 4.2 Versionကို မသုံးစွဲထားခြင်းကြောင့် ထူးခြားမှု တစ်ခု ဖြစ်နေပါတယ်။ ဒါပေမဲ့ Jelly Beanဟာ Ice Cream Sandwich ထက်တော့ သာလွန်ကောင်းမွန်တာမို့ အပြစ်ပြောလို့ မရပါဘူး။ ၇ လက်မ အကျယ် Screenနဲ့ TFT စနစ်သုံးစွဲမှာ ဖြစ်ပြီး 1 GHz dual-core Processorကို သုံးစွဲထားမှာ ဖြစ်ကာ RAM အပိုင်းက 1GBတောင် ပါရှိပါလိမ့်မယ်။ Internal Memoryကို နှစ်မျိုး ထုတ်လုပ်သွားမှာ ဖြစ်ပြီး 8 GBနဲ့ 16 GB နှစ်မျိုး ခွဲခြား ထုတ်လုပ်သွားမှာပါ။ 64 GBအထိ Extended လုပ်နိုင်မှာလည်း ဖြစ်ကြောင်း သိရပါတယ်။ 3 Mega Pixel ရှိမယ့် ကင်မရာ နှစ်လုံး ပါဝင်တပ်ဆင် ပေးထားပါလိမ့်မယ်။ ဒါ့အပြင် Wi-Fiနဲ့ 3G Varientတွေကိုပါ သုံးစွဲနိုင်အောင် ဖန်တီးထားမယ်လို့ ဆိုပါတယ်။ အလေးချိန်က အရင်က Versionတွေထက် ပေါ့ပါးအောင် ဖန်တီးထားပြီး ၃၀၂ ဂရမ်ပဲ ရှိမှာ ဖြစ်ပါတယ်။ Tab 3ရဲ့ Wi-Fi စနစ်ကို မေလဆန်းပိုင်းမှာ ဖြန့်ချိသွားမှာ ဖြစ်ကြောင်းနှင့် 3G စနစ်ကိုတော့ ဇွန်လအတွင်း ဖြန့်ချိသွားမှာ ဖြစ်ကြောင်း သိရပါတယ်။

Ref: www.indiatimes.com

## iPhone အတွက် News360 အသစ် ထွက်ရှိ




Image Credit: www.appannie.com

လင်းထက်

News 360ဟာ သင့်အနေနဲ့ လူမှုရေးဆိုင်ရာ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကြိုက်နှစ်သက်မှုတွေ၊ ဒါမှမဟုတ် မနှစ်မြို့က်တာတွေ အတွက် မှတ်ချက်တွေ ပေးနိုင်မယ့် အပြင် Internet ပေါ်မှာ ရှိတဲ့ ဆက်စပ် ဆောင်းပါးအသစ်တွေ၊ Blog အသစ်တွေကို ရှာဖွေကြည့်ရှုနိုင်အောင် စွမ်းဆောင်ပေးနိုင်မှာ ဖြစ်ပါတယ်။ ယခင် ထွက်ရှိခဲ့တဲ့ Versionတွေထက် ပိုမို မြန်ဆန်ကောင်းမွန်တဲ့ စွမ်းဆောင်ရည်တွေ ပါဝင်အောင် ဖန်တီးထားတာ တွေ့ရပြီး သုံးစွဲသူတွေရဲ့ မှတ်ချက်ကောင်းတွေ ရရှိထားပါတယ်။ ဒါပေမဲ့ Download လုပ်တဲ့အခါမှာ Connection ကောင်းဖို့တော့ အထူးသတိပြုရမှာ ဖြစ်ပြီး ပြည့်စုံတဲ့ Download လုပ်နိုင်မှသာ သုံးစွဲရ အဆင်ပြေကြောင်း သိရပါတယ်။ Download Connection ညံ့ဖျင်းမှုကြောင့် Software အပြည့်အစုံကို ရယူနိုင်ခြင်း မရှိတာကြောင့် ကိုယ့် PCမှာ အသုံးပြုချိန်များတွင် Version အသစ်၏ စွမ်းဆောင်မှုကို မရရှိနိုင်ပဲ တစ်ခါတရံ Shortcut အဖြစ်နဲ့သာ Deskstopပေါ်တွင် ပေါ်နေတက်ကြောင်း သိရပါတယ်။ ယခု ထွက်ရှိလာတဲ့ Version အသစ်က 3.6.4 ဖြစ်ပြီး ဧပြီလ ၁၀ ရက်နေ့က Free Download လုပ်နိုင်ခဲ့တာ ဖြစ်ပါတယ်။ အရွယ်အစားက 13.1 MB ရှိပါတယ်။ အင်္ဂလိပ် ဘာသာသုံး စနစ်ဖြစ်ပြီး News 360 Ltd က တာဝန်ခံ ထုတ်လုပ်ဖြန့်ချိတာ ဖြစ်ကြောင်း သိရပါတယ်။ အသုံးပြုနိုင်မယ့် ပစ္စည်းတွေက iOS 5နဲ့ အဲဒီနောက်ပိုင်း ထွက်ရှိတဲ့ စနစ်တွေမှာ ထည့်သွင်း အသုံးပြုနိုင်မှာ ဖြစ်ပြီး iPhone၊ iPod Touchနဲ့ iPadတွေမှာ သုံးစွဲနိုင်မှာ ဖြစ်ကြောင်းလည်း သိရပါတယ်။

Ref: www.apple.com

## အင်္ဂလိပ်စကားပြောကို အခြေခံမှ စတင် လေ့လာနိုင်မည့် ဂက်ဘ်ဆိုက်

TZO




အင်္ဂလိပ်စကားပြောကို လေ့လာချင်သူများအတွက် အခြေခံမှ စတင်ပြီး လေ့လာနိုင်မည့် ဂက်ဘ်ဆိုက်တစ်ခု ဖြစ်ပါသည်။ အင်တာနက်ပေါ်တွင် အင်္ဂလိပ်စကားပြော လေ့လာနိုင်မည့် ဂက်ဘ်ဆိုက်များစွာ ရှိသည့်အနက် အခြေခံမှနေ၍ တစ်ဆင့်ချင်း သင်ယူနိုင်မည့် ဂက်ဘ်ဆိုက်တစ်ခု ဖြစ်ပါသည်။


ဤဂက်ဘ်ဆိုက်တွင် Lessonပေါင်း ၁၀၀ထည့်သွင်း ပေးထားပြီး သင်ခန်းစာ တစ်ခုချင်းစီ၏ အောက်တွင် စကားပြော လေ့ကျင့်ခန်းကို ထည့်သွင်းပေးထားပါသည်။ အသံဖိုင်ကို ပုံမှန်အသံနှင့် စကားလုံးကို သေချာစွာ နားထောင်လေ့ကျင့်နိုင်ရန် Slow Audioကိုပါ ထည့်သွင်းပေးထားပါသည်။ အသံဖိုင်များကို တစ်ခုချင်းစီ နားထောင်နိုင်မှာ ဖြစ်ပြီး၊ စာလုံးတစ်လုံးချင်းစီပေါ်မှာလည်း အသံကို တစ်ခုချင်းစီ အတိအကျ နားထောင်နိုင်မည် ဖြစ်ပါသည်။ သင်ခန်းစာတစ်ခုပြီးသည်နှင့် နောက်သင်ခန်းစာ တစ်ခုကို အလျင်အမြန် သွားနိုင်အောင် စီစဉ်ပေးထားပါသည်။

၎င်းဝက်ဘ်ဆိုက်သည် အသုံးပြုသူများ လွယ်ကူစွာနှင့် အသုံးပြုနိုင်ရန် ရိုးရှင်းသော ပုံစံများနှင့် ဖွဲ့စည်းပြင်ဆင်ထားခြင်းကို တွေ့မြင်ရမှာဖြစ်ပြီး သင်ခန်းစာ တစ်ခုချင်းစီအလိုက် စကားပြောလေ့ကျင့်ခန်း သင်ခန်းစာများ ပါဝင်သည်ကို တွေ့မြင်ရမှာ ဖြစ်ပါသည်။ Level 1 အဆင့်တွင် အမှတ်စဉ် ၁မှ ၃၄အထိ ပါဝင်ပြီး Level 1 အဆင့် စကားပြော လေ့ကျင့်ခန်းများ ရသွားပြီဆိုလျှင် Level 2ကို အမှတ်စဉ် ၃၅မှ ၆၈အထိ လေ့လာရမှာ ဖြစ်ပါသည်။

Level 3 အဆင့်ကို လေ့လာပြီးသွားပါက Level 3ကို အမှတ်စဉ် ၆၉မှ ၁၀၀အထိ အဆင့်အလိုက် လေ့လာသွားနိုင်မည် ဖြစ်ပါသည်။ အထက်ပါ သင်ခန်းစာများကို အဆင့်လိုက် လေ့ကျင့်ပြီးစီးပါက နေ့စဉ်သုံး အင်္ဂလိပ်စကားကို အဆင်ပြေစွာ ပြောဆိုနိုင်စေရန်အတွက် သင်ခန်းစာများ ပေးထားသည့်အပြင် သင်ခန်းစာအလိုက် အသံဖိုင်များဖြင့် နားထောင်နိုင်သောကြောင့် အသံထွက် မသိသော စာလုံးများကိုလည်း နားထောင်ပြီး လေ့ကျင့်နိုင်မှာ ဖြစ်ပါသည်။

ထို့ကြောင့် အင်္ဂလိပ်ဘာသာစကားကို အခြေခံမှ စတင်ကာ လေ့လာသင်ကြားချင်သူများအတွက် အသုံးဝင်နိုင်မည့် ပညာရေး ဝက်ဘ်ဆိုက်တစ်ခု ဖြစ်ပြီး http://www.englishspeak.comတွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

Advertisement



How-to

# Email Sendingတွေကို Undo ဘာကြောင့် မလုပ်နိုင်တာလဲ.. ဘယ်လိုလုပ်နိုင်မလဲ


မင်းခန့်


တစ်ခါတစ်လေမှာ ကျွန်တော်တို့တွေ Email ပို့တဲ့ အခါတွေမှာ လွဲမှားမှုတွေ ရှိတတ်ပါတယ်။ ဒါပေမယ့် အဲဒီလို လွဲမှားမှုတွေအတွက် Undo မလုပ်နိုင်တာကြောင့် အမှားတွေ ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့် Send ဆိုတဲ့ ခလုတ်ကို မနှိပ်သေးသည် အထိ သေချာအောင် စစ်ဆေးပြီးမှ Send သင့်ပါတယ်။

Emailဆိုတာ ကျွန်တော်တို့ Websiteမှာ Comment ပေးသလို ပြင်နိုင်၊ ဖျက်နိုင်တာတွေ လုပ်လို့မရပါဘူး။ ပို့ပြီးသား Emailဟာ Mail Serverဆီ ရောက်ရှိသွားပြီ ဖြစ်လို့ ကိုယ်လုပ်နိုင်တဲ့ Control Areaအောက်မှာ မရှိတော့ပါဘူး။ Microsoft Outlookကတော့ တချို့သော Emailတွေကို Recallလုပ်နိုင်အောင် လုပ်ဆောင်ပေးနိုင်ပါတယ်။ Gmailတွေမှာတော့ Undo Setting ပါဝင်တာ တွေ့နိုင်ပါတယ်။

Microsoft Outlookဟာ သင်မှားပြီး ပို့လိုက်တဲ့ Emailတွေကို အချိန်အတိုင်းအတာ တစ်ခုအတွင်း ပြန်ပြီး Recall လုပ်နိုင်အောင် ဒါမှမဟုတ် Retrace လုပ်နိုင်အောင် ကူညီပေးပါလိမ့်မယ်။ ဒါပေမဲ့ အဲဒီလို လုပ်နိုင်အောင် Microsoft Exchangeကိုလည်း ထားရှိ သုံးစွဲရပါလိမ့်မယ်။ ဒါပေမယ့် သူတို့တွေ Trace and Track လုပ်ပေးနိုင်မှုတွေက သင့် Exchange Sys လုပ်ထားတဲ့ အဝန်းအဝိုင်းထဲမှာပဲ သုံးစွဲနိုင်မှာပါ။

Outlook's Recall Featureရဲ့ လုပ်ဆောင်ချက်က သင်ပို့လိုက်တဲ့ Messageတွေကို တစ်ဖက်က Clientဆီ ရောက်သွားခဲ့ပြီဆိုရင် Deleteလုပ်ပေးဖို့ Message ပို့ပေးမှာ ဖြစ်ပြီး တစ်ဖက်က မဖတ်ရသေးရင်တော့ Deleteကို အလိုအလျောက် လုပ်ဆောင်ပေးမှာပါ။ (ပုံ-၁)





တကယ်လို့ တစ်ဖက်က သင့် Messageကို ဖတ်ပြီးပြီ ဆိုရင်တော့ သင့် Messageကို ပြန်ဖျက်နိုင်တော့မှာ မဟုတ်ပေမယ့် သင် ဖျက်ပစ်စေချင်တဲ့ အကြောင်းကိုတော့ သိသွားပါလိမ့်မယ်။ (ပုံ-၂)


အချို့သော Clientတွေဟာ သင် Message ပို့လိုက်တိုင်း တကယ်ပို့ချင်တာ ဟုတ်၊ မဟုတ်ကို Confirm တောင်းလေ့ ရှိပါတယ်။ ဒါကလည်း Emailနဲ့ ပတ်သက်တဲ့ အမှားတွေ မဖြစ်အောင် ထိန်းသိမ်းပေးမှု တစ်မျိုးပါ။ ဒီလို Confirm တောင်းတာက Emailကို Trace မလုပ်နိုင်ပေမဲ့ Delayတော့ ဖြစ်စေပါတယ်။

ဥပမာ အနေနဲ့ သင်ဟာ Gmail အသုံးပြုနေသူ တစ်ယောက်ဆိုပါစို့။ Gmail Settingထဲဝင်ပြီး Labsကနေတစ်ဆင့် Undo Send Featureကို လုပ်ထားမယ်ဆိုရင် သင့်ကို စက္ကန့်ပိုင်းလောက် အချိန်ဆွဲထားပေးနိုင်မှာ ဖြစ်ပြီး Undoက တစ်ဆင့်လည်း Email ပို့နေတာကို ရပ်တန့်နိုင်မှာပါ။




(ပုံ-၃) နောက်ထပ် Gmailရဲ့ အားသာချက်တစ်ခုက စက္ကန့်ပိုင်းလောက် အချိန်တွေကို Delay Timeအဖြစ် အချိန်ဆွဲထားပေးတာ ဖြစ်ပြီး သင့်စိတ်ပြောင်းလဲမှု ဖြစ်လာရင် ပြောင်းလဲနိုင်အောင် စောင့်ဆိုင်းနေတတ်ပါတယ်။

တကယ်လို့ တစ်ဖက်က Clientမှာလည်း ကိုယ်နဲ့ တူညီတဲ့ Featureမျိုး ရှိမယ်ဆိုရင် ပိုပြီး အဆင်ပြေပါတယ်။ ဥပမာ အနေနဲ့ Outlook Optionက Advanced အပိုင်းမှာ ရှိတဲ့ Send Immediately When Connected Optionကို Uncheck လုပ်ပြီး သုံးစွဲနိုင်မှာပါ။




(ပုံ-၄) ဒီလို လုပ်လိုက်တာကြောင့် Send Operation မလုပ်ခင် မိနစ်ပိုင်းလောက် အချိန်တွေရရှိမှာ ဖြစ်ပြီးတော့ Messageကို Undo လုပ်နိုင်အောင် ကူညီပေးပါလိမ့်မယ်။ နောက်ထပ် Send/Receive မလုပ်ခင် အချိန်အထိ သူက Trace လုပ်ငန်းကို ဆောင်ရွက်နေမှာပါ။


ဒါတွေက သင့်ရဲ့ Destination မှားတဲ့ Emailတွေနဲ့ Gmailတွေကို မှားမရောက်အောင် ကူညီပေးနိုင်မှာ ဖြစ်ပြီးတော့ Send ခလုတ်ကို နှိပ်မိပြီးနောက်ပိုင်း အကောင်းဆုံး အချိန်ဆွဲထားပေးနိုင်မယ့် နည်းလမ်းတွေ ဖြစ်ပါတယ်။ ဒါပေမယ့် အချိန်ဆွဲထားတာတောင်မှ စက္ကန့်ပိုင်းလောက် နောက်ကျသွားရင်တော့ ဘာမှ မတတ်နိုင်တော့ပါဘူး။

Ref: www.howtogeek.com

# Bluetooth ပို့တဲ့အခါ Device အချင်းချင်း မမြင်ရ မဖြစ်လေအောင်...

ရထား




ဖုန်းတစ်လုံးကနေ တခြား ဖုန်းတစ်လုံးကို သီချင်း ဒါမှမဟုတ် ဓာတ်ပုံ Data တစ်ခုခုကို Bluetooth စနစ်သုံးပြီး ပို့ဖူးကြပါလိမ့်မယ်။ ဒါတွေက ဖုန်း အသုံးပြုသူတွေ အတွက် ထူးဆန်းတာ မဟုတ်ပေမယ့် တစ်ခါတလေ Bluetooth ပို့တဲ့အခါ ပို့မယ့် Device အချင်းချင်း မတွေ့တာတွေ ဖြစ်တတ်ပါတယ်။ ဘယ်လို ဖုန်းတွေမှာ ဖြစ်တတ်သလဲဆိုရင် Modelတူ၊ Brandတူတဲ့ ဖုန်းတွေမှာ ဖြစ်လေ့ရှိပါတယ်။ ဘာကြောင့် ဖြစ်တာလဲဆိုရင် အကြောင်းအရာတွေ အမျိုးမျိုး ရှိမှာပေ့ါ။ ပို့မယ့် Device တစ်ခုကို ရှာနေရင်း မတွေ့တာနဲ့ အနီးမှာရှိတဲ့ Device တစ်ခုကို ရှာတွေ့တာတို့မျိုးပေ့ါ။ ဒီကိစ္စတွေ ဖြေရှင်းဖို့ဆိုတာ လွယ်ကူ ရိုးရှင်းပါတယ်။ သုံးနေကြလူတွေနဲ့ သိတဲ့လူတွေ အတွက်ပေ့ါ။ သုံးနေကြ လူတွေမှာလည်း Android Version ပြောင်းသွားတဲ့အခါ ဘယ်နေရာမှာ ဘာရှိလဲဆိုတာတွေကို မသိတော့ပဲ ကြောင်သွားတတ်ပါတယ်။ ဥပမာ - Android Vr 2.3.5မှာဆိုရင် Bluetooth Settingထဲမှာပဲ Visibility Timeoutတို့ Rename Phoneစတဲ့ Settingတွေ မြင်သာအောင် တစ်ခါတည်း ဖေါ်ပြထားပါတယ်။ Android Vr 4.0.4မှာတော့ အဲ့ဒီ Settingတွေ ဖျောက်ထားပါတယ်။

ဖျောက်ထားတယ်ဆိုတာ မပါတာတော့ မဟုတ်ပါဘူး။ အမြင် ရှင်းသွားအောင် ဖျောက်ထားတာပါ။ ဒါတွေ ဘယ်လို ပြန်ဖော်မလဲဆိုတဲ့ နေရာတော့ ရှိပါတယ်။ Visibility Timeout ဆိုတာ ဘာလဲဆိုရင် Bluetooth ပို့တဲ့အခါ ပို့မယ့် Deviceတွေကို ရှာမယ့်အချိန်ကို ကန့်သတ်ထားတဲ့ ပုံစံမျိုးပါ။ Visibility Timeoutကို Never ပြောင်းပေးလိုက်ရင် စောစောက ပြဿနာတွေ ပြေလည်သွားနိုင်ပါတယ်။ Android Vr 4.0.4မှာပါတဲ့ Visibility Timeoutကို တွေ့နိုင်ဖို့အတွက် Phone Setting>Bluetooth ထဲကိုသွားပြီး Menu Patternကို နှိပ်လိုက်ပါ။ ဒါဆိုရင် Visibility Timeout, Rename ဆိုတာကို တွေ့ပါလိမ့်မယ်။ Visibility Timeoutကိုနှိပ်ပြီး Never Time Outကို ရွေးပေးလိုက်ပါ။ Search For Devicesကို ပြန်ရှာလို့ မတွေ့သေးတဲ့ Deviceကို တွေ့ပါလိမ့်မယ်။ ဒါဆို Bluetooth ပို့မယ့် ဖုန်းတွေအချင်းချင်း တွေ့ပြီး အဆင်ပြေစွာ ပို့လို့ရပါပြီ။

Web Guide

## ဘီလ်ဂိတ် ဖောင်ဒေးရှင်း



**http://www.gatesfoundation.org**

ချမ်းသာကြွယ်ဝတဲ့ လုပ်ငန်းရှင်၊ လူသားတွေ ကောင်းကျိုးအတွက် လှူဒါန်း စွန့်ကြဲသူတစ်ယောက် ဖြစ်တဲ့အပြင် စာရေးဆရာလည်းဖြစ်၊ ကမ္ဘာကျော် မိုက်ခရိုဆော့ဖ် ကုမ္ပဏီရဲ့ Chairman ဖြစ်သူ ဘီလ်ဂိတ်နဲ့ ဇနီးတို့ တည်ထောင်ထားတဲ့ Foundation ဝက်ဘ်ဆိုက်ပါ။ "သက်ရှိတိုင်း၊ လူသားတိုင်း တူညီတဲ့ တန်ဖိုးတွေ ရှိပါတယ်"လို့ ဘီလ်က ဆိုပါတယ်။ ဒီဝက်ဘ်ဆိုက်မှာ Foundationနဲ့ ပတ်သက်တဲ့ ဘီလ်ရဲ့ ပြောကြားချက်တွေ၊ အစီရင်ခံစာတွေ၊ ငွေကြေး၊ စည်းမျဉ်း၊ ခေါင်းဆောင်မှု၊ အလုပ်အကိုင်၊ မီဒီယာနဲ့ မိန့်ခွန်းတွေကို ဖတ်ရှုရမှာ ဖြစ်ပြီး Global Development Program, Global Health Program စတဲ့ သူ့ရဲ့ မွန်မြတ်တဲ့ စီမံကိန်းတွေကို ဒေသအလိုက် ဖော်ပြပေးထားပါတယ်။ ပညာရေးအတွက် စကောလားရှစ် အစီအစဉ်တွေမှာလည်း လျှောက်ထားနိုင်မှာ ဖြစ်ပါတယ်။

## ကမ္ဘာ့သမိုင်း




**http://www.worldhistory.com**

ကမ္ဘာ့သမိုင်း ရာဇဝင်နဲ့ လူပုဂ္ဂိုလ်တွေအကြောင်း အသေးစိတ် ရှာဖွေဖတ်ရှုနိုင်မယ့် ဝက်ဘ်ဆိုက် ဖြစ်ပါတယ်။ နှစ်သက်ရာ ခုနှစ်သက္ကရာဇ်တစ်ခုခုကို ရိုက်ထည့်လိုက်ရုံနဲ့ ယင်းကာလအတွင်း ဖြစ်ပျက်မှုသမိုင်းနဲ့ ထင်ရှား ကျော်ကြားခဲ့တဲ့ သူတွေအကြောင်း ဖတ်ရှုရမှာ ဖြစ်တဲ့အတွက် သမိုင်းအကြောင်း စိတ်ဝင်စားသူတွေ ဝင်ရောက် လေ့လာသင့်တဲ့ ဝက်ဘ်ဆိုက်ပါ။ ဒါ့အပြင် ယင်းဝက်ဘ်ဆိုက်မှာ နိုင်ငံအသီးသီးရှိ မြို့နယ်အလိုက် ကြည့်ရှုနိုင်မယ့် မြေပုံကို ထည့်သွင်း ပေးထားတဲ့ အပြင် မိမိရဲ့ ကိုယ်ရေးရာဇဝင်၊ မိသားစုဝင် မျိုးရိုး၊ တည်နေရာ၊ ဗီဒီယို၊ ဓာတ်ပုံတွေကိုလည်း ထည့်သွင်း သိမ်းဆည်းထားနိုင်မှာ ဖြစ်ပါတယ်။

## အင်္ဂလိပ်စာ တိုးတက်ချင်ရင်



**http://www.examenglish.com**

အင်္ဂလိပ် ဘာသာစကားကို လေ့လာ သင်ကြားနေသူတွေ မိမိရဲ့ အရည်အချင်းနဲ့ ကျွမ်းကျင်မှုတွေကို အွန်လိုင်းပေါ်မှာတင် ထိရောက်စွာ စစ်ဆေးနိုင်မယ့် ဝက်ဘ်ဆိုက် ဖြစ်ပါတယ်။ အင်္ဂလိပ်စာ စာမေးပွဲ ဖြေဆိုလိုသူတွေအတွက် ရည်ရွယ်ထားခြင်း ဖြစ်ပြီး အရေးကြီးတဲ့ နိုင်ငံတကာ စာမေးပွဲတွေ ဖြစ်တဲ့ IELTS, TOEFL, TOEICတွေနဲ့ Cambridge ESOL Examတွေဖြစ်တဲ့ CAE, FCE, PET Examတွေ ဖြေဆိုနိုင်ဖို့ အခမဲ့ လေ့ကျင့် ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကိုယ့်အရည်အချင်း ကိုယ် မသိတဲ့သူတွေအတွက် Level Test စစ်ဆေးနိုင်မှာ ဖြစ်ပြီး စာမေးပွဲတွေအကြောင်း နှိုင်းယှဉ် လေ့လာချက်တွေကိုလည်း တင်ပြပေးထားတာ ဖြစ်လို့ အင်္ဂလိပ်စာ တိုးတက်မှု အခြေအနေ သိလိုသူတွေ၊ စာမေးပွဲ ဖြေမယ့်သူတွေ ဝင်ရောက် စမ်းသပ်နိုင်မှာ ဖြစ်ပါတယ်။

## မြန်မာအွန်လိုင်း အဘိဓာန်




**http://www.mmdictionary.com**

အင်္ဂလိပ် ဘာသာရပ်ကို လေ့လာရာမှာ အထောက်အကူ ပြုစေဖို့ မကြာမီကမှ လွှင့်တင်လိုက်တဲ့ ဝက်ဘ်ဆိုက်ပါ။ mmdictionary.com မှာဆိုရင် ဇော်ဂျီ သို့မဟုတ် မြန်မာယူနီကုဒ် နှစ်ခုစလုံးနှင့် အသုံးပြုရလွယ်ကူအောင် ပြုလုပ်ပေးထားပြီး အသုံးပြုသူများ ရှာဖွေရ လွယ်ကူစေရန် Suggestion Feature ကိုလည်း စီစဉ် ထည့်သွင်းပေးထားတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် အသုံးပြုသူ ကိုယ်တိုင် Edit Buttonကို နှိပ်ကာ ပါဝင် တည်းဖြတ် ဖြည့်စွက်နိုင်ပြီး အခမဲ့ သုံးစွဲနိုင်မယ့် Open Dictionary အမျိုးအစားလည်း ဖြစ်ပါတယ်။ ဒါတင်မက ဒီဝက်ဘ်ဆိုက်မှာ မည်သူမဆို မိမိ သိရှိထားတဲ့ အင်္ဂလိပ် စာလုံး အသစ်တွေ ထည့်သွင်းနိုင်သလို အင်္ဂလိပ်-မြန်မာ အဘိဓာန်ကိုလည်း အခမဲ့ ဒေါင်းလုပ် ဆွဲယူနိုင်မှာ ဖြစ်ပါတယ်။

## ဂျီမေးလ်ကို ဟက်မယ်




**http://howtohackgmailpasswords.com**

ကားမောင်းသူတိုင်း ကားပြင်တတ်ဖို့ မလိုပေမယ့် နည်းပညာနဲ့ မကင်းသူတိုင်း အချက်အလက် လုံခြုံရေးစနစ်ကို သိရှိထားသင့်ပါတယ်။ ဒီဝက်ဘ်ဆိုက်မှာ ဂျီမေးလ် စကားဝှက် ပျောက်ဆုံး၊ ခိုးယူခံရလို့ပဲ ဖြစ်ဖြစ်၊ သူများအကောင့်ကို အလွယ်တကူ ဝင်ထွက်ချင်လို့ပဲ ဖြစ်ဖြစ်၊ ဂျီမေးလ် စကားဝှက်နဲ့ အချက်အလက်တွေ ရှာဖွေဖို့ ကူညီပေးနိုင်မှာ ဖြစ်ပါတယ်။ ဂျီမေးလ် စကားဝှက်တွေ ပြန်လည် ရယူဖို့ရာ အခမဲ့ ပေးထားတဲ့ ဆော့ဖ်ဝဲကို ဒေါင်းလုပ် ဆွဲယူနိုင်မှာ ဖြစ်ပြီး စကားဝှက် ခိုးယူခံရနိုင်တဲ့ နည်းလမ်းတွေ၊ အချက်အလက်တွေ မလုံခြုံစေနိုင်တဲ့ အခြေအနေတွေ တင်ပြပေးထားပါတယ်။ ဒါ့အပြင် Facebook, Myspace, Hotmail, AOL, Twitter, Yahoo, Webcamတွေရဲ့ အားနည်းချက်ကို ရှာဖွေပေးနိုင်တဲ့ ဆော့ဖ်ဝဲတွေလည်း ရယူနိုင်မှာ ဖြစ်လို့ အွန်လိုင်း သုံးရင် သတိထားရမယ့် အချက်တွေပါပဲ။

## ဒေါင်းလုပ်ဆွဲကြည့်စရာ ဗီဒီယို




**http://www.metacafe.com**

ကမ္ဘာ့အကြီးဆုံး ဗီဒီယို Digital Entertainment ဝက်ဘ်ဆိုက်တွေထဲက တစ်ခု အပါအဝင် ဖြစ်ပါတယ်။ မူရင်း ဗီဒီယိုဖိုင်ရဲ့ အတိုချုံး ပြကွက်တွေကို တင်ဆက် ပေးထားပြီး လစဉ်လာရောက် ကြည့်ရှုသူ ဦးရေ သန်း၄၀ကျော် ရှိတယ်လို့ ဝက်ဘ်ဆိုက်က ဆိုပါတယ်။ လူကြိုက်အများဆုံး စာရင်းဝင် ဗီဒီယို ဖိုင်တွေကိုလည်း ကြည့်ရှု၊ ဒေါင်းလုပ်ဆွဲယူနိုင်မှာ ဖြစ်တဲ့အပြင် Art & Animation, Comedy, Cool Commercials, Entertainment, How to, Music & Dance, News & Event, People & Stories, Pets & Animals, Science & Tech, Sports, Travel & Outdoor, Video Game, Wheels & Wings စတဲ့ ဗီဒီယိုဖိုင် အမျိုးအစားတွေကို ရွေးချယ် ကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။ ဒါပေမယ့် Metacafeမှာ သင့်ရဲ့ ဗီဒီယိုဖိုင်တွေကိုတော့ Share & Host လုပ်လို့ ရမှာ မဟုတ်ပါဘူး။

APT တင်ဆက်သည်။

## Facebook Photo Downloader




ရဏား

Facebook အသုံးပြုသူတွေအတွက် အဆင်ပြေစေမယ့် Android apk တစ်ခုပါ။ ဖုန်းထဲမှာ Facebook apk ထည့်ပြီး Facebook သုံးတဲ့သူတွေမှာ အခက်အခဲ တစ်ခု ရှိပါတယ်။ အဲဒါက Facebookပေါ်မှာ တင်ထားတဲ့ ဓာတ်ပုံတွေကို စိတ်ကြိုက် Downloadယူပြီး၊ သိမ်းထားလို့ မရတာဖြစ်ပါတယ်။ Facebookပေါ်မှာ တင်ထားတဲ့ ဓာတ်ပုံတွေကို ကြိုက်လို့ သိမ်းထားချင်ရင် ဒီတိုင်း သိမ်းလို့မရပါဘူး။ အဲဒါတွေ အဆင်ပြေအောင် ဒီ apkလေးက ကူညီမှာပါ။ ကြားခံ Browser အဖြစ်နဲ့ ဆောင်ရွက်ပေးမယ့် apk လေးက Facebookနဲ့ သင့်ရဲ့စနစ်အကြားက ဘာသာပြန်လေးပါ။

Facebook Photo Downloader apkလေးက Facebook Accountနဲ့ Sign in ဝင်ပြီး ကိုယ်တင်ထားတဲ့ ပုံတွေရော၊ ကိုယ့်သူငယ်ချင်းတွေ တင်ထားတဲ့ ပုံတွေကိုပါ သိမ်းထားလို့ ရပါတယ်။ သုံးစွဲရ လွယ်ကူအောင် ပြုလုပ်ထားတဲ့အပြင် ရိုးရှင်းတဲ့ File Saving Typeနဲ့ ဖန်တီးထားတာ တွေ့ရပါတယ်။ ဒီ apk လေးက Facebook သုံးတဲ့သူတွေအတွက် တော်တော် အသုံးဝင်မှာပါ။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 16
MYANMAR ICT JOURNAL

# Googleက Apple Siriကို အဆင့်မြှင့်မည်

မင်းခန့်




Image Credit: www.ibtimes.com

Googleက Appleရဲ့ iPhoneနဲ့ iPadတွေမှာ သုံးစွဲနိုင်မယ့် Siri နည်းပညာအား အဆင့်မြှင့်နိုင်အောင် လုပ်ဆောင်သွားမည် ဖြစ်ပါသည်။ စဦးအနေဖြင့် Application အသစ်တစ်ခုအား Google Nowအဖြစ် ဧပြီလ ၃၀ ရက်နေ့က ဖြန့်ဝေလိုက်ပြီ ဖြစ်ပါသည်။ အဲဒီ Appသည် Siriနှင့် ဆင်တူသော လုပ်ဆောင်ချက်များအား လုပ်ဆောင်နိုင်မည် ဖြစ်ကြောင်း သိရပါသည်။ Google Nowဟာ များစွာသော SmartPhoneတွေနဲ့ Tabletတွေမှာ သုံးစွဲနေပြီ ဖြစ်သော်လည်း နောက်ဆုံးထုတ် Google Android Softwareတွေမှာတော့ Running လုပ်နိုင်ခြင်း မရှိကြောင်း သိရပါသည်။ Apple ထုတ်ပစ္စည်းတွေမှာ သုံးစွဲနိုင်ဖို့အတွက် အဆိုပါ နည်းပညာအား လွန်ခဲ့သော ကိုးလမှ စတင်၍ တီထွင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် Google Search Applicationအား Upgrade လုပ်နိုင်ရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်းလည်း ဖော်ပြထားပါသည်။ Apple's App Storeမှ တစ်ဆင့် ရယူနိုင်မဲ့ Google Nowသည် Google Search Appအား ဒီဇိုင်းအပိုင်း ပြန်လည် ပြုပြင်ထားခြင်း ဖြစ်ပါသည်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်း iPhoneသုံးစွဲသူပေါင်း သန်းနဲ့ချီပြီး ရှိလာပြီးနောက် Googleဟာ Mapping Application တစ်ခုကိုလည်း ဖြန့်ချိခဲ့ပြီး ယခင် သုံးစွဲနေသော Navigation Systemအား အစားထိုး နိုင်ရန် လုပ်ဆောင်ခဲ့ဖူးပါသည်။ Appleဟာ Googleနှင့် ဈေးကွက် ပြိုင်ဆိုင်မှုများတွင် Mobile Computing ဈေးကွက်အပိုင်းမှာ ရှုံးနိမ့်ထားပါသည်။ IDCရဲ့ စစ်တမ်းများအရ ပြီးခဲ့တဲ့နှစ်အတွင်း Android ပစ္စည်းတွေ၏ ဈေးကွက်နေရာ ရရှိမှုမှာ ၆၉ ရာခိုင်နှုန်းဖြစ်ပြီး iOS စနစ်တွေ၏ ဈေးကွက် ချုပ်ကိုင်နိုင်မှုမှာ ၁၉ ရာခိုင်နှုန်းသာ ရှိကြောင်းလည်း သိရပါသည်။

Ref: www.belfasttelegraph.co.uk

# Apple ရဲ့ Retina MacBook Pro ဟာ ဈေးနှုန်း မြင့်သေးသည်ဟုဆို

လင်းထက်



Image Credit: www.digitaltrends.com

Appleရဲ့ နောက်ဆုံးထုတ် Retina MacBook Pro တစ်လုံးကို လက်ရှိအချိန်မှာ ဒေါ်လာ ၁,၂၉၉ နှုန်းဖြင့် ဈေးဖြတ်ထားသော်လည်း ဈေးနှုန်းမြင့်မားလွန်းသေးသည်ဟု ဝေဖန်သူများက ပြောနေကြပါတယ်။ ဒါ့အပြင် ထုတ်လုပ်မှုအပိုင်းမှာလည်း ပြဿနာ တစ်ချို့ရှိနေကြောင်း အာရှအခြေစိုက် သတင်းများအရ သိရပါတယ်။ Digitimes သတင်းစာရဲ့ ဖော်ပြချက်များအရ ဈေးနှုန်း မြင့်မားနေခြင်းကြောင့် မှာယူသူ နည်းပါးနေခြင်းအတွက် Asiaမှ ပညာရှင်များက Appleကို ဈေးနှုန်းထပ်မံလျှော့ချဖို့ တွန်းအားပေးနေတယ်လို့ သိရပါတယ်။ ၁,၂၉၉ ဒေါ်လာဆိုတဲ့ ဈေးနှုန်းဟာ ယခင်က Appleမှ သတ်မှတ်ထားခဲ့တဲ့ ဈေးနှုန်းထက် ဒေါ်လာ ၄၀၀ လျှော့ချ ဈေးဖြတ်ထားခြင်းလည်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ် အောက်တိုဘာလအတွင်း Retina MacBook Proကို စတင်မိတ်ဆက်ခဲ့စဉ်က တစ်လုံးကို ဒေါ်လာ ၁,၆၉၉ ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ နောက်ပိုင်း ကန့်ကွက်ဝေဖန်မှုများနဲ့ ကြုံတွေ့ခဲ့ရတာကြောင့် ၁,၄၉၉ ဒေါ်လာ အဖြစ်ဈေးနှုန်း ပြောင်းလဲ သတ်မှတ်ခဲ့ခြင်းဖြစ်ပြီး ယခု အကြိမ်နှင့်ပါဆိုလျှင် ဈေးနှုန်းပြင်ဆင်ပြောင်းလဲခြင်းမှာ သုံးကြိမ်ရှိသွားပြီ ဖြစ်ပါတယ်။ Best Buyနဲ့ MacMall တွေရဲ့ အဆိုအရ နောက်ဆုံးထုတ် 128 GBရှိ MacBookဈေးနှုန်းများမှာ ၁,၄၉၉ ဒေါ်လာဝန်းကျင်သာရှိပြီး Appleထက် ဒေါ်လာ ၅၀ ခန့်သာ ပိုမိုနေကြောင်း သိရပါတယ်။ ဒါ့အပြင် Appleအနေနဲ့ ယခုအခါမှာ Googleရဲ့ Chromebook Pixelနဲ့ ဈေးကွက် ယှဉ်ပြိုင်နေရပြီး အဆိုပါ စနစ်မှာ Apple RMBထက် Pixel Densityပိုင်းသာလွန်နေကြောင်းနှင့် Touch Screenစနစ် သုံးစွဲနိုင်မည်ဖြစ်ကာ Internal Memoryမှာလည်း 4 GBပါရှိနေကြောင်း သိရပါတယ်။

Ref: www.cnet.com

# Samsung S4ရဲ့ Display အရည်အသွေးက Apple Retinaကို အမှီလိုက်နိုင်

မင်းခန့်




Image Credit: www.edge-online.com

ကမ္ဘာကျော် Samsung S4 ကို ဈေးကွက်တင်ပြီး နောက်ပိုင်း သုံးစွဲသူများရဲ့ ထောက်ခံချက် အပြည့်အဝ ရရှိမှုနဲ့ အတူ ကုမ္ပဏီရဲ့ အကြိမ်ကြိမ် စမ်းသပ် စစ်ဆေးမှုများ လုပ်ဆောင်ပြီး ယခုအခါ Display အပိုင်းမှာ နည်းပညာ အကောင်းဆုံး အဖြစ် လက်ခံထားကြတဲ့ Appleရဲ့ Retina Display နည်းပညာကို စိန်ခေါ်လိုက်ပြီ ဖြစ်ပါတယ်။ Samsung S4နဲ့ iPhone 5sအကြား ပြုလုပ်တဲ့ ဆွေးနွေးမှု တစ်ခုရဲ့ ဖော်ပြချက်များမှာ iPhone 5sရဲ့ တောက်ပမှုမှာ Galaxy S4ထက် သာလွန်ကြောင်း၊ ဒါ့အပြင် Color Calibrationလည်း ပိုမို ကောင်းမွန်ကြောင်း၊ သို့သော်လည်း အဖြူရောင်သက်သက် ထုတ်လွှတ်နိုင်မှုမှာ Galaxy S4က သာလွန်ကောင်းမွန်ကြောင်းနှင့် Screenလည်း ပိုမိုကြီးမားကာ Resolution မြင့်မားမှု၊ PPI မြင့်မားမှု၊ အနက်ရောင် တည်ငြိမ်မှုနဲ့ Screen တပြေးညီမှုတွေမှာ iPhone 5sထက် သာလွန်ကြောင်း သိရပါတယ်။ Samsung အသုံးပြုတဲ့ OLED Dispay စနစ်ကြောင့် အရောင် ပြန့်ဝေမှု တည်ငြိမ်ခြင်း၊ အထူးသဖြင့် အစိမ်းရောင် ပြန့်ဝေမှု ကောင်းမွန်ခြင်းများ ဖြစ်ပါတယ်။ ဒါ့အပြင် S4 ရဲ့ စွမ်းအင် အသုံးပြုမှုမှာ S3 ထက် ၂၅ ရာခိုင်နှုန်း လျော့နည်းကြောင်းလည်း သိရပါတယ်။ နောက်ဆုံးတစ်ချက် အဖြစ် ဈေးနှုန်းပိုင်း နှိုင်းယှဉ်မှုများ လုပ်ဆောင်သွားပြီး iPhoneတို့ရဲ့ ဈေးနှုန်းမြင့်မားမှုကို ဝေဖန်သူများခဲ့ကြောင်း သိရပါတယ်။

Ref: www.forbes.com

# Nokiaမှ Lumia မော်ဒယ်သစ်များအား မေလ အတွင်း မိတ်ဆက်မည်

လင်းထက်




Image Credit: www.smartphonesjudge.com

Nokiaမှ မော်ဒယ်သစ် ပစ္စည်းများအဖြစ် ဈေးကွက်တင်မည့် Lumia Seriesဝင် ပစ္စည်းများအား လာမည့် မေလအတွင်း စမ်းသပ် မိတ်ဆက်သွားမည်ဖြစ်ကြောင်း သိရပါသည်။ လာမည့် မေလ ၁၄ရက်နေ့တွက် လန်ဒန်မြို့မှာ ပြုလုပ်မည့် Lumia အကြောင်း မိတ်ဆက်ပွဲတွင် ထည့်သွင်း မိတ်ဆက်သွားမည် ဖြစ်ကြောင်း သိရပါသည်။ မနက် ၁၀ နာရီမှ ညနေ ၄ နာရီထိအောင် ပြုလုပ်မည့် အဆိုပါပွဲမှာ Lumiaများ အကြောင်း မိတ်ဆက်ရုံ သက်သက်ထက် ပိုနိုင်ကြောင်း ခန့်မှန်းသူ တချို့မှ ပြောပါသည်။ အခမ်းအနားတွင် Lumia သမိုင်းအကြောင်းများနှင့် ထပ်မံထုတ်လုပ်သွား မည့် Lumiaများအကြောင်း ရှင်းလင်းသွားမှာဖြစ်ကြောင်း သိရပါသည်။ Catwalk ဖုန်းအသစ်နှင့် ပတ်သက်သော သတင်းများကိုလည်း အတည်ပြု ထုတ်ပြန်သွားမည် ဖြစ်ပါသည်။ Catwalk ဖုန်းအသစ်မှာ Aluminium ကိုယ်ထည်နှင့် Window 8 စနစ်သုံး ဖုန်းအမျိုးအစားသစ် ဖြစ်ပါသည်။ ယခုလက်ရှိ ဈေးကွက်၌ Lumia 920၏ နေရာတွင် အစားထိုး ထုတ်လုပ်နိုင်ရန် မျှော်မှန်းထားကြောင်းလည်း သိရပါသည်။ Catwalkနှင့် ပတ်သက်ပြီး ယခုအချိန်အထိ Nokiaမှ Featureနှင့် Specificationများအား အတည်ပြု ကြေငြာခြင်း မရှိသေးပဲ မေလ ၁၄ ရက် နေ့ပွဲတွင် ကြေညာသွားနိုင်ကြောင်းနှင့် သတင်းထောက် အများစုအား ဖိတ်ကြားထားကြောင်းတို့ သိရှိရပါသည်။

Ref: www.indiatimes.com

# တရုတ်တွင် Sina Weibo,Facebookနဲ့ Twitterသုံးစွဲသူဦးရေ ညီမျှ Alibabaမှ ၅၈၆ သန်းဖိုး မြှုပ်နှံ

လင်းထက်

